www.burmeseclassic.com

# ကိုပိုက်

အလိုမြကြီး ဒိုဇာ ဟောင်သီးဘူရှိုး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၇၇၅၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်- ၅၀၀၈၉၄၀၈၀၇

အကြိမ် - ပထမအကြိမ်

၂၀၀၇-ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးဝင်းဖေ (မြ-၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (၁၁)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်


# ကိုပိုက်

## အလိုမကြီး အိုဇာ မောင်သိန်း ဒူးရှိုး




www.burmeseclassic.com

www.burmeseclassic.com



မွေးမေ၊ မွေးဖေ၊


ဘရသေ့၊

ပြီးတော့.....

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား

ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကွိစ် ကွိစ် ကွိစ် ကွိစ်"

"ကွိစ် ကွိစ် ကွိစ်"

သို့နှယ်အော်ဟစ်ရင်း တောဝက်ကောင်သည် ချုံနွယ်ပင်တို့ကြား ပြေးလွှားသွားချေ၏။ ကောင်လုံးကိုတော့ဖြင့် မမြင်ရချေ။ သို့ပြေးလွှားသွားခြင်းသည် ကြောက်လန့်တကြား ဖြစ်ချေ၏။ တောဝက်ကောင်နောက် အတော်လှမ်းလှမ်းမှ လူသားနှစ်ယောက်သည်လည်း ပြေးလွှားလိုက်လေကြ၏။

"ကြည့်တော့သာ ထုံထိုင်းအိပက်လို့ထင်ရတယ်၊ အပြေးသန်ပါလား။ သည်ကောင် ဘယ်လောက်ပြေးပြေး မောလျှင်ဖြင့်တော့ တစ်နေရာမယ် ဝင်ခိုနေပါလိမ့်မယ်၊ မျက်ခြည်မပြတ် သာကြည့်နေပါ"

သို့ဆိုသလို ပြောရင်း မရပ်မနား ပြေးလိုက်သွားသည့် လူသားနှစ်ယောက်သည် တောမုဆိုးများဖြစ်ကြ၏။ သူတို့လက်တွင်မတော့ အရိုးရှည်လှံတံတစ်ချောင်းစီ ရှိလေသည်။ လှံသွားသည် မြည့်နေသည်ဆိုပေမင့် အညိုရောင်သမ်းနေ၏။ သားကောင်တို့၏ သွေးတို့ စွန်းထင်းမှုများကြောင့်ဖြစ်ချေ၏။ သူတို့တွင် လှံတစ်ချောင်းစီအပြင် ဝါးခုတ်ဓားထည့်လောက်သည့် ဝါးပလိုင်းရှည်တစ်လုံးစီလည်း ပါချေ၏။ သူတို့၏ ပုံပန်းသဏ္ဍာန်သည် လူယဉ်ကျေးတို့



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ရိုင်းသည်ထင်ရလောက်၏။ အသားတွေက မွဲခြောက်ခြောက် ဆိုပေမင့် ဖုထစ် ကြွက်သားစိုင်တို့သည် သူ့ဝ်နေရာနှင့်သူ ရှိချေ၏။ ကျွန်းမှာ သန့်စွမ်းသော လူသားတို့ဖြစ်ချေ၏။ ကိုယ်လုံးတီး လိုပြောရလောက်သည့် အရှက်လုံရုံမျှ နံငယ်ပိုင်လေးသာ ခါးတွင် ဆင်ယင်စည်းနှောင်ထားခြင်း ရှိ၏။ တစ်ယောက်သောသူသည် ဦးပြည်းခေါင်းတုံးနှင့်ဖြစ်ပြီး ကျန်တစ်ယောက်သည် ခါးလယ်လောက်ထိ ဆံပင်ရှည်လေ၏။ စည်းနှောင်ထားခြင်းမရှိ။ သို့ပြီး နဖူးမှနေ၍ တစ်လက်မခန့်ဖျက်ရှိသည့် ကြိုးပြားလေးဖြင့် ထိန်းချုပ်စည်းနှောင်ထားချေ၏။ ကိုယ်စီ လည်ပင်းတွင်မတော့ တောဝက်စွယ်ကို ကြိုးဖြင့်ဖောက်ချည်ဆွဲထားကြ၏။ လက်ကောက်ဝတ် နှစ်ဖက်စီတွင်လည်း ကြိုးစဖြင့် ချည်နှောင်ထားချေ၏။

တောဝက်ကောင် အပြေးမြန်သလောက် သူတို့သည်လည်း အပြေးမြန်ကြချေ၏။

သို့ဖြင့် တောဝက်ကောင်သည် သူ၏အသက်ကို လုပြေးနေရာမှ မောပန်းလာသည်ဟု ထင်ရချေ၏။ ခြေလှမ်းတို့ နှေးကွေးလာ၏။ ဒယီးဒယိုင် ဖြစ်လာချေ၏။

"ဟာ... ဟိုမယ်... လဲပြီကွ"

တစ်ယောက်သောသူက အားတက်သရော ပြောလိုက်၏။ ထိုလူသားတို့သည် အမောလုံးကြပုံရ၏။

မောပန်းနွမ်းနယ်ခြင်း မရှိ။ ထိုတောဝက်ကောင်နား ရောက်သွားကြတော့၏။ တောဝက်ကောင်သည် သူကြုံရမည့်အန္တရာယ်ကို သိလိုက်လေသည်ကြောင့် လဲနေရာမှ ကုန်းရုန်းထလိုက်သည်တွင်...

"စွပ်"

"ကွိစ်"

"စွပ်...စွပ်"



www.burmeseclassic.com

www.burmeseclassic.com



"ကွိစ်လ်"

တစ်ယောက်သောသူက တောဝက်ကောင်၏ ရှေ့လက်ပြင်ကို လှံဖြင့် ထိုးစိုက်လိုက်၏။ ကျန်တစ်ယောက်သည်လည်း တောဝက်ကောင်၏ နှလုံးသားရှိလောက်သည့်နေရာသို့ ထိုးသွင်းလိုက်ပြန်၏။ ဖိထိုးထားလိုက်၏။ တောဝက်ကောင် ရုန်းကန်နေလေ၏။ သို့ပေမင့် မကြာလိုက်သော အချိန်ကလေးတွင် ငြိမ်သက်သွားတော့၏။

သွေးတို့ ဖြာထွက်လာကြ၏။

လူသားနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးပြလိုက်ကြ၏။ ညာလက်ဖဝါးချင်း ရိုက်လိုက်ကြ၏။

"ဖြန်း"

သည့်နောက် တောဝက်ကောင်၏ အစွယ်ကားကားနှစ်ချောင်းကို လှီးဖြတ် ကော်ထုတ်လိုက်၏။ ပြတ်သွားသော ဝက်စွယ်တို့ အရင်းပိုင်းတွင် သွေးတို့ ပေကျံနေပေမင့် သူတို့သည် တစ်ယောက်တစ်ချောင်းစီ ခွဲဝေယူလိုက်ကြပြီး ခါးထည့်သည့် အလိုင်းတွင် တယုတယ ထည့်လိုက်ကြတော့၏။

"သည်ကောင်ကို ထမ်းဖို့ ဝါးလုံးတစ်လုံး သွားခုတ်ချဦးမယ်"

သို့နှုယ် ဆံရှည်လူသားက ပြောပြီး နေရာမှထွက်သွားလေ၏။ ဦးပြည်းခေါင်းတုံးနှင့် လူသားသည် တောဝက်ကောင်ကို ဖင်ခုထိုင်ထိုက်လေပြီး ကွမ်းတစ်ယာကိုထုတ် ပါးစပ်တွင်း ပစ်ထည့်ဝါးနေထိုက်တော့၏။

ဆံရှည်လူသားသည် ထိုနေရာနှင့် အတန်ငယ်ဝေးသော နေရာလောက်တွင်မှ မျှင်ဝါးတော ရှိလေခြင်းကြောင့် ထိုနေရာအထိတိုင် ဝါးသွားခုတ်ရလေခြင်း ဖြစ်၏။ လေးပေခန့် အရှည်



www.burmeseclassic.com

www.burmeseclassic.com



မှိုင်ဝါးတစ်လုံးကို ခုတ်၍ ကပျာကသီ ပြန်ခဲ့ချေတော့၏။ သူတို့အတွက် ရွာပြန်ရန် အချိန်နည်းနေပြီ မဟုတ်ပါကလား။

သို့ဖြင့် ဆံရှည်လူသားသည် တောဝက်ကောင်သေ နေရာသို့ ပြန်ရောက်လေသည်တွင် လွန်မင်းစွာ ထိတ်လန့်သွားလေတော့၏။

"ဘယ်လိုဖြစ်တာလဲကွာ"

တောဝက်ကောင်နားတွင် သွေးသံရဲရဲဖြင့် လဲကျနေသော အဖော်ဖြစ်သူထံ ပြေးလွှားပွေ့ထူရင်း ပြောလိုက်၏။

သူမေးသည်ကို အဖော်က ဖြေနိုင်စွမ်း မရှိပါတော့ချေ။ ဦးခေါင်းတွင် ရလိုက်သော ဒဏ်ရာဒဏ်ချက်ကြောင့် လွန်မင်းစွာ နာကျင်နေသည့်ကြားမှ စကားတစ်ခွန်းကို တိုးညှင်းစွာ ပြောသွားချေတော့၏။ မနည်းအားစိုက်၍ ပြောရခြင်းကြောင့် လေလားမသိ လေသံသဲ့သဲ့သာလျှင် ထွက်လာချေ၏။

"ဟင်း...တောက်"

ဆံရှည်လူကား သဲ့သဲ့ကြားလိုက်ရသော အသံကြောင့် တအံ့တသြဖြင့် ပြင်းထန်စွာ တောက်တစ်ချက် ခေါက်လိုက်လေ၏။

အဖော်ဖြစ်သူ ဦးပြည်းခေါင်းတုံးနှင့် လူသားသည်လည်း တောဝက်ကောင်သေနားတွင် အသက်ပျောက်သွားရတော့၏။

ဆံရှည်လူသားသည် ရှိုက်ကြီးတငင် ငိုကြွေးလိုက်တော့၏။ သို့ ငိုကြွေးနေရင်းမှ သူ့တွင်ရှိသော ဝက်စွယ်နှင့် ဦးပြည်းခေါင်းတုံးလူ၏ဝက်စွယ်ကိုယူ၍ ဦးပြည်းခေါင်းတုံးနှင့်လူထံမှ ထွက်ရှိနေသည့် သွေးတို့ဖြင့် လိမ်းကျံလိုက်တော့၏။ ပြီးနောက်...

"မင်း ငါနဲ့အတူ ရှိနေပါ"

ဆိုလေပြီး ထိုဝက်စွယ်ကို အပေါက်ဖောက်၍ သူ့လည်ပင်းတွင် ဆွဲထားသည့် တောဝက်စွယ်နေရာတွင် အစားထိုးလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရပ်ကလေးကို မည်သူကမျှ သိလိုက်ကြမည် မဟုတ်ချေ။ မောင်စပျိုးလုတွင် ဆံရှည်လူသားသည် ထိုနေရာလေးမှ ဖြေးလေးသော ခြေလှမ်းဖြင့် ထွက်ခဲ့လေကော့သည်။

ထိုနေရာလေးတွင် တောဝက်သေကောင်သည် ပုံမပျက် ကျန်ရစ်ခဲ့လေ၏။ ဆံရှည်လူသား၏ ပခုံးထက်တွင်မတော့ ဦးပြည်းခေါင်းတုံးနှင့်လူသား ပါသွားချေတော့၏။

ထိုဆံရှည်လူသား အတော်လှမ်းလှမ်းသို့ ရောက်သွားသည်တွင် ထိုတောဝက်သေကောင်နားသို့ လူသားတစ်ယောက် ရောက်လာပြန်၏။ ထိုလူသားသည် တောဝက်သေကောင်ကို ကောက်ယူ ထမ်းသွားလေတော့သည်။

ထိုလူကား ဘယ်သူပါလိမ့်။ ဦးပြည်းခေါင်းတုံးကို သတ်လိုက်သူများလေလား။

သို့ပေမင့် သူ၏အပြုအမူသည် တောမုဆိုးတစ်ယောက် မဟုတ်တာတော့ သေချာပေသည်။

သည်သို့ဖြင့် ဆံရှည်လူသားသည် ဦးပြည်းခေါင်းတုံး၏ အလောင်းကို သယ်ပိုးလာရင်းမှ ဘာစိတ်ကူး ပေါက်သွားလေသည်မသိ။ အလောင်းကောင်ကြီးကို မြေသို့ပစ်ချလိုက်ပြီး ဝက်သေကောင်ရှိရာသို့ ပြန်သွားလိုက်ချေ၏။

"ဟင်"

ဝက်သေကောင် မရှိတော့ပါကလား။ ထိုနေရာတစ်ဝိုက် လူစိမ်းတစ်ယောက်၏ခြေရာကို တွေ့လိုက်သည်ကြောင့် "တောက်" တစ်ချက် ပြင်းပြင်းခေါက်လိုက်လေတော့၏။ သူ၏ တောက်ခေါက်သံကြောင့် အနားရှိချုံပုတ်ပင်အောက်မှ ဖွတ်ကောင်သည် လန့်၍ ထွက်ပြေးသွားသည်ကြောင့် ထိုဆံရှည် လူသားသည် ပြေးလိုက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဖွတ်ကောင်သည် သူ့တွက် ရိက္ခာဖြစ်သွားရတော့၏။ ထို့နောက် ဖွတ်ကောင်ကိုယူ၍ အလောင်းကောင် ပစ်ချထားခဲ့သည့် နေရာသို့ ပြန်သွားလိုက်ပြန်၏။

အလိုလေးဗျာ၊ အလောင်းကောင် မရှိတော့ပါကလား။ ဘာတွေ ဘယ်လိုဖြစ်နေတာပါလိမ့်၊ အိပ်မက်ပင် မက်နေလေသည်များလား။

အံ့ဖွယ်ကောင်းသည်မှာ ထိုနေရာတစ်ဝိုက်တွင်လည်း လူ့စိမ်းခြေရာကိုတွေ့လိုက်ရပြန်၏။ သူ ဘယ်သူလဲ၊ ဘာကြောင့် တောဝက်သေကောင်ကော လူသေကောင်ကော ယူသွားရတာပါလိမ့်။ သူ့တွက် တောဝက်ကောင်က အသုံးဝင်တယ်ထားဦး။ လူသေကောင်က ဘာလို့ ယူသွားရတာတုန်း။ ဘာအသုံးဝင်မှာမို့လို့တုန်း။

ဆံရှည် လူသားသည် ခေါင်းကို ခါယမ်းလိုက်လေပြီး စိတ်ပျက်လက်ပျက်ဟန်ဖြင့် ခပ်လှမ်းလှမ်းရှိ သစ်ပုတ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။ အတန်ကြာ နားနေလေပြီးမှ ဖွတ်ကောင်ကို မီးကင်လိုက်ချေ၏။

ဖွတ်သားမီးကင် စားသောက်ပြီးသည်တွင် မှောင်လည်းသွားချေပြီဖြစ်၏။ သို့ကြောင့် ဆံရှည်လူသားသည် သစ်ပုတ်ပင်၏ အခြေ ပါးပျဉ်းဘောင်ကြီး နှစ်ခုကြားတွင် အိပ်စက်ရန် ဆုံးဖြတ်လိုက်တော့၏။

ထိုညတွင် ဆံရှည်လူသား အိပ်မက်ဆိုးတွေ မက်လေတော့၏။ ညဉ့်နက်သန်းခေါင်ယံတွင် လန့်ဖျပ်နိုးလာ၏။

ဘယ်လို အိပ်မက်တွေရယ် မသိချေ။ တောင်စဉ်ရေမရ အိပ်မက်လို့ပင် ဆိုရချေမည်။

သရဲ၊ တစ္ဆေ၊ ဘီလူး၊ သဘက်တွေလားမသိ။ မျက်နှာ ပြူးပြူး၊ မျက်သားနီနီ၊ နားရွက်ကားကား၊ လျှာရှည်ရှည်၊ သွားရှည်



www.burmeseclassic.com

www.burmeseclassic.com



တမြားမြားနှင့် ရွံ့ဖို့လည်းကောင်း၊ ကြောက်ဖို့လည်းကောင်း။ သည်ကြား အပုပ်နံ့ကလည်း ဟောင်လို့နေ၏။ ဆံရှည် လူသား ချွေးသီးချွေးပေါက် ကျမတတ် တုန်လှုပ် ချောက်ချားလို့နေ၏။ ထင်းမီးပုံမီးသည်လည်း ပြာကျလေပြီကြောင့် မှောင်မည်းလို့နေ၏။ သို့ကြောင့် ဆံရှည်လူသားသည် သူ၏ လှံရှည်ကို တင်းတင်းဆုပ်ကိုင်ထားတော့၏။

သို့ကြားမှ ဆံရှည်လူသားသည် မီးပုံရှိရာသို့ စူးစိုက်ကြည့်နေလေ၏။ သူပင် စိတ်ထင်လို့များလေလား။ မီးပုံနားတွင် လူတစ်ယောက် ငုတ်တုတ်ထိုင်နေသည်လား။ သို့ကြောင့်...

"အဟွန်း"

လို့ ချောင်းဟန့်လိုက်၏။

သူ့ကို ကျောပေး ငုတ်တုတ်ထိုင်နေသူသည် လှည့်ကြည့်လာချေ၏။

"ဟာ"

"အား"

ဆံရှည်လူသား တအံ့တဩ ဖြစ်သွားသလို ထိုငုတ်တုတ် လူသားသည်လည်း မျက်နှာချင်းဆိုင်လိုက်သည်နှင့် အလန့်တကြား ဖြစ်သွားပုံရ၏။

အလိုလေးဗျာ။ ထိုငုတ်တုတ်လူသားက ဆံရှည်လူသား ထက် လျှင်မြန်ဖျတ်လတ်သည်ဟု ပြောရချိမ့်မည်။

ငုတ်တုတ်လူသားသည် ရုတ်ခြည်း ပြေးထွက်သွားတော့၏။

"ခွားစော... ခွားစော... ခွားစော"

ဆံရှည်လူသားက ထိုငုတ်တုတ်လူဟာ ဘယ်သူဆိုတာ သိသွားသည်ကြောင့် ကြောက်ရွံ့ခြင်းစိတ် ကင်းသွားကာ သို့ အော်ဟစ်ရင်း ပြေးသွားသူနောက် လိုက်သွားချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဆံရှည်လူသား စိတ်ချောက်ချားနေခြင်း သာလျှင်ဖြစ်၏။ သူ့စိတ်မှာ စွဲလမ်းနေခြင်းသာ ဖြစ်၏။

သို့ပေမင့်လို့ ဆံရှည်လူသားသည် သူရူးတစ်ယောက်လို သို့နှယ်အော်ဟစ်ရင်း အော်၍ ပြေးသွားနေတော့၏။

သူ၏ ပျားပန်းခတ်လှုပ်ခတ်မှုကြောင့် အိပ်တန်းဝင် ကျေးငှက်များ။ သတ္တဝါကောင်လေးများ လန့်ဖျတ်ပြေးသွားကြတော့၏။

သူ ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ။ သူ့တွင် ကြောက်လန့်စိတ်လည်း မရှိတော့ဟု ပြောရမလိုပင် ဖြစ်၏။

သို့ပေမင့်လို့ ဆံရှည်လူသားသည် တစ်စုံတစ်ရာကို ခလုတ်တိုက် လဲပြိုကျသွားပြီးနောက် သတိမေ့ကာ လဲကျသွားတော့၏။

သူ သတိပြန်ရလေသည်တွင် မိုးလင်းလေပြီဖြစ်တော့၏။ ကမျာကယာ ထလိုက်၏။

"ဟင်"

သူရောက်နေသည်မှာ တဲတစ်လုံးပေါ်တွင် ဖြစ်တော့၏။ ဘယ်လိုကဘယ်လို သည်ရောက်နေဇာပါလိမ့်။

သူ တဲပေါ်မှ ဆင်းလိုက်၏။

"မင်းသွားချင်တဲ့ဆီ သွားတော့"

"ဟင်"

သို့အသံကြောင့် အံ့ဩတကြီး လှည့်ကြည့်လိုက်၏။

သူ့လောက်ဆံပင်အရှည်ရှိ ရသေ့တစ်ပါးပင် ဖြစ်ချေ၏။ နီညိုရင့်ရောင်သင်္ကန်းနှင့် ဖြစ်ချေ၏။ လက်ထဲတွင်လည်း ကြေးစည်လေးရှိနေချေ၏။ ဆံရှည်လူသားသည် ထိုရသေ့ရှိရာ သို့ သွားလိုက်လေပြီး...

"ကျုပ်ကို ဘယ်ကနေ ခေါ်လာတာတုန်း"

"မင်း လဲကျ မေ့မြောနေတဲ့ဆီကပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ… ဘယ်လို ရသေ့ပါလိမ့်။

"လဲကျတဲ့နေရာ ဘယ်နေရာလဲ သိချင်တာလေ ရသေ့ရဲ့"

ရသေ့က ခေါင်းကို သာသာညွှင်းညွှင်း ခါယမ်းလိုက်လေပြီး မေတ္တာသုတ်ကို ရွတ်ဖတ်လိုက်လေ၏။ ဆံရှည်ကိုယ်တော်သည်လည်း ဘယ်လိုကြောင့်မသိ၊ ရသေ့နှင့်အတူ တိုးညှင်းစွာ လိုက်ရွတ်နေမိတော့၏။

"နောင်… ဝေ…ဝေ…ဝေ"

မေတ္တာသုတ် ဆုံးသည်နှင့် ရသေ့သည် လက်တွင်းရှိ ကြေးစည်လေးကို ထုခတ်လိုက်တော့၏။

တောတောင်ထဲတွင် ကြားရခဲသော အသံလွှင်လွှင်လေးကြောင့် ဆံရှည်ကိုယ်တော် ကြည်နူးသွားရသည်ကြောင့် ခေတ္တမျှ ငေးငိုင်သွားတော့၏။

သို့အချိန်ကလေးမှာပင် ရသေ့သည် အဝေးသို့ ရောက်သွားလေပြီဖြစ်တော့၏။ ရသေ့ အမြင်မှ ပျောက်ကွယ်သွားသည့်တွင် ဆံရှည်လူသားသည် တိုင်နားသို့ တိုးကပ် ကြည့်လိုက်၏။

သူ သတိရစက ရသေ့နေသည့်တဲဟု ထင်လိုက်၏။ ယခု ရသေ့ အဝေးသို့ထွက်သွားလေမှ ရသေ့သည် သူ့အား ဝါးတဲဟောင်းတစ်လုံးပေါ်တွင် ခေါ်ယူ၍ ပြုစုပေးခြင်းဆိုသည်ကို ရိပ်မိလိုက်တော့၏။

ထိုဝါးတဲဟောင်းတွင် လူမနေသည်မှာ အတော်ကြာသွားပုံရသည်။ သို့ကြောင့် ဆံရှည်လူသားသည် ထိုတဲမှ စွန့်ခွာထွက်ခဲ့တော့၏။

သေဆုံးသွားသည့် သူ့ငယ်ချင်းကို သတိရမိသည်ကြောင့် ခါးသည်တွင် ဆွဲထားသည့် ဝက်စွယ်နှစ်ချောင်းကို ပွတ်သပ်ဆိုင်းငှယ်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သွေးတို့ လိမ်းကျံထားသည့်ကြောင့် စေးကပ်ကပ် ညှိစို့စို့ ဖြစ်နေလေ၏။

"မင်း ငါနဲ့ ရှိနေတာပါကလား"

သို့လည်း တိုးတိုးပြောလိုက်၏။ ဆံရှည်လူသားသည် ရွာဘက်သို့ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းသွားနေလေခြင်းကြောင့် နေ့လယ်ခင်းလောက်တွင် သူတို့နေသည့် ရွာကလေးကို လှမ်းတွေ့လိုက်တော့၏။

ရွာတွေ့နေရပြီဆိုတော့ သူ နားနေပြီးမှ ရွာထဲဝင်မည် ဆုံးဖြတ်လျက် အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

ပင်ပန်းနေလေပြီဖြစ်၍ သစ်ပင်ကို ကျောမှီမှိန်းနေလိုက်သည့် ကြားမှ အိပ်ပျော်သွားတော့၏။ သို့အိပ်ပျော်သွားသည် ဆိုရာ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်းလည်း ဖြစ်သည်ကြောင့် သူအိပ်ပျော်နေစဉ် သူ့ကို ကြိုးဖြင့် တုတ်နှောင်ထားသည်ကို အိပ်ရာနိုးသည့်တွင် သိလိုက်ရလေ၏။

အလိုလေးဗျာ...။ ဘယ်သူများ သူ့ကို သို့လုပ်ရပါလိမ့်။ အနီးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏။

"ဟင်"

ရွာသူကြီးတို့ပါလား။

သူကြီးအားကိုးရာ လက်ရုံးလည်းပါချေ၏။

"မင်း လာအဖမ်းခံတာလား"

"ဟင်"

သူကြီး ဘာပြောပါလိမ့်။ မရှင်းပါကလား။ သို့ကြောင့်...

"ကျုပ်က ဘာလို့ အဖမ်းခံရမှာတုန်း။ ကျုပ်ကို ဘာလို့ ကြိုးနဲ့တုပ်နှောင်ထားရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ခံရှည်လူသားက တအံ့တသြ မေးလေ၏။

"မင်းကို ဘာလို့ဖမ်းရတာတုန်း ဟုတ်လား... သိချင်လား"

"အိုး...သိချင်တာပေါ့ဗျ။ ကျုပ်မှာ ဘာအပြစ်ရှိလို့တုန်း"

"မောင်သိးကို သတ်လိုက်လို့"

"ဗျာ"

မောင်သိးကို သတ်လိုက်လို့ ဆိုပါကလား။ သူနှင့်အတူသွား သူငယ်ချင်း ဦးပြည်းခေါင်းတုံးနှင့်လူကို ပြောခြင်းဖြစ်ချေ၏။

"သူကြီးရယ်...ဘယ်လိုပြောလိုက်တာတုန်း။ မောင်သိးက..."

ဆိုလျက် သူဖြစ်ကြောင်းကုန်စင်ကို ပြောလိုက်၏။

"ဟား... ဟား... ဟား... ဟား... ဟီး... ဟီး... ဟား... ဟား... ဟား"

သူကြီးလက်ရုံးက သို့ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေပြီး-

"မင်းကိုယ် မင်းတော့ ဟုတ်လှပြီ ထွက်ထားတာပေါ့၊ သည်မယ် မင်းသတ်လိုက်တဲ့ မောင်သိး"

သို့ဆိုလျက် သစ်ပင်အောက်ခြေမှာ သစ်ရွက်သစ်ခက်များဖြင့် အုပ်ထားသည့် မောင်သိး အလောင်းကို ပြလေတော့၏။

"ဟင်...ဒါ...ဒါ... ဘယ်သူယူလာတာလဲ၊ အဲဒီ ယူလာတဲ့ ကောင်ကသာ လူသတ်သမားဖြစ်မှာပေါ့"

"ဟိတ်ကောင်၊ မင်း စကားကို ဆင်ဆင်ခြင်ခြင်ပြော၊ ရပ်ရွာကိုအုပ်ချုပ်တဲ့ သူကြီးရဲ့သားက လူသတ်မှာလားကွ"

"ဟင်"

သို့ကြောင့် ခံရှည်လူသားသည် ထိုလူအုပ်မှ လူတစ်ယောက်ကို ရှာကြည့်လိုက်၏။ သူကြီးသား ထွန်းသိန်းသည် သူ့ကို ပြုံးစိစိ မျက်နှာပေးဖြင့် ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်း... မောင်သီး အလောင်းကို တောထဲက ဘယ်လိုယူလာရတာတုန်း"

"မင်း သူ့ကို သတ်လိုက်တာ၊ ပြီးတော့ အလောင်းကို ဖျောက်ဖျက်မလို့၊ နို့ကြောင့် ငါ ရွာပြန်ယူလာပြီး သက်သေပြတာ"

"ဟင်"

"နို့... နေပါဦး။ မင်းလည်း တဲနား ရှိနေတာဆိုတော့ သည်ကောင် ဘယ်လိုဖြစ်သွားရတယ်ဆိုတာ မင်း သိမှာပေါ့"

သို့ ဆံရှည်လူသားက မေးလိုက်ပေမင့် ထွန်းသိန်းသည် သရော်ပြုံးလေး ပြုံးလိုက်ချေပြီး...

"မင်း မောင်သီးကို ဝါးဆစ်ပိုင်းနဲ့ ခေါင်းကို ရိုက်သတ်လိုက်တာ ငါမြင်တယ်၊ ပြီးတော့ မင်း အလောင်းကို ထမ်းသွားတယ်၊ ဖျောက်ဖျက်ဖို့လေ၊ ငါလိုက်ကြည့်နေတော့ မင်း အလောင်းကို လျှိုတစ်ခုရှေ့မှာထားပြီး တစ်နေရာကို ထွက်သွားတယ်၊ သည် အချိန်မှာ ငါ သည်အလောင်းကို ထမ်းပိုးလာခဲ့တာပဲ၊ မင်းအလောင်းကို ဖျောက်ဖျက်လို့ မရတော့ဘူးပေါ့။ ဟင်း...ဟင်း...ဟင်း"

အလိုလေးဗျာ... သည်ကောင် ခပ်တည်တည်နဲ့ပြောနေတာပါကလား။ သူ ဘယ်လိုရှင်းလို့မှ မရပါကလား။

"ဘာလို့ မောင်သီးကို သတ်လိုက်ရတာတုန်း၊ မင်းနဲ့ အင်မတန်ခင်ကြတဲ့ သူငယ်ချင်းတွေ မဟုတ်လား"

သို့သာ သူကြီးက ဝင်၍ ပြောလေ၏။ သူ့တွင် သက်သေ ပြစရာ ရသေ့သာလျှင် ရှိတော့သည်ပဲ။ သို့ကြောင့်...

"မယုံလျှင်ဖြင့် ရသေ့ သက်သေရှိတယ်ဗျာ"

သို့ ဆံရှည်လူသားက ပြောလေ၏။

"သူကြီးအမှုရွာပတ် ဆိုတာလိုဖြစ်နေပြီ၊ ရသေ့က မင်းကို ကယ်ရလေအောင် ရသေ့ကို မင်းက သက်သေလုပ်ခိုင်းနေပြန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ မြင်တာသိတာဘာမှမရှိဘူး။ ရသေ့ မင်းကို မေ့မြောနေတာပဲ သိတယ်၊ ရသေ့ ဝါးတဲပေါင်းတစ်လုံးပေါ်မှာ ခေါ်လာပြီး ပြုစုပေးတယ်၊ ဒါလည်း ရသေ့ ပြောထားတယ်"

"ဟင်"

ရသေ့က ဘယ်လိုကဘယ်လိုသည်ရောက်နေပါလိမ့်။ ရသေ့သည် သူကြီးတို့လူတစ်စု နောက်ကွယ်တွင် ရှိနေပါကလား။

အင်းလေ... ရသေ့ပြောတာလည်း ဟုတ်တာပဲ၊ သူက မေ့မြောနေတဲ့အချိန်မှာ ရသေ့ သူ့ကိုတွေ့တော့ ခေါ်သွားတာပဲလေ၊ သည်အလျင်နေသော နေရာအပေါင်းက အခြေအနေကို ရသေ့ ဘယ်လိုသိနိုင်ပါ့မလဲ။ သို့ကြောင့်...

"ရသေ့ကြီးကို တောင်းပန်ပါတယ်"

ဆိုလျက် ဆံရှည် လူသားသည် ရသေ့ကြီးကို ထိုင်၍ ဒန်တော့လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာသို့ ရောက်လာသည်နှင့် တောခေါင်းကြီး သိန်းလွင်က...

"ဟာ... ကိုပိုက်တို့ ရောက်လာတာနဲ့ အတော်ပဲ၊ ထောင်မှူးကြီး စောဂျိုးဇက်က တွေ့ချင်တယ်"

ပြောလာသဖြင့်...

"နို့... စောဂျိုးဇက်က ဘယ်မှာတုန်း"

မေးလိုက်၏။

"ရေနက်ကြီး ရဲဘက်စခန်းမှာဗျ"

ဆိုလေသည်ကြောင့် ကျွန်တော်တို့သည် မင်းကုန်းတွင် တစ်ညအိပ်လေပြီး နောက်နေ့စောစောတွင် ရေနက်ကြီး စခန်းသို့ သွားလိုက်ကြ၏။

ရေနက်ကြီးစခန်းတွင် ရန်ကုန်–မန္တလေးလမ်းမကြီး ဖောက်ရန်အတွက် ရဲဘက်များသာရှိသဖြင့် ကျွန်တော်တို့၏ မိတ်ဆွေကြီး စောဂျိုးဇက်သည် ထိုရဲဘက်စခန်းတွင် ထောင်မှူးအဖြစ် တာဝန်ကျနေလေခြင်းကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သွားတွေ့လိုက်ကြသည်တွင် သို့ဆိုသလို ပျဉ်းမကုန်းရွာသား မုဆိုးစောနူးဒီ အကြောင်းကို သိလိုက်ရ၏။

"သို့ဖြင့် သူ လူမသတ်ပါဘဲနဲ့ သည်ရောက်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က မေးလိုက်၏။

"ဟာ... ငါတို့ အပြစ်မဲ့တဲ့လူတစ်ယောက်ကို ဘယ်တော့မှ ထောင်ထဲ အရောက်မခံဘူး။ အပြစ်ရှိတဲ့သူတွေ လွတ်နေလျှင် လွတ်နေပါစေဆိုတဲ့ သဘောပဲ ရှိတယ်ကွ"

"နို့... ဖထီး စကားကတော့ လူမသတ်ရပါဘဲ သည် ရောက်နေတဲ့သဘော မဖြစ်ပေဘူးလား"

စောဂျိုးဖက်သည် ပြုံးပြလာချေပြီး...

"သူ တကယ်လူသတ်လို့ သည်ရောက်လာတာပေါ့"

"ဗျာ"

"ဟင်"

"ဟုတ်တယ်၊ မောင်သိုးကို သူ မသတ်ဘဲ သတ်တယ်ဆိုပြီး သူကြီးသား ထွန်းသိန်းက သက်သေလုပ်တယ်၊ လည်စယ်ပြောတာ ပေါ့ကွာ၊ ထွန်းသိန်းနဲ့ ချစ်ရှိုးက ရန်ငြိုးရန်စ,လေးတွေ ရှိတယ်လေ၊ ထွန်းသိန်းက သူကြီးသားဆိုတော့ ပြောတိုင်းဟုတ်နေတာပေါ့၊ အေး... အဲလို ချစ်ရှိုးကို ရဲစခန်း ခေါ်တွေကြတဲ့အခါ လမ်းမှာ ချစ်ရှိုးက ထွန်းသိန်းကို သတ်ပြီး ထွက်ပြေးသွားတော့တာပဲ"

"ဘယ်လိုဖမ်းမိတာတုန်း"

"သူ့ဘာသာ ရဲစခန်းမှာ သွားအဖမ်းခံတာ"

"ဟင်"

"ဗျာ"

"သူလူမသတ်ဘဲနဲ့တော့ ထောင်ကျမခံနိုင်ဘူး၊ နို့ကြောင့် ထွန်းသိန်းလို လူယုတ်မာမျိုးကို လူ့လောကကြီးကနေ ထုတ်လိုက်ရတဲ့အတွက် သူ အဖမ်းခံရကျိုး နပ်တယ်တဲ့လေ"

"ဩော်"

"ခု... သူ သည်ရဲဘက်စခန်း ရောက်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဆရာပိုက်တို့နဲ့ တွေ့ဆုံပေးချင်လို့ သူ့ဘဝ အကြောင်း ဖုံကိုပြောပြတယ်၊ စိတ်ဝင်စားဖို့ကောင်းတယ်၊ နို့ကြောင့် ခုသို့ အကြောင်းကြား ခေါ်လိုက်ရတာပေါ့၊ တခြား မယ်မယ်ရရ ဘာအကြောင်းမှတော့ မရှိပါဘူး၊ အားရက်ကျလျှင် အမဲကလေး ဘာလေး သွားပစ်ကြရုံပါ"

သို့ဖြင့် ကျွန်တော်တို့သည် ပျဉ်းမကုန်းရွာသား လူသတ်သမား မုဆိုးကြီးစောခူရှီးနှင့် ရေနက်ကြီးရဲဘက်စခန်းတွင် ဆုံကြရတော့၏။

စောခူရှီးသည် အသက်အားဖြင့် ငါးဆယ်ခန့်သာ ရှိချိမ့်ဦးမည်။ ဘဝ၏ကြမ်းတမ်းမှုဒဏ်ကြောင့် ပို၍ကြီးရင့်သလို ထင်ရ၏။ သို့ပေမင့်လို့ စိတ်ဓာတ်အရလည်းကောင်း၊ ရုပ်ခန္ဓာအရ လည်းကောင်း ကျန်းမာသန်စွမ်းလျက် ရှိချေ၏။

အရပ်သည် ထောင်ထောင်မောင်းမောင်း မဟုတ်ပေမင့် လူစဉ်မီအရပ် ရှိချေ၏။ တောင့်တင်းသော ကြွက်သားစိုင်တို့ ရှိချေသေး၏။ သူ၏ မျက်လုံးသည် သိန်းငှက်တစ်ကောင်၏ မျက်လုံးကဲ့သို့ စူးရှလွန်းချေ၏။

"ကဲ...ခွားစောရေ မင်းအကြောင်း တစ်စိတ် တစ်ဒေသ တော့ ထောင်မှူးကြီးပြောလို့ သိပြီးပြီ၊ ခွားစောအနေနဲ့ ဘာများ ပြောချင်သေးလဲ"

သို့ ကျွန်တော်က ပြောလိုက်၏။

"အထွေအထူးပြောစရာမရှိဘူး၊ နို့ပေမင့်လို့ ပျဉ်းမကုန်းမယ် မောင်သီးရဲ့သားလေး ရှိသေးလား သိချင်တယ်၊ ငါနဲ့လည်း အဆက်အသွယ်မလုပ်ဘူး၊ အေးလေ...ငါက သူ့အဖေကို သတ်တယ်လို့ ထင်နေတာကိုး။ သည်တွက် ငါ နားလည်ခွင့်လွှတ်ပါတယ်၊ နို့ပေမင့်လို့ သူဟာ တစ်ကောင်ကြွက်လေး ဆိုတော့ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ အားများငယ်နေလေမလားလို့ပါ။ ငါ သိချင်တယ်၊ သူ့ရှေ့ရေးအတွက် ငါစိုးရိမ်တယ်၊ သည်ကောင်လေးက မအူမလည်ရယ်"

သို့ပြောလာသည့် စောခုရှိုးကို ကျွန်တော် စေ့စေ့ကြည့်လိုက်၏။

ကြည့်ရသည်မှာ လူကြမ်းကြီးဖြစ်ငြား ကောင်လေးအပေါ် သံယောဇဉ်ရှိနေပုံပင်။ သို့ကြောင့်...

"ခွားစောအကြောင်း ဂယနဏ သိသွားလျှင်ဖြင့် ခွားစောအပေါ် နားလည်လာမှာပါ။ ခုတော့ သူ့ကိုနားဝင်အောင် ပြောပြမယ့်သူ မရှိသေးလို့ ဖြစ်ပါလိမ့်မယ်"

သို့ ကျွန်တော်က တွေးတွေးဆဆ ပြောလိုက်၏။

"နို့ကြောင့်ပေါ့ကွာ... သည်ကောင်လေးကို နားဝင်အောင် ဘယ်သူမှ ပြောပေးမယ့်သူ မရှိဘူး ဖြစ်နေတယ်၊ သူ ငါ့ကို အထင်လွဲချင် လွဲနေပါစေကွာ၊ သူ့အကြောင်း ငါ သိချင်တယ်၊ သူ ဘယ်လိုနေထိုင်နေသလဲ သိချင်တယ်"

သို့ပြောလာသည့် စောခုရှိုးကို ကြည့်ကာ ပြုံးလိုက်လေပြီး...

"ထောင်မှူးကြီးပြောတာ သိရသလောက် ပြောရလျှင် ဖူးမကုန်းရွာသူကြီးက ကြည့်ရှုထားတယ်ပြောတာပဲ၊ သူကြီးနဲ့ ကျွန်တော်တို့ အင်မတန် ရင်းနှီးပါတယ်၊ သည်ကပြန်လျှင်ဖြင့် ဝင်သွားပါဦးမယ်၊ သူလေးကို မှာစရာရှိ မှာလိုက်လေ"

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် စောခုရှိုးက စိတ်မကောင်းဖြစ်သွားကာ ခေါင်းကိုသာ ယမ်းလိုက်လေပြီး...

"သူက ငါ့ကို အသိအမှတ်ပြုတာမှ မဟုတ်တာချည်း၊ မှာနေလို့လည်း အပိုပဲဖြစ်မပေါ့၊ ငါသိချင်တာ သူ့အကြောင်းပါပဲ"

"ကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထောင်မှူးကြီးနှင့် အတူတူ နေထိုင်စဉ်ကာလအတွင်း အမဲပစ်ထွက်ကြ၏။ တပျော်တပါး ချက်ပြုတ်စားသောက်ကြ၏။ လေးရက် သုံးညအိပ်ခန့် နေလိုက်ကြပြီးနောက် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရဲဘက်စခန်းမှ ပြန်ခဲ့ကြလေ၏။

"မောင်သီးရဲ့ သားလေးကို ဝင်ကြည့်ချင် ဝင်ကြည့်ကြပါဦးကွာ၊ ပြီးတော့ ငါ့ကို အကြောင်းပြန်ကြားပေးပါလား"

သို့ စောခူရှီးက တတွတ်တွတ် မှာလေခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ပျဉ်းမကုန်းရွာသို့ တကူးတက သွားလိုက်ကြ၏။

"အလိုလေးဗျာ... ဆရာလေးတို့ ဘယ်ကဘယ်လို လှည့်လာကြတာတုန်း၊ မင်းကုန်းတောထဲ မရောက်တာကြာပြီနော်၊ သစ်ကုန်သည် ရဲဆွေကတော့ တစ်မေးတည်း မေးနေလေရဲ့"

"အပြန်ကျလျှင် ဝင်လိုက်ပါဦးမယ်"

"ကဲ ကဲ ... လာကြ လာကြ၊ သည်မယ် ညအိပ်နေကြမှာမဟုတ်လား"

"တစ်ညတော့ နေဖြစ်ပါလိမ့်မယ်"

ကျွန်တော်တို့သည် ပျဉ်းမကုန်းရွာသူကြီး ခိုင်ကြီးနှင့် ရင်းနှီးပြီးသား ဖြစ်ကြ၏။ ကျွန်တော်တို့ ဖောင်ကြီးတော လာတိုင်း ပျဉ်းမကုန်းရွာတွင် တည်း၍ အမဲပစ်ထွက်လေ့ရှိရာ သူကြီးခိုင်ကြီးသည် ကျွန်တော်တို့အား အမြဲအကူအညီပေးနေသူဖြစ်၏။

"နို့ ...နေပါဦး သူကြီးရဲ့၊ ဟိုရဲဘက်စခန်းရောက်နေတဲ့ စောခူရှီးကို သိလား"

ကျွန်တော်က မေးလိုက်၏။

"သိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် မောင်သီးကိုကော သိလား"

"အေး ... သူ့လည်းသိတယ်၊ အင်ပင်ကုန်းရွာသားတွေပဲကွာ၊ ဘာလို့တုန်း... မောင်သီးနဲ့ ချူရှီးက လင်မယားလို့တောင် ပြောလို့ရတယ်"

"ဩော်... မောင်သီးရဲ့သားလေး သူကြီးအိမ်မယ် ရောက်နေတယ်ဆို၊ သူကြီး ကြည့်ရှုထားတယ်ဆို"

သို့ ကျွန်တော်က မေးလိုက်သည်တွင် သူကြီး ခိုင်ကြီး မျက်စိမျက်နှာ ပျက်သွားတော့၏။

"ဟုတ်တယ်လား သူကြီး"

လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"အလျင်ကတော့ ဟုတ်တယ်၊ ခု သည်မယ် မနေတော့ဘူး"

"ဟင် ... ဘာလို့တုန်း"

"သူ သည်မှာမပျော်ဘူးတဲ့ သူ့အဖေဇာတိရွာ 'အင်ပင်ကုန်း' ရွာမှာပဲ နေချင်တယ်ဆိုပြီး ပြန်ထွက်သွားလေရဲ့၊ ခက်ပါတယ်ကွာ၊ သူ့ကို ငါက သနားလို့ ခေါ်ထားတယ်၊ သူ့အဖေ မောင်သီးနဲ့ ချူရှီးကဆိုလျှင် ငါတို့ကို အမြဲကူညီပေးနေတာလေ"

"ဘာလို့များ ကောင်လေးက အင်ပင်ကုန်း ပြန်သွားရတာတုန်း၊ အင်ပင်ကုန်းဆိုတာ ဘယ်မှာတုန်း"

ကျွန်တော်က မေးလိုက်၏။

"အင်ပင်ကုန်းဆိုတာ ရွာသိမ်ရွာငယ်လေးပါကွာ၊ တောစပ်က ရွာဇနပုဒ်လေ၊ အိမ်ခြေဘာမှရှိတာမဟုတ်ဘူး။ ပြီးတော့ အရိုင်းအစိုင်းတွေလို့ပြောရမလိုပဲ၊ နို့ပေမင့်လို့ သူ့အဖေ မောင်သီးနှင့် ချူရှီးက လူတော်တွေက လူ့ယဉ်ကျေးတွေနဲ့ အဆက်အဆံများလို့လားတော့ မသိဘူး၊ ဆရာပိုက်တို့လည်း ကြားမိမှာပေါ့၊ သည်တစ်ကြောမှာ နာမည်ကြီးသွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ... ခူရှီးက မောင်သီးကို ပြန်သတ်လိုက်တယ် ဆိုတဲ့ ကိစ္စလား"

"အဲဒါမဟုတ်ဘူးကွ... ငါ့အသိဆုံး၊ ဘယ်လိုလုပ် ခူရှီးက မောင်သီးကို သတ်ရမှာတုန်းကွာ၊ ဒါဟိုအင်ပင်ကုန်း ရွာသူကြီးသား ထွန်းသိန်း စနက်ကွ၊ သူက သူကြီးသား ဆိုပြီး ခူရှီးအပေါ် နိုင်ထက်စီးနင်း လုပ်တာ၊ အေး ... ခူရှီးက မခံမရပ်နိုင်ဖြစ်ပြီး ထွန်းသိန်းကို ရက်ရက်စက်စက် ပေါင်းကွပ်နဲ့ ခုတ်သတ်လိုက်တယ်၊ ဒီနယ်တစ်ပိုက် အတော်ကလေး နာမည်ကြီးသွားတာပဲ၊ ထွန်းသိန်း အဖေ သူကြီးလည်း ပြေးတော့တာပဲ၊ ခု အင်ပင်ကုန်းရွာသူကြီးက အသစ်ပဲကွ၊ နို့ပေမင့်လို့ သူက သည်အင်ပင်ကုန်း ရွာသားဟောင်းပဲ၊ ဆိုးချက်ကတော့ ပြောမနေနဲ့၊ ခု မောင်သီးရဲ့သားလေးကို မွေးစား ထားတယ်ဆိုပေမင့် နိုင်းဖို့ပြုဖို့ပါကွာ၊ နိုင်းတာလည်း ဘာနိုင်းသလဲ မမေးနဲ့၊ သားသမီးချင်း မစာနာဘူး၊ သူ့မှာလည်း သားတစ်ယောက် ရှိပါတယ်၊ အဲဒီကလေးကိုတော့ ဖူးဖူး မှုတ်ထားလေရဲ့"

"ဩော် ...သူကြီးရယ်၊ ဒါက သူ့သားကိုး၊ မောင်သီးရဲ့ သား ဆိုတာက သူကြီးသားနဲ့ ဘယ်တူနိုင်ပါ့မလဲ၊ ဟဲ ဟဲ ဟဲ"

"နို့... နေပါဦး၊ မောင်သီး သားလေးက ဘယ်လိုလုပ် သူကြီးဆီ ရောက်ခဲ့တာလဲ"

"တောခေါင်းသိန်းလွင်လေကွာ၊ ဆရာလေးတို့ သိမှာပေါ့"

"သိတာပေါ့၊ ဉက္ကံသူနဲ့ အိမ်ထောင်ကျသွားတဲ့ သိန်းလွင် မဟုတ်လား"

"အေး ... ဟုတ်တယ်"

"ဆိုပါဦး"

"သူက အင်ပင်ကုန်းရောက်တော့ မောင်သီးသားလေးကို တွေ့တယ်၊ အရွယ်နဲ့မလိုက်အောင် အလုပ် လုပ်နေရတာရယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူကြီးမိသားစုတို့ နိုဝ်စက်တာရယ်ကို မကြည့်ရက်လို့ ဆိုပြီး အင်ပင်ကုန်းသူကြီးဆီမှာ သူ မွေးစားမယ်ဆိုပြီး ခေါ်လာတာ"

"အဲလိုဆိုတော့လည်း အင်ပင်ကုန်းသူကြီးက ပေးလိုက်တာပဲလား"

"မပေးလို့ရမတဲ့လားကွာ၊ တောခေါင်းကြီး သိန်းလွင်က သည်တောကို အုပ်ချုပ်နေတာလေ၊ အင်ပင်ကုန်းရွာသူကြီးဆိုတာ သစ်သူခိုးပဲဟာ၊ သိန်းလွင်နဲ့ ဘယ်ကင်းပါ့မတုန်း"

"ဟုတ်ပါပြီ... ဆက်ပြောပါဦး"

"သိန်းလွင်က ကောင်လေးကိုခေါ်လာတယ်၊ သည်ရောက်တော့ ငါ့ကို ထိုးထည့်သွားတယ်"

"ဟာ... မင်းမွေးစားမယ်ဆို ခေါ်လာပြီး ခုတော့ ဘာလုပ်တာတုန်းကွလို့ ငါက မေးလိုက်တယ်"

"ဟဲ...ဟဲ ... အစ်ကိုကြီးရာ၊ သည်ကလေးကို ဟိုမယ် တွေ့ရမြင်ရတာ စိတ်မကောင်းဖြစ်မိလို့ အကြောင်းပြ ခေါ်လာတာ၊ ကျွန်တော့်မိန်းမက ဘယ်လက်ခံပါ့မလဲ၊ ကျွန်တော်မှာလည်း သားသမီးတွေက အများကြီးရှိတယ်လေ၊ သူကြီးမယ် သားသမီးမှ မရှိတာဗျာ၊ မွေးစားလိုက်ပါဗျာ၊ ကျွန်တော် ထောက်ပံ့ပါ့မယ်"

"သိန်းလွင်က အဲလိုကောင်၊ သည်တော့ ငါသည်ကလေးကို မွေးစားလိုက်တယ်ဆိုပါတော့၊ ကောင်လေးက မွန်မွန်ရည်ရည်လေးပါ၊ ရိုကျိုးပါတယ်၊ ငါတို့ကလည်း သူ့ကို သားသမီးအရင်းလို ဆက်ဆံပါတယ်၊ နို့ပေမင့်လို့ကွာ သူ မပျော်ဘူး ဖြစ်နေတယ်၊ အင်ပင်ကုန်းပဲသွားချင်တယ် ပြောတယ်"

"သည်တော့ ..."

"ငါ လွှတ်လိုက်ရတာပေါ့"

"သိန်းလွင်ကကော မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိန်းလွင် ဆုံးသွားပြီလေကွာ"

"ဟာ... မဟုတ်တာရယ်၊ ကျွန်တော်တို့နဲ့တောင် မင်းကုန်းမှာ တွေ့ခဲ့သေးတာပဲ"

"ဟေ... ဟုတ်လား၊ ငါတို့ဆီလည်း ရောက်မလာဘူး။ အေးလေ၊ သူ သည်မှာတာဝန်မှ မရှိတော့တာ၊ တစ်ခေါက်တလေတော့ လာဖို့ကောင်းပါတယ်"

"ဟင်း ...ဟင်း ...ဟင်း ...ဟင်း ...ဟင်း ..."

"ဆရာလေးက ဘာရယ်တာလဲ"

"ခြော် သိန်းလွင်အကြောင်း စဉ်းစားမိလို့ပါ၊ သည်လူက အဲလိုပဲဗျ၊ သူမူးလျှင်အဲဒါပဲ၊ ဟိုက ကလေးခေါ်လာ၊ သည်က ကလေးခေါ်လာ၊ ပြီးတော့ သူက မွေးစားတာလည်း မဟုတ်ဘူး။ ဟိုလူ့ထိုးပေး သည်လူ့ထိုးပေးနဲ့ သူကြီး သူနဲ့ ထဲထဲဝင်ဝင် မပေါင်းဖူးသေးလို့ ထင်ပါတယ်"

"အေးလေကွာ... သူ ငါတို့ရွာကို တာဝန်ကျလို့ ရောက်လာတယ်၊ ငါက ရွာသူကြီးဆိုတော့ ငါနဲ့ ဆက်သွယ်တယ်၊ ရွာရောက်တဲ့အခါ ငါ့အိမ်မှာ အိပ်တယ်၊ ငါ့အိမ်မှာ စားတယ်၊ သစ်ခုတ်သမားတွေကို ငါ့အိမ်မှာ ခေါ်တွေ့တယ်၊ ပြောစရာရှိ ပြော၊ ယူစရာရှိယူပြီး ပြန်သွားပြန်တယ်၊ အဲလို ပြန်သွားတဲ့အခါ တမေ့တမောကြီးပဲ၊ အဲ... သူ ငွေပြတ်ပြီ ဆိုလျှင် ရောက်လာပြန်တယ်"

"ကဲ...ကဲ... ထားပါတော့၊ သိန်းလွင်အကြောင်း ပြောမယ်ဆိုလျှင် ပြောလို့ဆုံးမှာ မဟုတ်ဘူး။ လူချစ်လူခင်တော့ ပေါတယ်ဗျ။ ဆယ့်နှစ်ရာသီလုံး မူးနေတာကလွဲလို့ အကုန်ကောင်းပါတယ်ဗျား။ ဟဲ...ဟဲ...ဟဲ... နို့ မေးစမ်းပါရစေ၊ အင်ပင်ကုန်းကို ကျွန်တော်တို့ သွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခက်တာပဲ၊ ငါလည်း ကောင်းကောင်းမသိဘူး။ အေး... သည်ရွာမယ် သိန်းလွင်က လက်တိုလက်တောင်းခိုင်းတဲ့ ကောင်လေးတွေရှိတယ်၊ သူသိတယ်"

"ဟာ... ဟုတ်ပြီ၊ နို့ဖြင့် သူ့ကို ခေါ်ပေးပါလား"

သို့ ကျွန်တော်က ပြောလေသည်တွင် သူကြီးသည် အိမ်အတွင်းဘက် လှည့်ကြည့်လိုက်လေပြီး ...

"ဟဲ့... လှကြူ၊ လာစမ်းပါဦးဟ"

လို့ လှမ်းခေါ်လိုက်၏။ မကြာမီ အချိန်ကလေးအတွင်း သူကြီးကတော့ ခေါ်လှကြူ ထွက်လာလေ၏။

"ဘာတုန်း"

"ဟဲ့...နင် သိန်းလွင်ရဲ့တပည့်လေး မောင်ဟန်ကို သိတယ်လား"

"သိပါ့တော်"

"နို့ဖြင့်... သူ့ ခေါ်ချေစမ်း၊ သည်မှာ ဧည့်သည်တွေက တွေ့ချင်လို့တဲ့"

သည်တွင် ခေါ်လှကြူက ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ခွစောင်းကြည့်လိုက်လေပြီး ကမန်းကတန်း အိမ်ပေါ်မှ ဆင်းသွားလေ၏။

"သူကြီး သူက ဘယ်နှစ်ယောက်မြောက်လဲ"

"ဟင်း ..."

သူကြီးခိုင်ကြီးက သို့ဆိုသလို အံကြိတ်လေကာ ကျွန်တော့်ကို ကြည့်လာချေ၏။

"ဟဲ... ဟဲ... နောက်တာပါ သူကြီးရဲ့"

"အမယ်ကြီး သိလျှင်ဖြင့် ဆရာလေးတို့ ညစာငတ်နေဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ သူကြီးကလည်း ပြောလေသဖြင့် ကြိတ်ရယ်မိလေတော့၏။ အတန်ကြာလျှင် သူကြီးကတော် ဒေါ်လှကြူ ပြန်ရောက်လာ၏။

"ဘယ်လိုတုန်း... မတွေ့ပေဘူးလား"

"တွေ့ပါတော်... ဖဲရိုက်နေလေရဲ့"

"ဟင်း... သည်ကောင်တော့ ငါလုပ်လိုက်ရ မလွယ်ဘူး။ သူ့ဆရာသိန်းလွင်မျက်နှာ ရှိနေလို့ပေါ့"

"အိုတော် သူ့ဆရာက သည်မယ် တာဝန်ကျတော့တာမှ မဟုတ်တာချည်၊ ရှင်ဟာလေ သူကြီးဖြစ်ပြီး ကျော့သားရင်သား ခွဲခြားချင်တယ်"

သူကြီးကတော် စကားကြောင့် ကျွန်တော်နှင့် လင်းမြင့် လှိုင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိကြတော့၏။

သူကြီးကတော်က အလာကြီးပါကလား။

"ဩော်... မိန်းမ မင်းက ဒါပဲသိတာ၊ သိန်းလွင်က ငါ့ကို မှာဖူးတယ်ကွ၊ မောင်ဟန်လေးကို ကြည့်ထားပါတဲ့၊ ဖဲရိုက်တာကတော့ကွာ သူ့ဆရာသိန်းလွင်လည်း ရိုက်တာပဲ၊ ဆရာကောင်း တပည့်ဆိုတော့ သည်လောက်တော့ ရှိမှာပေါ့"

"အိုတော် တောခေါင်းကြီးသိန်းလွင် ဖဲရိုက်တာ အပျော်ပါရှင်၊ စီးပွားဖြစ်မဟုတ်ပါဘူး။ သူ့ကောင်လေးတွေကသာ စီးပွားဖြစ် လုပ်နေကြတာ၊ သူ့ကိစ္စနဲ့ မကျေနပ်တဲ့သူတွေက တိုင်လျှင်ဖြင့် ရှင်တော့ သူကြီးရာထူးလေး လက်လွှတ်ရတော့မယ်၊ ဟင်း... ဟင်း ...ဟင်း"

"အေးပါကွာ... သည်ကောင်လာမှ ပြောပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရုံနဲ့ မရဘူးရှင့်၊ မှတ်လောက်သားလောက်အောင် ဒဏ်ခတ်လိုက်မှရမှာ"

"မိန်းမရာ မင်း အသာနေစမ်းပါ၊ ဒါ ငါသူကြီးအလုပ်ဟ၊ မင်း ဘာမှဝင်မစွက်ဖက်နဲ့"

"အလိုရှင်... သူကြီးကတော်ပဲ သည်လောက်တော့ ပြောပိုင်ခွင့် ပေးသင့်တာပေါ့"

"နို့ဖြင့်လည်း မင်း သူကြီးလုပ်ကွာ၊ ငါ ထိုင်စားမယ်၊ ဘယ့်နှယ်ကွာ လင့်အလုပ်မှာ ဝင်,ဝင်ပါချင်သေးတာ၊ မင်း အဲဒီ အချိုးကြောင့် ရွာသားတွေ အမြင်ကပ်လိမ့်မယ်"

"ဟင်း ...ဟင်း ...ဟင်း ...ဟင်း ..."

"ဟား ...ဟား ...ဟား ...ဟား ..."

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူကြီးလင်မယားကို ကြည့်၍ သဘောကျစွာ ရယ်လိုက်ကြလေ၏။

"သူကြီးခင်ဗျာ... မောင်ဟန် ရောက်ပါပြီ"

သို့အသံကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အသံလာရာသို့ ကြည့်လိုက်၏။

အရပ်အားဖြင့် လေးပေသာသာခန့်သာ ရှိလိမ့်မည်။

ခေါင်းကြီးကြီး၊ ကိုယ်လုံးသေးသေး။ သို့ပေမင့်လို့ ခပ်ဝဝ ခိုင့်ဖိုင့် ရှိချေ၏။

အဖြူရောင် ရှပ်လက်တိုကော်လာကတုံးကို ဝတ်ထားပြီး ပုဆိုးအနက်ကွက်တုံးကြီးကို ခါးမှာ ခါးပတ်ကြီးကြီးဖြင့် ပတ်ထား၏။

မျက်နှာမှာ ပေါင်ဒါများ ရိုက်ထားသဖြင့် ဖွေးဖွေးဖြူနေ၏။ ဆံပင်ကို ဆီလူးထား၍ သပ်သပ်ရပ်ရပ် ဖြီးသင်ထား၏။ အိတ်ကပ် အှင်မတော့ ပိုက်ဆံအိတ်တစ်လုံးထည့်ထား၏။ အိတ်ဖောင်းနေပုံ ကြည့်ရလျှင် ဖဲဝိုင်းတွင် နိုင်လာသည်ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခါးပတ်ပြားတွင် သင်းသတ်ဓား(ဂေါ်ရခါးဓားဆန်ဆန်) တစ်ချောင်းကို ဓားအိမ်နှင့် ချိတ်ဆွဲထား၏။ လည်ပင်းတွင်မတော့ ရွှေကြိုးတစ်ကုံး ရှိချေ၏။ ကျွန်တော်တို့ကို ထိမတင် ကြည့်နေလေ၏။ ကျွန်တော်တို့ကို သစ်ကုန်သည် ဝါးကုန်သည်များ ထင်နေသည် လား မသိပါ။

"သူကြီးအခေါ်လွှတ်လို့လာတာ၊ ကျုပ်တာလုပ်ပေးရမတုန်း။ သူကြီးနဲ့ ပတ်သက်လျှင် ဘာကိစ္စဖြစ်ဖြစ် ကူညီပေးရမယ်လို့ ဆရာသိန်းလွင်က မှာထားလို့ပါ၊ ပြောပါသူကြီး... ပျဉ်းကတိုး လိုချင်လို့လား၊ ကျွန်းလိုချင်လို့လား။ သည်က မိတ်ဆွေတွေက သစ်ကုန်သည်လား။ ဝါးကုန်သည်လား မဖြစ်မရှိစေရဘူး။ ဆရာ သိန်းလွင် မှာထားလို့ပါ၊ ဆရာသိန်းလွင် မရှိလည်း ကျုပ်လုပ်ပေး နိုင်ပါတယ်"

"ဟင်း... ဟင်း... ဟင်း... အတော်သဘောကျဖို့ ကောင်းသည့် ကောင်လေးပါလား"

သူ့စကားကြောင့် သူကြီးသည် ကျွန်တော်တို့ကို အားတောင့် အားနာ ကြည့်လာချေလေပြီ။

"ဟိတ်ကောင်... မင်း ဘာတွေပြောနေတာတုန်း၊ ဒါ မင်းဆရာသိန်းလွင်ရဲ့မိတ်ဆွေတွေကွ၊ မင်းတော့ကွာ ဟင်း ဟင်း ငါကြည့်မရတာ ကြာပြီနော်"

"ဪ ...ဟုတ်လား၊ ကျုပ်က သူတို့ကို ကုန်သည်တွေ မှတ်လို့ပါ၊ ဇါ... ဆိုစမ်းပါဦး၊ ကျုပ် ဘာများ ကူညီရမှာတုန်း"

"အေး...သည်က မိတ်ဆွေတွေက အင်ပင်ကုန်း သွားချင် လို့တဲ့"

"ဗျာ"

"မဗျာနဲ့... မင်း လိုက်ပို့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ သူကြီးက တစ်ချက်လွှတ် အမိန့်ဆန်ဆန် ပြောလိုက်သည်တွင် မောင်ဟန် ဆိုသည့် ကောင်လေးသည် မျက်နှာ အကြီးအကျယ် ပျက်သွားတော့၏။

"ဘာလဲ... မင်း လိုက်မပို့ပေးနိုင်ဘူးလား။ နို့ဖြင့်လည်း ရတယ်လေ၊ မင်းကို ငါက ငါ့အမိန့်ဖီဆန်ပြီး ဖဲရိုက်လောင်းကစား လုပ်မှုနဲ့ ထိပ်တုံးခတ်ထားရလိမ့်မယ်၊ မင်းအကြီး မင်းကို လာခေါ်တော့ ဖဲကစားနေတယ်ဆို ဟုတ်လား"

သို့ သူကြီးက ပြောလိုက်လေမှ မောင်ဟန်သည် မချိမချဉ် မျက်နှာဖြင့် သူကြီးကို တစ်လှည့် ကျွန်တော်တို့ကို တစ်လှည့် ကြည့်ပြီး ...

"သူကြီးရယ် အဲလိုတော့ မလုပ်ပါနဲ့၊ လိုက်ပို့ဆို ပို့ပါ့မယ်၊ နို့ပေမင့်လို့ ဝေးလည်းဝေးတယ်၊ အင်ပင်ကုန်းက နေချင်စရာကို မရှိဘူး။ ပြီးတော့ အရိုင်းအစိုင်းတွေများတယ်"

"ဟိတ်ကောင် မင်း လျှာမရှည်နဲ့၊ လိုက်ပို့မှာသာ လိုက်ပို့ချေ"

"ဟုတ် ...ဟုတ်ကဲ့ပါ၊ ဘယ်တော့သွားမှာတုန်း"

သည်တွင် ကျွန်တော်က ...

"ဝေးတယ်ဆိုတာ ဘယ်လောက်ဝေးလဲ"

ဟု မေးလိုက်၏။

"မနက်ပိုင်းလောက်သွားလျှင် အင်ပင်ကုန်းကို နောက်နေ့ ညနေခင်းလောက်မှ ရောက်မယ်"

"နို့ဖြင့် တော်ကြာနေ သွားကြမယ်"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် မောင်ဟန်သည် ကျွန်တော့်ကို လူထူးလူဆန်း တစ်ယောက်လို ကြည့်လာချေပြီး သူ့လက်တွင်ပတ်ထားသည့် နာရီကို ကြည့်လိုက်လေပြီး ...

"အချိန်မနည်းတော့ဘူးလေ... လေးနာရီထောင်ခွဲနေပြီ၊ ဘယ်မှာ ညအိပ်နေရမှာပေါ့"

"ဘာလဲ... မင်း မသွားရဲဘူးလား"

"တောလမ်းခရီးဗျ... တောလမ်းခရီးတောင်မှ တောနက်တယ်၊ လမ်းမယ် သစ်ခုတ် ဝါးခုတ်သမားတောင် တွေ့ရမှာ မဟုတ်ဘူး၊ ပြီးတော့ လမ်းမှာ စားဖို့ သောက်ဖို့ နားဖို့ဆိုတာ မလွယ်လှဘူး"

သည်တွင် ကျွန်တော်က နံဘေးရှိ သေနတ်ကို ကောက်ကိုင်ပြလိုက်၏။

"ဒါတို့ကို ဘယ်သူတွေက အန္တရာယ်ပေးနိုင်မှာလဲ၊ ဒါတို့ကို အစာရှာပေးနိုင်တယ်"

လို့ ပြောလိုက်၏။ သည်တော့မှ မောင်ဟန်သည် ခေါင်းညိတ်ပြလာချေတော့၏။

"မင်းအိမ်ကို မှာစရာရှိမှာလိုက်"

သို့ ကျွန်တော်က ပြောလိုက်၏။

"သည်ကောင် နေစရာအိမ်တောင် မရှိဘူး။ ဟိုအိမ်ကပ်နေ၊ သည်အိမ်ကပ်နေ၊ သည်ကောင်က တစ်ကောင်ကြွက်လိုပဲ၊ လူပျိုကြီးလုပ်နေတာလေ၊ သူ့ကို ရှာထဲမယ် ကြိုက်မယ့်သူ တစ်ယောက်မှ မရှိဘူး"

သို့ သူကြီးက ပြောသလို ...

"သူ့အကြောင်းသိတဲ့သူ ဘယ်သူကကော ကြိုက်ပုံမှာတုန်း။ အလကားနေ အရက်သောက်၊ ဖဲရိုက်နေတာပဲ၊ သည်ရွာက မိန်းကလေးတွေမပြောနဲ့၊ တခြားရွာက မိန်းကလေးတွေတောင် သူ့ကိုမြင်လျှင် မျက်နှာမဲ့ကြတယ်"

"အကြီးရယ် အဲလိုတော့ မပြောပါနဲ့၊ ကျုပ်ကိုက စိတ်မဝင်စားလို့ပါ"

www.burmeseclassic.com



လို့ တိုးညှင်းစွာ ပြောလာချေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် သူကြီးအိမ်တွင် စားသောက်ကြပြီးနောက် ညနေစောင်းတွင် အင်ပင်ကုန်းရွာရှိရာသို့ ထွက်ခဲ့ကြတော့၏။

ရွာအထွက် လမ်းတွင်မတော့ တောတက်လှည်းလမ်းမကြီးအတိုင်း လျှောက်ခဲ့ကြသည်တွင် ကျွန်တော်က ရှေ့မှ ဦးဆောင်ခဲ့ချေ၏။

မောင်ဟန်ဆိုသော ကောင်လေးသည် ကျွန်တော်တို့ကို မှိန်းနေလို့လား၊ သူ့ကို လမ်းပြခေါ်လာလို့လားမသိ။ ကျေနပ်ပုံသိပ်မရချေ။ နှုတ်ဆိတ်လို့ နေချေ၏။ စိတ်ကောက်နေသည်လား။ စိတ်ဆိုးနေလေသည်လားမသိနိုင်။ မျက်နှာကတော့ မှုန်တေတေဖြစ်လို့နေ၏။

သို့ ကျွန်တော်တို့ လှည်းလမ်းအတိုင်း လျှောက်ခဲ့ကြရာမှ တောနက်အတွင်း ရောက်လာချေတော့၏။

သည်တွင် ကျွန်တော်သည် မှောင်နေသဖြင့် သည့်လမ်းသည်ခရီး လာဖူးခြင်းမရှိသဖြင့် ...

"မောင်ဟန် မင်း လမ်းပြ ရှေ့က သွားချေ"

လို့ ပြောလိုက်ရင်း သူ့ကို ရှေ့မှသွားစေ၏။

ဝါးပင် သစ်ပင်တို့ ထူထပ်စွာ ပေါက်နေသဖြင့် အချိန်အားမှမရှိသေးသော်လည်း မှောင်လို့နေချေသည်ကြောင့် မောင်ဟန်သည် ဓာတ်မီးဖြင့် ရှေ့သို့ထိုးကာ ဘေးသို့ ဝှေ့ကာယမ်းကာဖြင့် ထိုးရင်း သွားနေလေ၏။

ညနေစောင်းအချိန် ကုန်လေခြင်းကြောင့် အေးစိမ့်လို့လည်းလာ၏။ သို့ကြောင့် အချမ်းပြေအလို့ငှာ ခပ်သွက်သွက် လျှောက်ခဲ့ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် ခရီးအတော်ရောက်ခဲ့ချေ၏။ ဝါးတောကလေးတစ်ခု အရောက်တွင် ထိုဝါးတောအတွင်း ဖြတ်၍ စီးဆင်းနေသော ချောင်းလေးကို တွေ့သည်ကြောင့် ကျွန်တော် ဝမ်းသာသွားမိ၏။

"ကိုလင်း ကျွန်တော်တို့ သည်ဝါးတောလေးမယ် တစ်ည အိပ်နား စခန်းချကြစို့ဗျာ"

လို့ ပြောလိုက်၏။

"ဟာ ... မဖြစ်ဘူး မဖြစ်ဘူး။ သည်နေရာက အတော် နာမည်ကြီးတာ"

သို့ မောင်ဟန်က ကပျာကသီ ငြင်းပယ်ပြောလာလေ၏။

"ဘာလို့ မဖြစ်ရမှာတုန်း"

သို့ လင်းမြင့်လှိုင်က ခတ်ဆတ်ဆတ်လေသံဖြင့် ပြောလိုက်၏။

"ဘာတွေ ဘယ်လောက်နာမည်ကြီးနေတာတုန်း"

လို့ ကျွန်တော်ကလည်း စိတ်ဝင်တစား မေးလိုက်၏။

"အင်မတန် တောခြောက်တယ်၊ ပြီးတော့ ဟင်းကောင် (ကျား)လည်း ရှိတယ်၊ ပြီးတော့ ကျုပ်တို့ ဘယ်လိုပုံနဲ့ အိပ်စက် ကြမလဲ"

သို့ သူပြောလာသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြ၏။

"ဒါပဲလား"

ကျွန်တော်က မေးလိုက်၏။

"အင်း"

"ကဲ... ကိုလင်း ဟိုရှေ့ ဝါးတောထဲက ကျွန်းပင်ကြီး အောက်မယ် စခန်းချကြမယ်ဗျာ၊ ခပ်လှမ်းလှမ်းမှာ ချောင်းလေး ရှိတယ်ဆိုတော့ ပိုကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် ထိုကျွန်းပင်အောက်တွင် နားနေအိပ်စက်ရန် ဆုံးဖြတ်လိုက်သည်နှင့်အတူ အနီးဘစ်ဝိုက်ရှိ သင်းခြောက်ကိုင်းများ၊ သစ်ကိုင်းခြောက်များကို လိုက်လံစုဆောင်း၍ မီးပုံလိုက်၏။ ကျွန်းပင်ကြီး အောက်ခြေကိုလည်း ရှင်းလိုက်ကြ၏။

မကြာလိုက်သော အချိန်ကလေးတွင် မီးတောက်မီးလျှံ ကောင်းကောင်းဖြင့် မီးပုံကြီးဖြစ်လာလေ၏။ သို့ကြောင့် ပတ်ဝန်းကျင် ဘစ်ဝိုက် လင်းဖြာ၍ သွားရ၏။

"ကဲ ... ကိုလင်း၊ ကျွန်တော် စားဖို့ သွားရှာချေဦးမယ်"

"ကောင်းပြီ"

လင်းမြင့်လှိုင်က သို့ပြောပေမင့် မောင်ဟန်သည် ကျွန်တော့်ကို အံ့ဩတကြီး ကြည့်နေလေပြီး ...

"မှောင်နေ့မည်းမည်း ဖြစ်ပါ့မလား"

လို့ စိုးရိမ်ကြောင့်ကြပြောလာသဖြင့် ကျွန်တော်က လက်စွဲ ဆော်သေနတ် မွှိုင့် ၃၇၅ ကို ပုတ်ပြလိုက်ကာ ပြုံးစိစိမျက်နှာဖြင့် မောင်ဟန်ကို ကြည့်လိုက်လေ၏။

"မင်းကော လိုက်ခဲ့ဦးမလား"

သို့ ကျွန်တော် မေးလိုက်သည်တွင် မောင်ဟန်တစ်ယောက် ခေါင်းလှုပ်သွားတော့၏။

"ကျုပ် သည်ဆရာနဲ့ နေခဲ့မယ်"

လို့ ခေါင်းငုံ့နေလျက်မှ ပြောလာချေတော့၏။

"အင်း... နို့ဖြင့်လည်း သွားပြီ"

ဆိုလျက် ကျွန်တော်သည် ချောင်းရိုးလေးဘက် ဦးတည် လျှောက်သွားလိုက်တော့၏။

သို့ဖြင့် ကျွန်တော် ချောင်းလေးအနားသို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရေသည် တသွင်သွင်စီးလို့ နေပါကလား။ ချောင်းကို လှေလာအကဲခတ်လိုက်၏။ ရေအနက်ကတော့ဖြင့် ခြေသလုံးသား အလယ်လောက်သာလျှင် ရှိချိမ့်မည်။ စမ်းချောင်းရေ ဖြစ်ခြင်းကြောင့် ရေသည် ကြည်လင်နေ၏။ သို့ကြောင့် ရေအတွင်း ဓာတ်မီးထိုးကြည့်လိုက်၏။

ငါးများ ကူးခတ်သွားလာနေ၏။ သို့ကြောင့် ကျွန်တော်သည် ထိုချောင်းအထက်သို့ အနည်းငယ် တက်သွားလိုက်၏။ ကျွန်တော် မှန်းဆလေသည့်အတိုင်း ရေအနက် ခြေမျက်စိသာသာနေရာသို့ ရောက်သည်တွင် ချောင်းထဲဆင်းလိုက်၏။

သည်နေရာတွင်မတော့ ငါးသိပ်မရှိဆိုပေမင့် တစ်မိုက်ခန့် အရှည်ရှိ ငါးရံ့ခေါင်းတိုများ တွေ့ရလေခြင်းကြောင့် ဓါးချိတ်ဓားကို ထုတ်ကာ ရေကိုဖြတ်ခုတ်၍ ငါးဖမ်းလိုက်တော့၏။ ဓားချက်ထိသည့် ငါးရှိသလို လွတ်ထွက်သွားသည့်ငါး ရှိသည့်ကြားမှ သုံးကောင်ခန့် ရလိုက်၏။ ထိုငါးသုံးကောင်ဖြင့် ကျွန်တော် စခန်းသို့ပြန်ရန် ဆုံးဖြတ်လိုက်ရ၏။

ကျွန်တော်သည် ချောင်းရိုးအတိုင်း စခန်းရှိရာသို့ ပြန်ခဲ့သည်တွင် ...

"ဝေါင်း ... ဂရောင်း ... ဝေါင်း ..."

အလိုလေးဗျာ။ ချောင်းတစ်ဖက် ဝါးချိုက်တော်ထူထူအထဲမှ ဟင်းကောင်(ကျား)၏ အသံကြားလိုက်သည်ကြောင့် ကျွန်တော် ခေါင်းနားပန်းကြီးသွားရတော့၏။

ကျွန်တော့်ကို သူ၏အစာအဖြစ် ချောင်းမြောင်းနေဟန် တော့ဖြင့်မဟုတ်။ အသံအကြားအရ ပြောရလျှင် မာန်ဖီနေသံ ဖြစ်ချေ၏။ သူအစာစားနေစဉ် လာရောက်ဆွဲငင်သည့် သတ္တဝါ တစ်ကောင်ရှိနေလို့ သို့တည်းမဟုတ် တောခွေးတို့ ၏ အနား



www.burmeseclassic.com

www.burmeseclassic.com



ရစ်သီရစ်သီလုပ်နေခြင်းကြောင့် အဟာန်အော်ဟစ်လိုက်ခြင်း ဖြစ်ချိမ့်မည်။ ဘယ်သို့ပင်ဖြစ်စေ ကျွန်တော်သည် တိုးတိတ် ညင်သာ လျှောက်၍ စခန်းသို့ အရောက်ပြန်ခဲ့ရတော့၏။ ထိုတစ်ဒင်္ဂအချိန်ကလေးသည် ကျွန်တော့်အတွက် ပင်ပန်းလွန်းနေချေ၏။ ကြောက်လန့်ခြင်းဖြစ်မိ၍ပင် သေနတ်ကိုင်ထားသော လက်သည် ချွေးစို့လို့လာချေလေ၏။

စခန်းပြန်ရောက်သည့်တွင် ...

"ကိုပိုက် ... ဟင်းကောင်သံကြားလား"

လို့ လင်းမြင့်လှိုင်က မေးလာ၏။ မောင်ဟန်တစ်ယောက်လွှမ်မင်းစွာ ထိတ်လန့်တုန်လှုပ်နေပုံ ရချေ၏။

စခန်းပြန်ရောက်သည့်တွင် ကြောက်စရာမလိုတော့ ချေပြီ။ ထင်းမီးပုံကြီးကို မီးတောက်မီးလျှံ ပြင်းပြင်းဖြစ်ရန် ထင်းခြောက်များ ဆပ်ထိုးထည့်လိုက်၏။

"ရော့...မောင်ဟန်၊ သည်ငါးတွေ တံစို့ထိုးမီးကင်လိုက်ချေ"

သို့နှယ်ပြော၍ ကျွန်တော်သည် ဖမ်းယူလာသော ငါးသုံးကောင်ကို ကမ်းပေးလိုက်ပြီး အနီးရှိသော ဝါးနှစ်လုံးခန့်ကို ခုတ်လိုက်၏။ တစ်လုံးသုံးပိုင်းကျ ပိုင်းလိုက်ပြီးနောက် မီးပုံတွင်း ထည့်လိုက်၏။

"ဖောင်း"

"ဖောင်း"

"ဖောင်း"

အခေါင်းပွဝါးစိုကို မီးပုံတွင်း ထည့်လိုက်သည်နှင့် သို့နှယ်ပေါက်ကွဲသံသတို့ ထွက်လာချေ၏။

သို့ ဝါးပေါက်ကွဲသံ ထွက်လာပြီးသည်နှင့် တစ်ဖန်ခေါင်ကြောပေါ်မှ တောတိုးပြေးလွှားသံတို့ကို ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်အောင်ကြီး ငါးပေါက်သံကြောင့် လန့်ဖျတ် ပြေးသွား သည်ပြီး၊ သူ့ပြေးလွှားသံကြောင့် အိပ်တန်းဝင် ကျေးငှက်တို့နှင့် သားကောင်ငယ်လေးများသည်လည်း ပြေးလွှားသွားကြပုံပင်။

ကျွန်တော်တို့သည် ငါးသုံးကောင် မီးကင်ကျက်သည်တွင် ဝီစကီသောက်၍ ငါးကင်ကို စားလိုက်ကြ၏။

မောင်ဟန်သည်လည်း ဝီစကီသောက်လေသဖြင့် လင်း မြင့်လှိုင်သည် ပုလင်းပြားလေးနှစ်လုံး ထုတ်လိုက်ရချေတော့၏။

သည်နောက် ကျွန်တော်တို့သည် ကျွန်းပင် အခြေတွင် ကျောမှီ၍ နားနေလိုက်၏။

ထင်းမီးရှိန်ကြောင့် အနွေးဓာတ်ကဖြင့် ရချေ၏။ သို့သော် ခြင်နှင့် မှက်တို့ကြောင့် အိပ်၍မပျော် ဖြစ်ကြရ၏။

ကြာလာတော့ အိပ်မရသည့်အတူတူ မီးပုံနား သွားထိုင် နေလိုက်တော့၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင် မီးပုံနား သွားထိုင် လေတော့ မောင်ဟန်သည်လည်း လိုက်ပါခဲ့ချေ၏။

ကျွန်တော်တို့သည် ထင်းမီးလှုံရင်း စကားစမြည် ပြောနေ ကြတော့၏။ အိပ်လို့မှ မရသည်ကိုး။ သည်သို့ဖြင့် ထိုင်လိုက်၊ မှိန်းလိုက်၊ အိပ်ပျော်လုပျော်ခင်ဖြစ်လိုက်နှင့် မိုးစင်စင် လင်းခဲ့ရ တော့၏။

"ကဲ ... သွားကြစို့"

ကျွန်တော်က သို့ပြောလာသည့် မောင်ဟန်ကို ကြည့် လိုက်ပြီး ...

"ညက မအိပ်ရဘူး။ တစ်ရေးအိပ်ပြီးမှ သွားကြမယ်"

ပြောလိုက်ရင်း ကျွန်းပင်အခြေသွား၍ ကျောမှီ အိပ်လိုက်သ မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ။

"ဒိန်း"



www.burmeseclassic.com

www.burmeseclassic.com



ဖြင်းထန်သော ယမ်းအား ပေါက်ကွဲသံကြောင့် မျက်လုံး အွယ်သွားရတော့၏။

"ဟင်"

အနီးတွင် လင်းမြင့်လှိုင်ကော မောင်ဟန်ပါ မရှိပါကလား။ သို့ဆိုလျှင် သူတို့ ဘယ်ထွက်သွားကြပါလိမ့်"

ထိုသေနတ်သံသည် လင်းမြင့်လှိုင် ပစ်လိုက်ခြင်းများ လေလား၊ တစ်ဦးတစ်ယောက် ပစ်လိုက်ခြင်းများလေလား။

ကျွန်တော်သည် ကျွန်းပင်အခြေမှ ထလိုက်ကာ မီးပုံနား သွားလိုက်၏။ ဆာလောင်မှုကြောင့် စားရန် ဘာရှိမည်လည်း ကြည့်လိုက်၏။

"ကိုပိုက် ဆာနေပြီလား"

သို့ အသံကြောင့် လှည့်ကြည့်လိုက်၏။

လင်းမြင့်လှိုင် ဖြစ်၏။ သူ့နောက်မှ မောင်ဟန် ပါလာ၏။ မောင်ဟန်လက်တွင်မတော့ သိန်းငှက်တစ်ကောင် ပါလာ၏။

"ရတဲ့အကောင်ပဲ ပစ်ခဲ့တယ်ဗျာ၊ အဆာပြေပေါ့၊ ညက လည်း ငါးလေးတစ်ကောင်စီသာ မြည်းစာလိုက်ရတယ် ဆိုတော့ ဆာနေကြရောပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုသိန်းငှက်ကောင်ကို အမွေး နုတ်၊ အရေခွတ်၊ တံစို့ထိုး မီးကင်လိုက်လေ၏။

"စားသောက်ပြီးတာနဲ့ ခရီးဆက်ကြမယ်"

သို့ မောင်ဟန်က ပြောလာပြန်၏။

"ဖြည်းဖြည်းပေါ့ကွာ၊ အလောတကြီးမလိုပါဘူး"

"နို့ဖြင့်လည်း ပြီးတာပဲလေ၊ ကျုပ်က ဆရာလေးတို့ အရေးတကြီးကိစ္စရှိလို့ အင်ပင်ကုန်း သွားကြမယ်ထင်တာ၊ ဟိုမှာ ညအိပ်လို့ကတော့ မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့တုန်း"

"ဆရာလေးတို့ အစားဆင်းရဲမယ်၊ အနေဆင်းရဲမယ်၊ စိတ်ဆင်းရဲမယ်"

"ဟော"

"ဘယ်လိုကွ... အစားဆင်းရဲမယ်၊ အနေဆင်းရဲမယ် ဆိုတာတော့ လက်ခံပါတယ်၊ နို့ပေမင့်လို့ စိတ်ဆင်းရဲမယ်ဆိုတာ ဘာကြောင့်တုန်း"

သို့ ကျွန်တော်က မေးလိုက်၏။

"စိတ်ဆင်းရဲမယ်ဆိုတာ အဲဒီက လူတွေက ယောကျ်ား မိန်းမ အကုန်ရိုင်းရိုင်းစိုင်းစိုင်းကြီးပဲဗျ၊ တကယ့်လူကြမ်းတွေ၊ အပြောအဆိုကလည်း ပမာမခန့်၊ အနေအထိုင်ကလည်း မတတ်၊ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စောင်းချိတ်ချိတ် ရန်ဖြစ်လို့ချည်း နေကြတယ်၊ တကယ့်လူကြမ်းစိတ်ကြမ်းတွေဗျ၊ ယဉ်ကျေးတဲ့သူ မရှိမဟုတ်ဘူး၊ အနည်းအကျဉ်းပဲ ရှိတယ်၊ ဟိုရောက်လျှင်ဖြင့် ဘယ်သူ့အိမ်မှာ တည်းမှာလဲ"

"ဟ... ဒါတော့ ငါဘယ်သိမလဲ၊ သည်ကို ခုမှလာဖူးတာ၊ နို့ကြောင့် မင်းကို ခေါ်လာတာပေါ့၊ မင်းအားကိုးနဲ့ လာတာ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် မောင်ဟန်သည် ရင်ကိုကော့လိုက်လေပြီး ...

"နို့ဖြင့်လည်း ကျုပ်တို့ရဲ့မိတ်ဆွေအိမ်ရှိတယ်၊ အဲဒီမယ် တည်းမယ်"

"ကောင်းတယ်၊ ဘယ်သူလဲ၊ မင်းတို့နဲ့ အတော်ရင်းနှီးလား"

"ရင်းနှီးရုံတင်မကဘူး၊ ကျုပ်ကသေဆိုသေ၊ ရှင်ဆိုရှင်ရှင် လူမျိုးပဲ"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဆိုပါဦး၊ ဘယ်သူတုန်း"

"အဲဒီရွာမှာ သူက အကောင်ပဲ"

"အေးလေ . . . အကောင်ပဲဖြစ်ဖြစ်၊ ဘလောင်ပဲဖြစ်ဖြစ် မင်းနဲ့အဆင်ပြေလျှင်ဖြင့် ငါတို့နဲ့လည်း အဆင်ပြေရမပေါ့၊ အေး . . . တစ်ခုတော့ရှိတယ်၊ အဲဒီရွာလူကြီးနဲ့တော့ ငါတို့တွေ့ချင်တယ်"

"အေးလေ မတွေ့ရမှာမပူနဲ့၊ ကျုပ်တို့ တည်းမယ်ဆိုတဲ့ အိမ်က အဲဒီအင်ပင်ကုန်းရွာရဲ့ လူကြီးပဲဗျ"

"ဟေ"

"ကောင်းတာပေါ့ကွာ"

သို့ဖြင့် ကျွန်တော်တို့သည် အင်ပင်ကုန်း ဖနုပဒ်ရွာကလေးသို့ ထိုနေ့ညနေစောင်းလောက်တွင် ရောက်သွားကြတော့၏။

အင်ပင်ကုန်းရွာ ဆိုလေသည့်အတိုင်း ရွာထိပ်ဟုဆိုရမည့် နေရာလောက်တွင် လွန်စွာမှကြီးမားသော အင်ပင်ကြီးတစ်ပင် ရှိချေ၏။ ထိုအင်ပင်ကြီး၏ ခပ်လှမ်းလှမ်းမှနေ၍ တဲပုတ်လေးများ ရှိချေ၏။ ရွာဖနုပဒ်ဟုဆိုရလောက်အောင် တဲပုတ်လေးများသည် စုတ်ချာလွန်းလှ၏။

အင်ဖက်အမိုးတို့သည်လည်း အဖာအထေး၊ ဝါးအခင်းတို့သည်လည်း ကျိုးတို့ကျဲတဲ၊ ဝါးထရံ အပေါက်အပြဲ တွေ့လိုက်သည့် တဲတိုင်းသည် သို့ဖြစ်လေတော့ . . .

"သူတို့ကွာ သည်မယ် ဝါးတွေ သည်လောက်ပေါတာ၊ ဘာလို့များ တဲတစ်လုံး ကောင်းကောင်းမလုပ်ကြတာပါလိမ့်"

သို့ ကျွန်တော်က မေးလိုက်၏။

"အေးလေ . . . ကြည့်စမ်း၊ ရွာစပ်မှာတင် ဝါးတွေ ပေါမှပေါ၊ ကောင်းမှကောင်း"

လင်းမြင့်လှိုင်ကလည်း ဝင်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"သည့်ရွာသူကြီးက ခွင့်မပြုလို့ပေါ့ဗျာ"

"ဪ"

"ဟင်"

အံ့ဖွယ်ပင် ကောင်းသေးတော့၏။ တောတောင်ထဲနေကြပြီး ဝါးဖြင့်ပင် တဲကောင်းကောင်း ထိုးမနေကြရပါကလား။

ကျွန်တော်တို့ ရွာလေးထဲ ဝင်လာသည့်တွင် ရွာသူ ရွာသားတို့ တစေ့တစောင်း ထွက်ကြည့်ကြ၏။

အတော်များများတွင် အင်္ကျီမရှိကြသည်ကို တွေ့ရ၏။ မိန်းမများတွင်မတော့ ထဘီရင်လျားများဖြင့်သာ တွေ့ရများချေ၏။ ယောက်ျားသားများကမူ နံငယ်ပိုင်းသာသာလျှင် ရှိကြပြီးလျှင် သူတို့လက်ထဲတွင်မတော့ အထူးသဖြင့် ယောက်ျားများတွင် လှံရှည်များရှိကြချေ၏။ ကလေးများသည် အားလုံးနီးနီး ဆယ်နှစ် ကျော်အရွယ်ထိတိုင် လုံးတီးများ ဖြစ်ကြ၏။ အသားအရောင် ကတော့မူ မည်းပြောင်ပြောင်၊ ဆံပင်တို့သည် နီကြင့်ကြင့်၊ လူရိုင်းတို့ပုံစံ ဖြစ်ကြချေ၏။

ကျွန်တော် သတိထားအကဲခတ်မိသလောက် သူတို့တွင် ကြောက်ရွံ့စိတ်တို့ လွှမ်းမိုးနေပုံရချေ၏။ ဘာကို ကြောက်ရွံ့နေကြ လေသည်မသိ။

ကျွန်တော်တို့သည် ရွာအလယ်လမ်းမဟု သိသာသည့် လမ်းကြောင်းအတိုင်း လျှောက်ခဲ့ရာမှ တောင်ကုန်းမြင့်မြင့်လေး ပေါ်မှ ဝါးဖြင့်ပင် အခိုင်အခံ့ သပ်သပ်ရပ်ရပ် ဆောက်ထားသည့် တဲတစ်လုံးကို လှမ်းတွေ့လိုက်သည့်ကြောင့် ...

"အဲဒါ သူကြီးအိမ်လား"

လို့ ကျွန်တော်က မေးလိုက်၏။ သည့်တွင် မောင်ဟန်က ကျွန်တော့်ကို အံ့သြတကြီး ကြည့်လာချေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဆရာ ဘယ်လိုသိတုန်း။ သည်ရောက်ဖူးလို့လား"

လို့ မေးလာတော့၏။

"ရောက်ဖူးဖို့ နေနေသာသာ သည်မယ် 'အင်ပင်ကုန်းရွာ' ရှိတယ်ဆိုတာတောင် ပျဉ်းမကုန်းရွာလူကြီးပြောမှ သိရတာ၊ ပြီးတော့ ခု မင်းခေါ်လာမှ ရောက်ဖူးတာပါကွ"

"အဲလိုဆိုလျှင်ဖြင့်လည်း ဆရာလေးက တော်လှချည်လား"

သို့ မောင်ဟန်က ကျွန်တော့်ကို အထင်တကြီး ပြန်ပြောလေသည်ကြောင့် ...

"အေး... ငါတော်တာ မဟုတ်ဘူးကွ၊ ငါရောက်ခဲ့ဖူးသမျှရွာတွေတိုင်းမယ် အဲလို တခမ်းတနားတဲ့တွေ၊ အိမ်တွေ အတော်များများဟာ ရွာလူကြီးနေကြတာချည်း တွေ့ဖူးလို့ ခန့်မှန်းပြောနိုင်တာလောက်ပါကွာ၊ ဘာမှ ငါ့ကို အထင်ကြီးစရာမလိုဘူး"

"အင်း... ဟုတ်တယ်ဗျနော်"

"အောင်မယ်... မင်းကကော ဘယ်တွေ ဘယ်လောက်ရောက်ဖူးလို့တုန်း"

ကျွန်တော်က မောင်ဟန့်ကို မေးလိုက်ပြီး စေ့စေ့ကြည့်လိုက်၏။

"ဟိုဗျာ... ကျွန်တော့်ဆရာ တောခေါင်းကြီးသိန်းလွင်က သူတာဝန်ကျတဲ့ ရွာတွေသွားတိုင်း ကျုပ်ကိုခေါ်လို့ ရွာအတော်များများကို ရောက်ဖူးတယ်လေ၊ ခု ဆရာလေးပြောမှ သတိထားစဉ်းစားမိတယ်၊ ဟုတ်တယ်ဗျာ... ရွာလူကြီးတွေ နေတဲ့အိမ်က သာမန်ရွာသားတွေနေတဲ့ အိမ်ထက် ကောင်းတာချည်းပဲဗျ"

"ကဲ...ကဲ... ငါတို့အဲဒီတဲမှာ တည်းကြမှာပေါ့ ဟုတ်လား"

"အေးလေဗျာ... အဲ... အဲ... ဟိုမယ် ရွာလူကြီး ဆင်းလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ထိုကုန်းမြင့်မြင့် တောင်ပေါ်တွင် သစ်ပင်တို့ ကာဆီးနေလေသည်ကြောင့် တဲရှေ့ ကုန်းမြင့်လေးပေါ်မှ အောက်သို့ အဝင်အဝကို ကောင်းကောင်း မတွေ့ရသဖြင့် အသေအချာ စိုက်ကြည့်လေမှ လူတစ်ယောက် ဆင်းလာသည်ကို မသဲမကွဲ တွေ့လိုက်ရ၏။

"လာကြဗျာ"

သို့ဆိုလျက် မောင်ဟန်သည် ကျွန်တော်တို့ကို တောင်ကုန်း မြင့်မြင့်လေးပေါ်သို့ အတက်လမ်းဟု ထင်ရသည့် လမ်းသွယ်လေး ထိပ်သို့ ခေါ်သွားလေ၏။

"သည်ကနေပဲ စောင့်နေမယ်"

ဆင်းလာသည့်လူနှင့် မဆုံသော်လည်း လမ်းထိပ်တွင် စောင့်နေမည့် မောင်ဟန်ကို ကျွန်တော် တအံ့တသြ ကြည့်မိ၏။

ဘယ့်တွက်မူ တောင်ကုန်းမြင့်မြင့်ပေါ်မှ ဆင်းလာသည့် လူသည် နောက်ကြောင်းပြန်လှည့်သွားသည်ကို ဖျတ်ခနဲ တွေ့လိုက် သောကြောင့် ဖြစ်၏။ သို့ကြောင့် . . .

"ဟိတ်ကောင် စောင့်မနေနဲ့၊ အပေါ်တက်သွားကြမယ်"

သို့ လင်းမြင့်လှိုင်ကလည်း ပြောလေ၏။

"သူကြီးမင်း လာပြီပဲဗျာ၊ အပင်ပန်းခံတက်စရာ မလိုတော့ ပါဘူး၊ သူကြီးနဲ့ ဒီမှာတင်တွေ့ပြီး စကားပြောရဦးမယ်"

"ဟေ"

ဘယ်လိုပါလိမ့် . . .။ သူကြီးအိမ်သွားတာပဲ၊ တဲရောက်မှ နားနေရင်း ပြောလို့လည်း ဖြစ်တာပဲ။ သူကြီးကကော ဧည့်သည်ကို လက်မခံသူ ရှိဖူးလို့လား။

"ဟိတ်ကောင် . . . သူကြီးက အပေါ်လှည့်ပြန်တက်သွား ပြီကွ၊ နို့ကြောင့် ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က စိတ်မရှည်ပြောလိုက်လေမှ ...

"နို့ဖြင့်လည်း သွားကြမယ်ဗျာ"

ဆိုလျက် မောင်ဟန်သည် ရှေ့မှ တက်သွားလေတော့၏။

"ဟေ... မောင်ဟန်ပါကလား၊ လာလေကွာ... ဘယ်က လှည့်လာတာတုန်း။ ဧည့်သည်တွေလည်း ပါလာသကိုး။ ကဲ... ကဲ... လာကြကွာ၊ ငါ့တဲက စုတ်ချာတော့ အားနာတယ်ကွာ၊ ကဲ ကဲ... ထိုင်ကြဗျာ"

သို့ ပြောလာသည့် သူကြီးကို ကျွန်တော် တအံ့တသြ ကြည့်မိ၏။ သည်ရွာမှာ သူ့လောက်ကောင်းတဲ့တဲကိုများ စုတ်ချာ သတဲ့။ ရွာသူရွာသားတွေအိမ်တွေထက် အဆတစ်ရာမက ကောင်း နေတာများ။ သူမို့ ပြောထွက်လေခြင်း။

အလိုလေးဗျာ...။

ဝါးကြမ်းခင်းသည် ကောင်းမှကောင်း။ ဝါးပိုးဝါးကြီးများကို ခွဲခြမ်းစိတ်ဖြာ အခင်း လုပ်ထားခြင်းပေပဲ။ အကာအရံကိုမူ ဝါးထရံဖြင့် လုပ်ထား၏။

အမိုးကိုမူ ကြသောင်းဝါးတို့ကို နှစ်ခြမ်းခွဲ၍ နှစ်ခြမ်းကို လှန်ကာ ဝါးနှစ်ခြမ်း အဆက်ဘက်နေရာတွင် ဝါးတစ်ခြမ်းကို အုပ်မိုးခြင်းဖြင့် အစီအရီ သေသေသပ်သပ် အမိုးလုပ်ထား၏။ ကောင်းမှကောင်း။

သို့ဆိုတော့ ကျွန်တော်က သူကြီးကို ရွဲ့၍ ...

"အေးဗျာ... သူကြီးရယ် သည်မယ် သစ်ပေါတာပဲ၊ သစ်လေးဘာလေးနဲ့ အိမ်ကောင်းကောင်းတစ်လုံး ဆောက်ပါ လား။ သူကြီးက သည်ရွာရဲ့ အကြီးအကဲလေ၊ နို့မှ သင့်လျော် တော့မပေါ့"

သို့ ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း... ဟင်း... ဆရာလေးကလည်းဗျာ၊ ကျုပ်က လူကြီးဆိုပြီး သစ်ကြီးဝါးကြီးနဲ့ အိမ်ဆောက်နေလို့ ဘယ်ကောင်းပါ့မလဲ၊ သည့်ဝါးလေးတွေနဲ့ပဲ ကျုပ် ကျေနပ်ပါတယ်ဗျာ၊ ဟင်း ဟင်း ဟင်း"

သို့ သဘောကျ ပြောလာချေတော့၏။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်၍ ပြုံးပြလိုက်၏။

"ကဲ... ဆို မောင်ဟန် ဘာကိစ္စလဲ၊ မင်းဆရာသိန်းလွင် မရောက်တာကြာပြီပဲကွ"

"မရောက်ဆို သူက လှည်းကူး မင်းကုန်းကို ပြောင်းသွားပြီလေ"

"ဟေ... ငါတို့ မသိပါကလား"

"ခု သိပြီပေါ့၊ အဲ... ကျုပ်ဆရာ မရှိတော့ဘူးဆိုပြီး ကျုပ်ကိုလည်း အရေးမထား မလုပ်နဲ့ဦးနော် သူကြီး၊ ကျုပ်ဆရာက မှာသွားတယ်၊ နောက်ဝန်ထမ်းအသစ် ရောက်မလာမချင်း မင်း သွားသွားကြည့်လို့ မှာထားတယ်၊ ဝန်ထမ်းသစ် ရောက်လာလျှင် လည်း ကျုပ်နဲ့ပဲ ဆက်သွယ်ပေးမယ်လို့ ပြောထားတယ်၊ သည်တော့ ကျုပ် နောက်လူသစ်နဲ့ ဆက်တွဲရဦးမှာပဲ"

"ဟုတ်ပါတယ်ကွာ... ငါ သဘောပေါက်ပါတယ်၊ မင်းက တော့ တောခေါင်းကြီးလက်စွဲတော်ပါပဲ၊ ငါတို့ ဘယ်လွန်ဆန်လို့ ရပါ့မလဲကွာ၊ ဟင်း ဟင်း ဟင်း"

သို့ သူကြီးက မချိပြုံး ပြုံးရယ်ရင်း ချော့ပြောလေ၏။

"နို့... နေပါဦး... ညှိသည်တွေလာရင်းကိစ္စ အလည် သက်သက်ပဲလား၊ အကြောင်းကိစ္စရှိလား၊ ဘာကူညီပေးရမတုန်း"

သို့ သူကြီးက မေးလာလေမှ မောင်ဟန်သည် သူကြီးကို ကြည့်လိုက်လေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သည်ဆရာလေးတွေက အင်ပင်ကုန်းရွာကို ရှိတယ်ဆိုတာတောင် အလျှင်က သိကြတာမဟုတ်ဘူး။ ပျဉ်းမကုန်းရောက်ခဲ့ပြီး အဲဒီသူကြီးပြောမှ အင်ပင်ကုန်းဆိုတာ သိကြတာ၊ ဪတော့ သည်ဆရာလေးတွေက ပျဉ်းမကုန်းရွာသူကြီးနဲ့ မိတ်ဆွေရင်းတွေလေ"

သို့ မိတ်ဆက်ပေးလေ၏။

"ဟော...ဟုတ်လား။ ငါကတော့ သည်ရွာသူကြီး 'ဖိုးလိမ်' ပဲကွယ့်၊ သည်ရောက်တုန်း အေးအေးနားနေကြပေါ့၊ အမဲပစ်ချင်လျှင်ဖြင့် သည်တောက ဆတ်ပေါသားကလား"

သို့ သူကြီးက ဖော်ဖော်ရွေရွေ ပြောလေသဖြင့်–

"ဟုတ်ပါပြီ... ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ အင်ပင်ကုန်း ရောက်လာရတာကလည်း ပျဉ်းမကုန်းရွာသူကြီး လွှတ်လိုက်လို့ပါ"

"ဟော... ဘာကိစ္စတုန်းကွ"

သို့ ကျွန်ုပ်က ပြောလိုက်သည်တွင် အင်ပင်ကုန်း ရွာသူကြီး ဦးလိမ်တစ်ယောက် ဘာကြောင့်ရယ်မသိ၊ စိုးရိမ် ထိတ်လန့်သွားတော့၏။

"အထွေအထူးမဟုတ်ပါဘူး။ သည်ရွာမယ် မောင်သားသားရှိတယ်လေ၊ အင်း... သူနဲ့ဆုံချင်လို့ပါ"

"ဟော"

သူကြီးသည် သို့ တအံ့တဩဖြစ်လျက် မောင်ဟန်ကို စေ့စေ့မနပ် ကြည့်လိုက်လေတော့၏။

မောင်သားသား နာမည်ကြားသည်နှင့် သူကြီး ဘယ်လိုဖြစ်သွားတာပါလိမ့်။ သူကြီးသည် မျက်စိမျက်နှာ ပျက်သွားတော့၏။ သို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



"သည့်လိုပါ… သည်ရွာမှုဆိုး မောင်သီးရဲ့သား မောင်သားသားကို ဖျည်းမကုန်းရွာသူကြီးက မွေးစားဖို့ ခေါ်ထားတယ်၊ အဲ… မောင်သားသားက အဲဒီရွာမှယ် မနေနိုင် မပျော်ပိုက်ဖြစ်ပြီး သည့်အင်ပင်ကုန်းကို ပြန်လာတယ်လို့ ပြောတယ်၊ အဲဒါ သူကြီးက မှာလိုက်လို့ပါ"

"ပြောကြည့်လေ"

"မောင်သားသား နေထိုင်ကောင်းရဲ့လားလို့၊ အခြား အထွေအထူးတော့ မရှိဘူးတဲ့ဗျာ"

သို့ဆိုသလို ကျွန်တော်က သူကြီး၏မျက်နှာရိပ် မျက်နှာကဲကို ကြည့်လိုက်၏။

"ခက်တယ်… သည်ကောင်လေး သည်ပြန်ရောက်လာကတည်းက ဒေါ်အိုဇာတို့နဲ့ပဲ လုံးနေတယ်၊ အိမ်တောင်သိပ်မကပ်ဘူး"

"ဟင်… ဘာလို့ မောင်သားသားက သူကြီးနဲ့နေတာ မဟုတ်လား၊ ပြီးတော့ ဒေါ်အိုဇာဆိုတာ ဘယ်သူတုန်း၊ မောင်သားသားနဲ့ ဘယ်လိုပတ်သက်တာတုန်း"

သို့ဆိုသလို ကျွန်တော်က မေးလိုက်၏။

"အေး မောင်သားသားက ငါနဲ့နေတာဆိုပေမင့် ရွာထဲမယ် လှည့်ပြီး သူနဲ့အဆင်ပြေတဲ့အိမ်တွေမှာ လျှောက်အိပ်တော့တာပဲ၊ ဒေါ်အိုဇာဆိုတာ သည်ရွာအစွန်မှာ နေတာ၊ သူ့မယ် သမီး တစ်ယောက်ရှိတယ်၊ တစ်ရွာလုံးက ဘယ်သူမှ သူတို့ကို သိပ် အရောဝင်ကြတာ မဟုတ်ဘူး"

"အလိုလေးဗျာ… ဘာလို့များလဲ"

ကျွန်တော်က တအံ့တဩ မေးလိုက်၏။

"ဒေါ်အိုဇာဆိုတာ သည်ရွာက သူ့ကို သိထားကြတာ 'စုန်းမကြီး'လို့ ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကျွန်တော်သည် လင်းမြင့်လှိုင်ကို အံ့ဩတကြီး မျက်နှာဖြင့် ကြည့်လိုက်၏။

"ဘယ့်နှယ် သူကြီးရယ်၊ ဒါမျိုးတွေက မရှိကြတော့ပါဘူး"

"ဒေါ်အိုဇာဆိုတာ ဘာလုပ်တုန်း"

ကျွန်တော်က ကြားဖြတ်မေးလိုက်၏။

"ဗေဒင်ဆရာမလိုလို၊ နတ်ဆရာမလိုလို၊ အကြားအမြင် ရထားတဲ့သူလိုလိုပါဗျာ"

"မောင်သားသားက ဘယ်လိုလုပ် သူတို့နဲ့ ပတ်သက်ရ တာတုန်း"

မောင်ဟန်က ဝင်ပြောလေ၏။

"ဟိတ်ကောင် မောင်ဟန် မင်းလည်းအသိပဲ၊ ဒေါ်အိုဇာ သမီးက ,အချောကလေးရယ်၊ ဘာ မင်းက မသိချင်ယောင် ဆောင်နေတာတုန်း။ မင်းတောင် အစက ကလေးမလေးကို ငမ်းနေတာပဲ၊ နောက်မှ သူ့အမေ ဒေါ်အိုဇာဆိုတာသိတော့ မင်း ရှာတောင်မလာတော့ဘူး မဟုတ်လား"

"ဟာ... မဟုတ်ပါဘူး သူကြီးရယ်၊ သည်လောက်ကြီး လည်း မဟုတ်ပါဘူး၊ ရှက်ကြမ်းရေကျိုလေးပါ"

"မင်း တတ်လည်း တတ်နိုင်တယ်၊ မင်း ချစ်ရေးဆိုမရလို့ မဟုတ်လား"

"ဟီး ဟီး ဟီး... ဟင်း ဟင်း"

မောင်ဟန်တစ်ယောက် ရှက်ရယ် ရယ်နေလေတော့၏။

ကျွန်တော် စိတ်ဝင်စားသွားရတော့၏။ သည်ရွာတွင် ခည်ကောင်မလေးက မောင်သားသားအတွက် အခရာ ပတ်သက် နေသူလို့ ထင်လိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com


သို့ကြောင့်...

"နို့ဖြင့် သူကြီးရယ်...ဖြစ်နိုင်လျှင် ကျွန်တော့်ကို ဒေါ်အိုဇာနဲ့ တွေ့ပေးပါလား"

သို့ပြောလိုက်သည်တွင် သူကြီးက ကျွန်တော့်အား ထူးဆန်းသောလူတစ်ယောက်လို ကြည့်လာချေတော့၏။ ပြီးတော့မှ...

"ဆရာလေး ဘာလဲ ဒေါ်အိုဇာနဲ့ တွေ့ချင်တာလား။ သူ့သမီးဆိုတာကို စိတ်ဝင်စားတာလား"

လို့ မေးလာတော့၏။

"တလွဲမတွေးပါနဲ့ သူကြီးရယ်၊ ကျွန်တော် စိတ်ဝင်စားတာ ဒေါ်အိုဇာလည်း မဟုတ်ဘူး၊ သူ့သမီးလည်းမဟုတ်ဘူး။ ကျွန်တော် မောင်သားသားကို စိတ်ဝင်စားတာ"

"ဟော"

မောင်ဟန်ကလည်း ကျွန်တော့်ကို တအံ့တသြ ကြည့်လာချေ၏။

လင်းမြင့်လှိုင်က ပြုံးစိစိလုပ်နေလေ၏။

"မောင်သားသားနဲ့ ဆရာလေးတို့ ဘယ်လို ပတ်သက်လဲ"

သူကြီးက သို့ ရုတ်ခြည်းမေးလာသဖြင့် ကျွန်တော်သည် အင်ပင်ကုန်းရွာသား လူသတ်သမားကြီး စောခုရှိုးနှင့် ဆုံခဲ့ပုံ၊ သူတို့သူငယ်ချင်းနှစ်ယောက် ဖြစ်ရပ်စုံတို့ကို ပြောပြလိုက်၏။

"ဩော်... သည်လိုလား။ အင်း... မောင်သားသားကတော့ စောခုရှိုးဆိုတဲ့သူကို သူ့အဖေကိုသတ်ရကောင်းလားဆိုပြီး ခုထိ အစာမကျေ ဖြစ်နေပုံပဲကွ၊ အေး...ပြောရဦးမယ်၊ ဒေါ်အိုဇာဆိုတာ တစ်ချိန်က သူ့အဖေမောင်သိန်းနဲ့ သူငယ်ချင်း စောခုရှိုးတို့ အင်မတန်ကို ပလဲနံပ သင့်ခဲ့ကြတာကလား၊ ဒေါ်အိုဇာက သူတို့ နှစ်ယောက်အကြောင်း ကောင်းကောင်းသိတဲ့သူလေ၊ သည်ရွာမှာ


www.burmeseclassic.com

www.burmeseclassic.com



မောင်သီးတို့ စောခူရှီးတို့အကြောင်း ဂယနဏ သိသူဆိုလို့ ဒေါ်အိုဇာပဲ ရှိတာကလား"

သို့ သူကြီးပြောသည်ကို သိလိုက်သည်ကြောင့် ကျွန်တော် ဝမ်းသာသွားရတော့၏။

ဒေါ်အိုဇာသည် မောင်သီး၊ စောခူရှီးတို့နှင့် ပတ်သက်နေသူဆိုတော့ မောင်သားသားနှင့်လည်း ပတ်သက်နေပေလိမ့်မည်။ သို့ကြောင့် မောင်သားသားသည် ဒေါ်အိုဇာနှင့် ပလဲနံပသင့်သူ ဖြစ်ကောင်း ဖြစ်နေခြင်းပင်ဟု ထင်လိုက်၏။

သို့ကြောင့်...

"ကဲပါ... သူကြီးရယ်၊ ကျွန်တော်တို့ကို ညနေကျလျှင်သာ ဒေါ်အိုဇာနဲ့ဆုံဖို့ စီစဉ်ပေးချေဗျာ"

သူကြီး ဦးလိမ် ကျွန်တော့်ကို တွေဝေကြည့်နေရာမှ ခေါင်းညိတ်ပြလာတော့၏။ သို့ပေမင့်လို့ ကျွန်တော့်ကို အံ့သြနေဟန်တူချေ၏။

"ကဲ... မင်းတို့ ဘာမှ မစားရသေးဘူးလား"

သူကြီး မေးလာချေ၏။

"ဘယ်စားရဦးမလဲ သူကြီးရဲ့၊ ကဲ... ညည်းသည်တွေကို စားခဲ့မယ်၊ ညည်းသည်တွေကိုပဲ ကျွေးပါ၊ ကျုပ်တော့ ရွာထဲ လျှောက်ချေဦးမယ်"

သို့ဆိုလျက် မောင်ဟန်သည် သူကြီးအိမ်မှ ထွက်သွားလေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူကြီးစီစဉ်ပေးသည့် နေရာတွင် သေနတ်နှင့် ပစ္စည်းများကို ပုံထားလိုက်လေပြီး အညောင်းပြေ ကျောဆန့်လိုက်ကြ၏။

"တော်နေ...ရေချိုးချင်လျှင် အိမ်နောက်ဘက်ကိုဆင်းသွား ချောင်းရှိတယ်၊ ဆရာလေးတို့စားဖို့ စီစဉ်လိုက်ဦးမယ်"

www.burmeseclassic.com



ဆိုလျက် သူကြီးသည်လည်း အပြင်ထွက်သွားလေတော့၏။

"ကဲ... ကိုလင်း... တော်နေ ရေမိုးချိုးလိုက်ကြစို့ဗျာ"

သို့ ကျွန်တော်က ပြောလိုက်ရင်း လင်းမြင့်လှိုင် အိတ်ထဲမှ ဝီစကီပြားလေးကို လှမ်းနှိုက်ယူလိုက်တော့၏။

"သည်မှာလုပ်လို့ ဖြစ်ပါ့မလား"

လင်းမြင့်လှိုင်က ပြောလေ၏။

"ဖြစ်ပါတော်... အိမ်ကလူကြီးတော့ မတိုက်နဲ့၊ ရော့... သည်မယ် ခွက်"

"ဟင်"

"အလို"

ဘယ်အချိန်က ကျွန်တော်တို့နား ရောက်နေလေသည် မသိ။ ခပ်ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ယောက်က ကြွေခွက် (လက်ဖက်ရည်ခွက်) နှစ်ခွက်ကို လာပေး၏။ ကျွန်တော်တို့က ထိုအမျိုးသမီးကြီးကို ကြောင်း၍ ကြည့်နေစဉ်...

"ကျွန်မက သူကြီးမယားလေ၊ ကျုပ်က ဒါမျိုးတွေ ကြုံဖူးနေပြီ၊ ဟိုကောင် မောင်ဟန်နဲ့ တောခေါင်းသိန်းလွင် ရောက်လာပြီဆိုလျှင်ဖြင့် ကျုပ်ယောကျ်ားက သူကြီးတန်မဲ့ အရက်သွားဝယ်ပေးနေရတာယ်လေ၊ ပြီးတော့ သူပါ ရောသောက်တော့ မူးလျှင်ဖြင့် မအိုဇာကို ပြဿနာရှာပြီကလား"

"ဟင်"

"အလို"

ဘယ်လိုပါလိမ့်။ သူကြီးက မူးလျှင် ဘာလို့ ဒေါ်အိုဇာကို ပြဿနာ ရှာရတာပါလိမ့်။ သို့ကြောင့် သူကြီးကတော်ကို မအိုဇာ အကြောင်း မေးကြည့်ရန် စဉ်းစားလိုက်မိသည်ကြောင့် လဲလျောင်းနေရာမှ ထလိုက်သည်တွင်...



www.burmeseclassic.com

www.burmeseclassic.com



"ဟော... ပြန်လာပြီ၊ သူ့ကို မတိုက်ကြနဲ့နော်"

ဆိုလျက် အိမ်နောက်ခန်းအတွင်း လှစ်ခနဲ ပြန်ဝင်သွားလေတော့၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်ကို တစ်ယောက် ကြည့်နေမိကြတော့၏။

ကျွန်တော်တို့အတွက် ဒေါ်ဒိုဇာ၊ သူကြီးနှင့် သူကြီးကတော်၊ ပြီးတော့ မောင်သားသားတို့သည် စိတ်ဝင်စားဖွယ် ဖြစ်ရလေတော့၏။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူကြီးကတော် ပေးလာသည့်ခွက်ဖြင့် ဝိစကီကို ထည့်သောက်လိုက်ကြ၏။

"အလိုလေးတော်... မြို့သားတွေ လုပ်ပြီး အရက်ကို အမြည်းမပါ ဘာမပါနဲ့ ဘယ်သင့်တော်ပါ့မလဲ၊ ရော့ ရော့... သည်မယ် မနက်ကချက်ထားတဲ့ ကြက်ကာလသားချက် ရှိတယ်၊ နွှေးလာပေးတာ ပူပူလေး... အရည်သောက်၊ ကောင်းမှကောင်း ဆော့"

ဝိစကီကို ကြက်ကာလသားချက်နှင့် အရည်သောက်၊ အမြည်းလုပ်ဖို့ပေးသည့် သူကြီးကတော်ကို သဘောကျစွာ ကြည့်နေလိုက်၏။

မည်သို့ပင်ဆိုစေ သူကြီးကတော်၏ စေတနာကို အသိအမှတ် ပြုသည့်အနေဖြင့် ကာလသားချက် အရည်ကို တစ်ဖွန်း ခပ်သောက်လိုက်၏။

"ဟွီးလ်...ကောင်းလိုက်တာသူကြီးကတော်ရယ်၊ ကိုယ်တိုင် ချက်မဲလား"

သို့ ကျွန်တော်က ကျေနပ်နှစ်သိမ့်စွာ ပြောလိုက်သည်တွင် သူကြီးကတော်သည် ပြုံးလို့နေချေပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မချက်လို့ ဘယ်သူ ချက်ရမှာတုန်းတော်၊ သည်
ရွာမယ် ကာလသားချက် အကောင်းဆုံးက ကျုပ်ပဲလို့ တစ်ရွာလုံးအ
ပြောကြတာပဲ၊ ဟင်း ဟင်း... နို့ကြောင့်လည်း သူကြီးအ
ကျုပ်ကို တော်ကောက်ထားတာပေါ့"

"ဟင်း ဟင်း ဟင်း ဟင်း"

"ဟီး ဟီး ဟီး ဟီး"

သူကြီးကတော်၏အပြောကို ကျွန်တော်နှင့် လင်းမြင့်လို့
သဘောကျသွားသည်ကြောင့် ရယ်မောနေလိုက်ကြတော့၏။

"ကတော် ကတော် ကတော် ကတော် ကတော်"

"ဘတ်"

"ဖလပ် ဖလပ် ပလပ် ပလပ်"

သို့ ရှိစဉ် သူကြီးသည် အိမ်ပေါ်သို့ ကြက်အရှင်နှစ်ကောင်
ဆွဲ၍ တက်လာပြန်တော့၏။

"ရွာထဲမယ် ဟင်းစား ဒါပဲရှိတယ်ဟာ၊ မင်းလက်ရာလေး
လုပ်လိုက်ပါဦး"

သို့ သူကြီးက သူယူလာသည့် ကြက်နှစ်ကောင်ကို သူကြီး
ကတော်အား လှမ်းပေးရင်း ပြောလိုက်သဖြင့်...

"မနက်က ကာလသားချက်ဟင်းတွေ ရှိသေးတယ်
သည်မယ် ပော့မိတ်ဆွေတွေ အရက်သောက်နေတာ အမြည်း
အတွက်လည်း အဆင်ပြေအောင် ကြွပ်ကြွပ်ကြော်လိုက်မယ်ရှင်
မကောင်းဘူးလား"

လို့ ကြက်နှစ်ကောင်ကို လှမ်းယူရင်း ပြောလိုက်၏။

"မင်းကြိုက်သလို လုပ်ပါကွာ၊ ဘာပြောပြော ကြွပ်ကြော်
အရက် လိုက်ဖက်ညီတာပေါ့၊ ငါလည်း..."



www.burmeseclassic.com

www.burmeseclassic.com



သို့ သူကြီးစကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်သည်ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သူကြီးကို လှည့်ကြည့်လိုက်ကြတော့၏။

"ဟင်"

"အာ"

သူကြီးကတော်က သူကြီးကို မျက်စောင်းခဲကြည့်နေလေခြင်းကြောင့်ပါကလား။

ကျွန်တော်နှင့် လင်းမြင့်လှိုင် သဘောပေါက်သွားသည်ကြောင့် သူကြီးကို ပြုံးစိစိဖြင့် ကြည့်လိုက်ကြတော့၏။

သည်တွင် သူကြီးသည် ရှက်ပြုံးလေး ပြုံးလာချေပြီး...

"ငါ မသောက်တာ ဘယ်လောက်ကြာပြီလဲကွာ၊ ခုဟာက မြို့က ဧည့်သည်တွေကွ၊ ငါ့အလုပ်က ရွာသူကြီးလေကွာ၊ သူတို့အရက် သူတို့ဘာသာ ထုတ်သောက်နေရတယ် ဆိုတာတောင်မှ ငါ သူကြီးတစ်ယောက်ရဲ့သိက္ခာ ကျပြီပေါ့ကွ"

"နို့ဖြင့်...တော်က ဆင်ဖြူတော်မှီပြီး ကြံစုပ်ချင်တာပေါ့"

သည်တွင် ရွာသူကြီးက တစ်ခု စဉ်းစားဟန် ပြုလိုက်လေပြီး...

"ဩော်... မင်းကို မယ်ရှင်က မှာလိုက်သေးတယ်"

လို့ ပြောလိုက်သည်တွင် သူကြီးကတော်က ပျာပျာသလဲအမူအရာဖြင့်...

"ဘာလဲ... ဘာလဲ... ကျိုက်စကိုင်းက ငါးပိ ငါးခြောက်သည် ရောက်နေလို့လား"

"အေး"

"အေး... နို့ဖြင့် ကျုပ်သွားလိုက်ဦးမယ်"

"မင်းမယ် သွေးတိုးရှိတယ်၊ အငန်တွေ သိပ်မစားနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုရှင်... ငါ့ပုပ်ပြားကို ကျုပ် သိပ်ကြိုက်တာ ရှင်အသိပဲ၊ ရောက်တုန်းရခိုက် သွားဝယ်ထားချေဦးမယ်၊ ကျုပ် မယ်ရှင်နဲ့ စကားတွေ ပြောကြဦးမယ်၊ သည့်တော့ ရှင် ညွှဲသည်တွေကို အဖော်လုပ်နေရစ်ခဲ့ချေ၊ အေး... တော် သောက်ချင်လျှင်ဖြင့် ကိုယ့်ကျန်းမာရေး ကိုယ်တွက်ပြီး သောက်ပေါ့ရှင်... ဟုတ်လား"

ဆိုလျက် အိမ်ပေါ်မှ ကပျာကသီ ဆင်းသွားလေတော့၏။

သူကြီးကတော်ကိုကြည့်၍ ကျွန်တော်နှင့် လင်းမြင့်လှိုင် လွန်မင်းစွာ သဘောကျသွားရလေ၏။

"ငါးပုပ်ခြောက်က ငါ့ကို အရက်သောက်ခွင့်ပါမစ် ပေးလိုက်တာကွ"

သို့ဆိုလျက် သူကြီးသည် ခွက်တစ်လုံးယူ၍ ကျွန်တော်တို့နား လာလေတော့၏။

"ကျုပ် တစ်ခွက်လောက် သောက်ပြီးလျှင် ရွာထဲသွား တစ်လုံးရှာယူချေဦးမယ်"

"နေပါစေ သူကြီး... ကျွန်တော်တို့မယ် အလုံအလောက် ပါပါတယ်"

ဆိုလျက် လင်းမြင့်လှိုင်က ပြောလိုက်လေ၏။

သည့်တွင် သူကြီးက နှစ်ခြိုက်စွာ ပြုံးလိုက်လေပြီး...

"အခုလိုအရက်မျိုး တောခေါင်းသိန်းလွင် ယူယူလာလို့ သောက်ဖူးတာပဲ၊ သိပ်ကြိုက်တာပေါ့ကွာ၊ ကျုပ် အားနာတာ ကျုပ်တို့ဆီမယ်တော့ 'တော'ပဲ ရှိတယ်၊ ထွေးညိုလို့ ခေါ်တာပေါ့ ဆရာလေးတို့တော့ ကြိုက်မထင်ပေါင်၊ နံတယ်လို့ပဲ ပြောမှာပေါ့"

သို့ ပြောလာသဖြင့် ကျွန်တော်သည် အားတုံ့အားနာ ကြည့်လိုက်လေပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လည်း တောကို သောက်လေ့သောက်ထ ရှိပါတယ်၊ ခုဟာက သူကြီးကို အားနာလို့ပါ"

လို့ ပြောလိုက်၏။

"ကဲ... ကျုပ် ကြက်ကြော် ကိုယ့်ဘာသာ ကြော်ရတော့ မှာပဲ၊ အမယ်ကြီးတော့ ငါးပုပ်ခြောက် အနံ့ရတာနဲ့ လစ်ပြီ"

သို့ဆိုလျက် သူကြီးသည် ကြက်ကြော်ရန် အလို့ငှာ နောက်ဖေးခန်း ဝင်သွားလေတော့၏။

အတန်ကြာအချိန်တွင် ကြက်ကြော်တစ်ပန်းကန်နှင့် သူကြီး ပြန်ထွက်လာတော့၏။

သည့်နောက်တွင် ကျွန်တော်တို့သည် သူကြီးနှင့်အတူ လွတ်-ွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် စားသောက်နေလိုက်ကြ တော့၏။

သူကြီးကတော်လည်း အိမ်တွင်မရှိသည်ကြောင့် လွတ်လပ် ခြင်းကြောင့် သူကြီးသည် လိုသည်ထက် ရေချိန်ပိုသွားသည်ဟု ထင်ရချေ၏။ ကျွန်တော်တို့ အရက်ဝိုင်းအနားမှာပင် ကြမ်းခင်းပေါ် မှောက်လျက် အိပ်ပျော်သွားတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူကြီးကို ကြည့်၍ သဘောကျသွားမိကြတော့၏။

"မင်းတို့အရက်က မမူးလောက်ပါဘူးကွ၊ မမူးလောက် ဘူးကွ"

ဆိုလျက် တစ်ခွက်ပြီးတစ်ခွက် ဆင့်ကဲဆင့်ကဲ သောက် လိုက်လေခြင်းကြောင့် ရေချိန်များ မှောက်သွားလေခြင်း ဖြစ်လေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝိုင်းသိမ်းပြီလည်း ဖြစ်သည်ကြောင့် ရေချိုးရန်အလို့ငှာ သူကြီးအိမ် နောက်ဘက် ချောင်းလေးအတိုင်း တိုးဆင်းသွားလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလေးတွင်းသို့ ရောက်သည့်တွင် မှောင်စပျိုးနေပြီ ဖြစ်တော့၏။ ရေသည် ခြေသလုံးသားလောက်သာလျှင် ရှိချေ၏။ သို့ပေမင့်လို့ စီးဆင်းနေသည် ဖြစ်ခြင်းကြောင့် ထိုရေနှင့်ပင် မျက်နှာသစ် ခြေဆေးလိုက်ကြ၏။

သို့ ချောင်းရေနှင့် ခြေဆေး မျက်နှာသစ်နေစဉ်...

"ရှင်...ရှင်...ရှင် ဘာလုပ်တာတုန်း"

သို့ အသံကြောင့် ချောင်းအထက်ဘက်သို့ လှမ်းကြည့် လိုက်ကြ၏။

အလိုလေးဗျာ... လူလုံးတော့ဖြင့် မသဲကွဲ။ မိန်းမပျို တစ်ယောက်၏လက်ကို ယောကျ်ားသားတစ်ယောက်က ဆွဲလွဲ နေခြင်းကြောင့် ထိုအမျိုးသမီးက ရုန်းကန် အော်ဟစ် ပြောနေ လေခြင်း ဖြစ်တော့၏။

သို့ကြောင့်...

"ကိုလင်း...ဟိုမယ် ကြည့်စမ်း။ မိန်းမပျိုလေးကို ယောကျ်ား သား တစ်ယောက်က နိုင်ထက်စီးနင်း လုပ်နေပြီလား မသိဘူးဗျ"

ဆိုလျက် ကျွန်တော်သည် စူးစိုက်ကြည့်နေလိုက် တော့၏။

"တစ်ရွာတည်းသားချင်း ဖြစ်လိမ့်မယ်ဗျ။ ဘာပဲဖြစ်ဖြစ် ဒါမျိုးတော့ လက်မခံပေဘူးဗျ"

ဆိုလျက် လင်းမြင့်လှိုင်သည် ထိုနေရာသို့ သွားလိုက် လေ၏။

ကျွန်တော်သည်လည်း နောက်မှ လိုက်သွားလေ၏။

"ဟင်"

ထိုယောကျ်ားသားက ကျွန်တော်တို့ သူတို့ထံ လာနေ သည်ကို သိလေခြင်းကြောင့် ထိုနေရာလေးမှ ရုတ်ခြည်းပြေးသလို ထွက်ပြေးသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုလေးသည်လည်း ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို အားကိုးတကြီး အမှုအရာဖြင့် ကြည့်နေလေ၏။

"ဘယ်လိုဖြစ်တာလဲ ကလေးမ"

ကျွန်တော်က မေးလိုက်၏။ ပြီး စေ့စေ့ကြည့်လိုက်၏။ အလိုလေးများ၊ မိန်းမပျိုလေးသည် အသက်အားဖြင့် နှစ်ဆယ် ကျော် အစိတ်ထက် ပိုမည့်ပုံမပေါ်။ နွမ်းနွမ်းဖတ်ဖတ် အဝတ် အစားတို့ကို ဝတ်ထားသည်ဆိုငြား သပ်သပ်ရပ်ရပ်တော့ဖြင့် ရှိချေ၏။ ဖားလျားချထားသော ဆံပင်သည် သူမ၏ ဖောင်းဖောင်း မို့မို့ တင်သားကို ဖုံးလွှမ်းလို့ ရှိ၏။ သေးသွယ်သော ခါးနှင့် မို့မို့မောက်မောက်ရင်သားတို့က သူမ၏အလှကို အမိက ကိုယ်စား ပြုဟန် ရှိချေ၏။

"မင်း သည်ရွာသူလား"

သို့ မေးလိုက်၏။

"ဟုတ်"

"စောစောကလူက ဘယ်သူလဲ"

"ဦးမောင်ဟန်"

"ဟင်"

"ဘယ်လို"

မောင်ဟန် ဆိုလေသည့်ကြောင့် ကျွန်တော်နှင့် လင်းမြင့် လှိုင်သည် တစ်ယောက်ကို တစ်ယောက် အံ့သြတကြီး ကြည့် မိကြတော့၏။

"ကလေးမကို သူ..."

သို့သာ အစပျိုးရုံရှိ၏။ သူမသည် တရှုံ့ရှုံ့ ငိုကြွေးနေ တော့၏။

"ဟင်း ဟီး... ရှတ် ရှတ်... ဟင်း အင့် အီး



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမနဲ့ နဂိုက သိကြလား"

"အင်း"

"နို့ဖြင့် အကျိုးအကြောင်း ပြောပြပါလား"

"အဲဒီ လူစဉ်မမီတဲ့လူကို ကျွန်မ သိပ်မုန်းတာ၊ ကြည့်မရ ဘူး... ဦးတို့နဲ့ ပါလာတာမဟုတ်လား"

"အေးလေ... သူ မင်းကို မတော်မတရား လုပ်တာ ဆိုလျှင်ဖြင့် ဦးတို့ သူ့ကို ကောင်းကောင်းဆုံးမမယ်"

သို့ ကျွန်တော်က ပြောလိုက်၏။ တကယ်လည်း မောင်ဟန် ကို မကျေမနပ်ဖြစ်ရ၏။

ဘာကြောင့်များ သို့ လုပ်ရပါလိမ့်။

"ဦး"

"ပြောလေ"

"ဦးတို့က ညှိသည်ဆိုတော့ ဦးတို့မျက်နှာ ထောက်ထား တဲ့အနေနဲ့ သည်လူကြီးကို တစ်ကြိမ်တစ်ခါမို့ ခွင့်လွှတ်လိုက်ပါ့မယ်၊ နို့ပေမင့်လို့ သည်ကိစ္စ သူကြီး မသိပါစေနဲ့နော်၊ ကျွန်မလည်း အမေ့ကို ဘာမှမပြောပါဘူး"

"ဟေ"

"ဟင်"

ဘယ်လိုပါလိမ့်...။ အပြောင်းအလဲ မြန်လှချည်လား။ အင်းလေ...ဘယ်လိုသဘောနဲ့ဖြစ်ဖြစ် ပြဿနာတစ်ခုကို အေးအေး ဆေးဆေး အဆုံးသတ်နိုင်သည့် အတွက်တော့ဖြင့် ကလေးမကို ကျေးဇူးတင်မိပေတော့၏။

သို့နှုတ်ပြောပြီး မိန်းမပျိုလေးသည် ပြေးထွက်သွားတော့၏။

"သည်ကောင်မောင်ဟန် လူရှုပ်ပေပဲဗျ။ နေပလေ့စေ... သူနဲ့တွေ့တော့မှ ကောင်းကောင်းဆုံးမလိုက်ချေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က ပြောပြီး ချောင်းထဲမှ တက်ခဲ့ကြတော့၏။

ကျွန်တော်တို့ သူကြီးအိမ် ပြန်ရောက်သည့်တွင် မောင်ဟန် ပြန်ရောက်လာခြင်း မရှိသေးချေ။

သူကြီးကတော်လည်း ပြန်ရောက်ပြီး အိပ်ပျော်နေပြီ ဖြစ်ချေ၏။ ထိုညတွင် ကျွန်တော်တို့သည် မောင်ဟန် ပြန်အလာကို စောင့်နေသော်လည်း ကျွန်တော်တို့သာလျှင် အိပ်ပျော်သွား၏။ မောင်ဟန် ရောက်မလာချေ။

အိပ်ရာမှနိုးသည့်တွင် မိုးစင်စင်လင်းလေပြီဖြစ်ရာ–

"ညက မောင်ဟန် ပြန်မလာဘူးလား"

မနက်ခင်းစာအတွက် ပြင်ဆင်ထားသည့် စားပွဲဝိုင်းတွင် ထိုင်နေသည့် သူကြီးကို ကျွန်တော်က မေးလိုက်၏။

"သည့်ကောင် ရွာထဲမှာပဲ အိပ်နေမှာပေါ့"

"ရွာထဲမယ် သူ့အသိရှိလား"

"သည်ကောင်က လူကသာ ပုတယ်၊ ရွာရောက်တာနဲ့ လျှောက်သွားတော့တာပဲ၊ အဓိက သူအသွားများတာ မဒိုဇာတို့ အိမ်ပဲ"

"ဗျာ"

သူကြီးက သို့ပြောလေသည့်ကြောင့် ယနေ့ညနေက မဒိုဇာ သမီး ဆိုသူနှင့် ပတ်သက်သည့်ကိစ္စကို သတိရလိုက်တော့၏။

"ဘာလဲ... သူက မဒိုဇာသမီးကို ကြိုက်နေလို့လား"

"သည့်အပြင် ဘာရှိမှာတုန်းဆရာလေးတို့ရယ်၊ သည်ကောင် အဲဒီကလေးမကို ငမ်းငမ်းတက်ပဲ၊ သူ့ဆရာ သိန်းလွင်ကဆိုလျှင် 'သူကြီး ကျုပ်ကောင်တော့ မဒိုဇာသမီးကို သဘောကျနေပြီဗျ၊ သူကြီး ဘယ်လိုသဘောရလဲ' လို့ သည်ရွာ ရောက်လာတိုင်း ပြောလေ့ရှိတယ်၊ နို့ကြောင့် ကျုပ်က 'ကောင်မလေးဘက်က



www.burmeseclassic.com

www.burmeseclassic.com



သဘောတူလျှင်ဖြင့် ကျုပ်တို့အနေနဲ့ ဘာကန့်ကွက်စရာရှိမတုန်း၊ နို့ပေမင့်လို့ ဖြစ်နိုင်လျှင် ခင်ဗျားကောင်ကို မဒိုဇာသမီးနဲ့ မပေးစားစေချင်ဘူး'လို့ သတိပေး နေရသေးတယ်ဗျ"

"ဗျာ... ဘယ်လို သူကြီး ရှင်းအောင်ပြောပါလား"

ကျွန်တော်က တအံ့တသြ မေးလိုက်၏။

"မဒိုဇာကို ရွာထဲက စုန်းမကြီးလို့ သိထားကြတာ၊ သည်တော့ ကျုပ်အနေနဲ့ ပြောရလျှင် မောင်ဟန်ကို ဒိုဇာသမီးနဲ့ မနီးစပ်စေချင်ဘူး"

"သူကြီးရယ် ဟုတ်ပါ့မလားဗျာ၊ သူ့သမီးလေး ကြည့်ရတာ မွန်မွန်ရည်ရည်နဲ့ အချောလေးပါ၊ နို့ကြောင့် သူ့အမေလည်း သူကြီးတို့ပြောသလို စုန်းမကြီးဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ သူကြီးတို့ တစ်ခုခု မှားနေပြီထင်ပါရဲ့"

"မောင်ရင်လေးတို့က ဘာသိလို့တုန်း၊ ပြီးတော့ မေးရပါဦးမယ်၊ မဒိုဇာသမီးကို မွန်မွန်ရည်ရည်နဲ့ အချောကလေးလို့ ပြောရအောင် ဆရာလေးတို့က ဘယ်တုန်းက မြင်ဖူးလို့လဲ၊ ဆရာလေးတို့ အလျင်က သည်ရွာရောက်ဖူးလို့လား၊ ကျုပ်သိရ သလောက် ဆရာလေးတို့ သည်ရောက်ကတည်းက ဘယ်မှသွားကြ တာလည်း မဟုတ်ဘူး၊ ကျုပ်အိမ်မှာပဲ ရှိနေကြတာမဟုတ်လား"

သို့ သူကြီးက ပြောလေသဖြင့်-

"ဩော်...အင်း... ကျွန်တော်က စိတ်ကူးနဲ့မှန်းပြီး ပြောလိုက်မိတာပါ"

လို့ စကားကို လွှဲပြောလိုက်ရချေ၏။

"ကဲ ကဲ... ဆရာလေးတို့ကို မဒိုဇာအိမ် လိုက်ပို့မယ်"

သို့ သူကြီးက ပြောလေသဖြင့် ကျွန်တော်သည် သူကြီးကို အံ့သြတကြီး ကြည့်နေမိသဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး မနေ့က ပြောထားတာပဲ၊ မအိုဇာနဲ့ တွေ့ချင်တယ်ဆို"

"ဩော်...ဟုတ်ပါရဲ့၊ ဟင်း ဟင်း... ကျွန်တော်က မအိုဇာနဲ့ တွေ့ချင်တယ်ဆိုတော့ ကျွန်တော့်မိတ်ဆွေကြီး စောခူရှိုးနဲ့ ပတ်သက်တဲ့ မောင်သားသားလေးကို အဓိက တွေ့ချင်တာပါဗျာ၊ မောင်သားသားက မအိုဇာအိမ်မှာ နေဆိုဗျ၊ သူကြီး မနေ့က ပြောတာလေ"

"အေး... ဟုတ်တယ်လေ"

"မအိုဇာနဲ့ မောင်သားသား ဘယ်လိုပတ်သက်လို့တုန်း"

"ပြောခဲ့ပြီး မဟုတ်လား... မအိုဇာက မောင်သီးတို့ ရှုရှိုးတို့နဲ့ ပလဲနံ့ပ သင့်နေခဲ့ကြတာလေ"

"ဩော်... အင်းလေ၊ မအိုဇာနဲ့ တွေ့လေမှ စောခူရှိုးတို့ မောင်သီးတို့အကြောင်း မေးစမ်းကြည့်ရဦးမယ်"

"ကဲ... ဆရာလေးတို့... လာစားကြချေဦး။ စားသောက်ပြီးလေမှ မအိုဇာအိမ် သွားကြတာပေါ့"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မျက်နှာသစ်သိုက်ကြပြီးနောက် သူကြီးစီစဉ်ထားသည့် နံနက်ခင်း ထမင်းဝိုင်းလေးတွင် ဝင်ထိုင်လိုက်ကြတော့၏။

အလိုလေးဗျာ... ဟင်းအမယ်တွေ စုံလှချည်ကလား။ ဘယ်အချိန်က ထချက်လိုက်တာပါလိမ့်။ ပြီးတော့လည်း စောစောစီးစီး နံနက်ခင်းစာ စားလေ့စားထ ရှိကြပုံပင်။

ကျွန်တော်တို့ နံနက်ခင်းစောစောစာ စားသောက်ပြီးသည်နှင့် သူကြီး၏ ဦးဆောင်မှုဖြင့် ဒေါ်အိုဇာအိမ်သို့ ထွက်ခဲ့ကြတော့၏။

သွားလာရင်းလော့လာမိသည်တွင် ရွာလေးသည် အိမ်ခြေသိပ်ရှိလှသည်မဟုတ်။ သုံးလေးဆယ်လောက်သော ရှိချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်နှင့်တစ်အိမ် ခပ်လှမ်းလှမ်းရှိကြ၏။ အိမ်နှင့် လုပ်ငန်းတွဲနေသည်ကများ၏။ အိမ်ခြံဝင်းကျယ်လို့ သတ်သတ်မှတ်မှတ် မရှိချေ။ သစ်ပင်ကြီးများ အစီအရီ စိုက်ထားခြင်းဖြင့် ခြံသဘော သတ်မှတ်ထားကြခြင်းဖြစ်၏။ ရွာလမ်းရယ်လို့လည်း သတ်သတ်မှတ်မှတ် မရှိချေ။ အိမ်ကြိုအိမ်ကြား ခြံကြိုခြံကြားမှ ဖြတ်သန်းသွားရခြင်း ဖြစ်၏။

တဲအိမ်တိုင်း၏ နောက်ဘက်တွင် သီးနှံပင်များ စိုက်ပျိုးထားကြ၏။ ရေတွင်းရယ်လို့တော့ မတွေ့။ ရွာကို ဖြတ်စီးဆင်းသွားဟန်တူသည့် ချောင်းရေကို အသုံးပြုကြခြင်းသာ ဖြစ်နိုင်ချေများ၏။ အချို့ ကြက်၊ ဘဲနှင့် ဝက်တို့ကို မွေးထားကြ၏။ ဈေးဆိုင်ရယ်လို့ မရှိ။ ရွာထိပ်အရောက် ကွင်းပြင်မတော့ စပါးစိုက်ပျိုးကြ၏။ စုပေါင်းစိုက် စုပေါင်းသုံးစွဲကြခြင်း ဖြစ်ချိမ့်မည်။ ယောကျ်ားများ မိန်းမ ဝတ်စားဟန်ပန် စသည် ဂျာစီပုံစံဆန်ဆန်ဖြစ်၏။ အဖြူရောင်ဆိုပေမင့် ဝါကြင့်ကြင့်ဖြစ်ချေ၏။ ယောကျ်ား အတော်များများတို့သည် အင်္ကျီဗလာကျင်း ရှိကြသည်ကများ၏။ ကလေးများဆိုပါလျှင် လုံးတီးသာ ဖြစ်ချေ၏။

ကိုယ်စီတွင်မတော့ လုံရှည်တို ကိုင်တွယ်ကြခြင်းဖြစ်၏။ သီးနှံစိုက်ပျိုးခြင်း၊ တောင်ယာလုပ်ခြင်းတို့ကို မိန်းမသားများကသာလျှင် လုပ်ကြဟန်တူ၏။

သူတို့အားလုံး၏ တူညီသောအချက်သည် မေးမှိန် ဖျော့လျော့သော မျက်ဝန်းများ ရှိကြခြင်းဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့သည် ရွာများဟု ဆိုရမည့်နေရာ အရောက်တွင် တောင်သရက်ပင်တို့ ပတ်ပတ်လည် ဝန်းရံလျက်ရှိသည့် တဲခပ်စုတ်စုတ်တစ်လုံးသို့ ရောက်လာကြ၏။

"ဝုတ် ဝုတ် ဝုတ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုတဲအတွင်းရှိရာသို့ ရှေ့မှ ဦးဆောင်ဝင်သွားသော သူကြီးကို ဝင်းအိမ်ရှေ့ရှိ ခွေးတစ်ကောင်က ထိုးဟောင်နေလေတော့၏။

"ဟဲ့...မအိုဇာ၊ နင့်ခွေးကောင်ကို မောင်းပါဦးဟဲ့၊ သည်မယ် ဧည့်သည်တွေပါတယ်"

သို့ သူကြီးက တဲအတွင်း လှမ်းကြည့် ပြောလိုက်သည်တွင်...

"ဧည့်သည်ဆိုတာ ကျုပ်ခေါ်ထားတာမှ မဟုတ်တာချည်း၊ ကျုပ်တို့သားအမိအတွက် တာဝန်ကျေတဲ့ ခွေးကောင်ကို ကျွန်မက ာဖြစ်လို့ မာန်မဲလို့တယ်ဖြစ်ပါ့မလဲရှင်၊ နို့ကြောင့် ခွေးကောင်ကိုတော့ ကြိမ်းမောင်း မထုတ်ပေးနိုင်ဘူး။ သူကြီးတို့ကို ကျုပ် လာထွက် ါ်မယ်"

ဘယ်လိုပါလိမ့်။ မိန်းမသံဖြစ်ပေမင့် မာန်ထန်လို့နေပြား ယံသာသာ ဖြစ်ချေ၏။

ဒေါ်အိုဇာ ဆိုသည့် အမျိုးသမီး ပြောလေခြင်းများလေလား။ အသံရှင်က မာရေကျောရေ ပြောဟန်ဆိုပေမင့် ထိုအသံသည် ချိုအာသံ ပေါက်နေချေ၏။ ထူးဆန်းသည်ဟု ကျွန်တော်ထင်မိ၏။

ကျွန်တော် ခန့်မှန်းချက်အရ ထိုအသံရှင်သည် သဘော ာကောင်းမည့်ပုံ ဖြစ်လောက်၏။ သို့ကြောင့် အသံရှင် ဲအတွင်းမှ ထွက်အလာကို စောင့်ကြည့်နေလိုက်၏။

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

ခွေးကောင်က အဟောင်မပျက်။ ကျွန်တော်တို့ တဲရှိရာ ဘက်သို့ မလာစေရန် ဟန့်တားနေခြင်း ဖြစ်တော့၏။

ခွေးကောင် ကြည့်ရသည်မှာလည်း ထူးခြားချေ၏။ ခေါင်း သေးနှင့် ကိုယ်လုံးကြီးကြီးဖြစ်၏။

ခွေးကောင်သည် ခွေးနှင့်မတူ။ ကျားသစ်ကောင်နှင့် တူနေ သေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သူကြီး ဧည့်သည်တွေကို ခေါ်လာတာ ဗေဒင်မေး နတ်မေးခိုင်းဖို့တော့ ဟုတ်ဟန်မတူဘူး၊ ဘာကိစ္စများတုန်း"

သို့ အသံနှင့်အတူထွက်လာသော အမျိုးသမီးကို မြင်လိုက်သည်တွင် လွန်မင်းစွာ အံ့ဩသွားရတော့၏။

မိန်းမသားတစ်ယောက်တွင် ရှိသင့် ရှိအပ်သည့် အလှ အမောင်းထက် ပိုနေပုံဖြစ်၏။ ရွှေဘိုမင်းကြီးက် အမျိုးသမီးဟု ပြောရချိမ့်မည်။

"အဲဒါ မဒိုဇာပဲ"

ဆိုလာသည့် သူကြီးအသံကြောင့် ကျွန်တော် အထင်နှင့် အမြင် တက်တက်စင် လွဲလေပြီကို သိလိုက်ချေတော့၏။

ကျွန်တော် ထင်ထားသည်မှာ ဒေါ်အိုဇာ ဆိုသည့်အတိုင်း အသက်ကြီးကြီး အမယ်အိုတစ်ယောက်ဖြစ်မည်၊ ခေါင်းက ဆံပင်တို့ ဖွေးဖွေးဖြူနေလိမ့်မည်၊ ပါးရေတို့ တွန့်နေကြချေမည်၊ မျက်ဝန်းတို့ မှေးမှိန်နေကြမည်။

ပြီးတော့ နှုတ်ခမ်းထူထူ နှာယောင်ပွပွ၊ နားတွင် ပုံဆိုးပဲဆိုး နားကပ်ကြီး ပန်ထားလိမ့်မည်။ ပြီးတော့ ပိန်ရှည်ရှည် ပြားကပ်ကပ် ဖြစ်မည့်အပြင် လူ့တစ်ရပ်ထက် အရှည်ရှိသည့် တောင်ဝှေး တစ်ချောင်းကို ကိုင်ထားလိမ့်မည်။

ယခု သို့မဟုတ်ပါတကား။ လုံးဝဆန့်ကျင်ဘက်ကြီး ဖြစ်နေ တော့၏။

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

ခွေးကောင်က သခင် ထွက်လာသော်လည်း ကျွန်တော် တို့ကို စူးစူးဝါးဝါးကြည့်၍ ဟောင်နေလေဆဲဖြစ်၏။

အမျိုးသမီးကြီးသည် ခွေးကောင်နား ရောက်သည်တွင် ဦးခေါင်းကို လက်ဖြင့် ပွတ်သပ်လိုက်လေပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သူကြီးလေပဲ ... သူကြီးနဲ့ ပါလာတဲ့သူတွေ ကတော့ လူဆိုးလား၊ လူကောင်းလား မပြောတတ်ပေဘူး။ နို့ပေမင့်လို့ ဒို့ညည်းသည်လို့ပဲ ပြောရမှာပေါ့၊ ကဲ ကဲ ... နေ့ နင် သွားတော့"

သို့ အမျိုးသမီးက ပြောလိုက်သည်နှင့် ခွေးကောင် သည် လူစကား နားလည်လေသည်အလား မှတ်ရလောက်၏။ ထိုနေရာလေးမှ အဝေးသို့ ပြေးထွက်သွားလေတော့၏။

"မအိုဇာ နင်စကားပြောပုံက ဘယ်လိုကြီးလဲ၊ ငါက သည်ရွာ သူကြီးလေ၊ သူကြီးက လူဆိုးတွေနဲ့ ပေါင်းသင်းဆက်ဆံပါ့မလား။ အဲ ... ငါနဲ့ပါလာမှတော့ လူကောင်းပဲ ဖြစ်ရမပေါ့"

သို့ သူကြီးက ဒေါ်အိုဇာကို မကျေမနပ် ကြည့်ရင်း ကျွန်တော်တို့ကို အားတုံ့အားနာဟန်ဖြင့် ပြောလိုက်လေ၏။

"ရပါတယ် သူကြီးရယ် ... သူပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့ လူဆိုး လူကောင်းဆိုတာ သူကြီး ဘယ်လိုလုပ် သိနိုင်မလဲ၊ ခုမှတွေ့ဖူးကြတာ မဟုတ်လား"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် ထိုအမျိုးသမီးက အားရကျေနပ်စွာ ပြုံးလိုက်လေပြီး ကျွန်တော့်ထံသို့ ဦးတည် လျှောက်လာကာ ...

"ကျုပ်တော့ တော့်ကို သဘောကျသွားပြီ၊ တော်တို့ကြည့်ရတာ လူဆိုးတွေမဟုတ်နိုင်ဘူး။ သည်တော့ ကျုပ်ရဲ့ညည်းသည်လို့ သတ်မှတ်လိုက်ပြီ"

လို့ ပြောလေသည်တွင် သူကြီးသည် ထိုအမျိုးသမီးကို စိမ်းစိမ်းကြည့်လိုက်လေပြီး ...

"မအိုဇာ ... နင်ပြောပုံက ငါက သူတို့ကို လူကောင်းတွေပါလို့ ပြောလာလျှင်တောင်မှ နင်က လက်မခံနိုင်တဲ့ သဘောလား"

လို့ ခပ်ဆတ်ဆတ် မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် ဒေါ်အိုဇာက သူကြီးကို မချိုမချဉ် ပြုံးပြလိုက်ကာ...

"ရွာသူကြီးပါဆိုပြီး ကျုပ်က မျက်စိမှိတ် ယုံလိုက်လို့ဖြစ်ပါ့မလား။ ဟောသည် ခြံဝင်းကြီးထဲမယ် ကျုပ်ရယ်၊ ကျုပ်သမီးရယ်၊ ပြီးတော့ ကောင်လေးရယ်၊ ပြီးတော့ ငနီရယ် နေကြတယ်၊ သည်လူအားလုံးရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကျုပ်သာလျှင် ကာကွယ်စောင့်ရှောက်ဖို့ တာဝန်အရှိဆုံးလေ၊ သည်တော့ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို ကျုပ်သာ အာမခံနိုင်တယ်လေ၊ သူကြီးကို မယုံတာ ယုံတာ သည်အချိန်မှာ ပြောစရာမလိုဘူး၊ ကျုပ်ဘာသာ ဆုံးဖြတ်နိုင်ခွင့် ရှိရမပေါ့၊ ငါလူကြီးပဲ၊ ငါ့ဆုံးဖြတ်ချက်သာ အမှန်တရားကြီးပဲ ဆိုပြီး ပုံသေတွက်ပြီး သူခိုး ခြံဝင်းထဲ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်း ထွက်ဖို့ဆိုတာ မလွယ်ဘူးနော်၊ ကျုပ်ခြံဝင်းထဲမှာ နေလျှင် ငနီကလည်း ကျုပ်စကားပဲ နားထောင်မှာနော်၊ ဘာလို့လဲ ဆိုတော့ သူ့ကို ကျုပ်က အစားအစာတွေ ကျွေးထားတာဆိုတော့ သည်ကောင်ကလည်း ကျုပ်အပေါ် သစ္စာရှိမှာပဲ၊ တာဝန်ကျေမှာပဲ"

"အေးပါဟယ်...ထားပါတော့၊ ခု ငါတို့ကို နင့် ဧည့်သည် အဖြစ် လက်ခံပြီမဟုတ်လား"

"လူကိုယ်တိုင် ထွက်တွေ့မှတော့ ဘာသံသယဖြစ်စရာ ရှိသေးလို့ထုန်း"

"နို့ဖြင့်လည်း ငါတို့ သည်လိုချည်း ရပ်နေရမလား၊ ငါက အကြောင်းမဟုတ် ဆိုပေမင့် ဧည့်သည်တွေ အားနာစရာရယ်"

"ကျုပ်ကလည်း မရိုင်းပါဘူးတော်၊ ကဲ ကဲ... လာကြပါ၊ တဲစုတ်ပေမင့် ကျုပ်ရဲ့စေတနာက မစုတ်ပါဘူး၊ သမီးရေ ဧည့်သည် တွေစားဖို့ တစ်ခုခု ယူခဲ့ပါဦး"

ကျွန်တော်တို့ကို တဲအတွင်း ဝင်ခဲ့စေပြီး သို့ သမီးဖြစ်သူကို လှမ်းပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ... ကျွန်တော် ညက တွေ့လိုက်သည့် ကောင်မလေးပါပဲကလား။ သို့ဆိုလျှင်ဖြင့် ယခု ထွက်လာသော ကလေးမသည် ဒေါ်အိုဇာရဲ့ သမီးပေပဲပေါ့။

ကြည့်စမ်း... သမီးက မအေထက် ရင့်ရော်နေပုံပါကလား။ ညက အမှတ်တမဲ့မို့ ချောမောသည့် မိန်းကလေးဟု ထင်ခဲ့မိ၏။ တကယ်တော့ သူမသည်လည်း မိန်းမပီသသူ၊ ချောမောသူ ဖြစ်ပေမင့် မအေနှင့် ယှဉ်လိုက်သည့်တွင် သိသာလေ၏။

"ဒါ... ကျုပ်သမီး"

သူမက မိတ်ဆက်ပေး၏။ သူကြီးကလည်း ရောက်မဆိုက် ဆိုသလိုပင်...

"သူတို့က မြို့ပြက လာကြတာ၊ စောခူရှီးနဲ့ မိတ်ဆွေတွေ ပြောတယ်"

လို့ ပြောလိုက်သည့်တွင် ဒေါ်အိုဇာ တစ်ယောက် မျက်လုံး အပိုင်းသား ဖြစ်သွားတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်တို့ကိုလည်း သံသယမျက်လုံး များဖြင့် ကြည့်လာချေ၏။

"နို့ဆိုလျှင်ဖြင့် ဘာကိစ္စများ ရှိပါသလဲ"

လို့ သူ၏အတွင်းစိတ် လှုပ်ရှားနေခြင်းကို ဖုံးကွယ်ပြောလာ သော်လည်း အသံတုန်ယင်နေလေသဖြင့် သူမ လွန်မင်းစွာ စိတ်လှုပ်ရှား နေကြောင်း ခန့်မှန်းမိလိုက်၏။

စောခူရှီး ဆိုသည်နှင့် ဘယ်လိုကြောင့် သို့ဖြစ်သွားရပါလိမ့်။

"စောခူရှီးကို ကောင်းကောင်းသိပါတယ်နော်"

လင်းမြင့်လှိုင်က ဝင်မေးလေ၏။

"အင်း"

ခေါင်းကိုငုံ့၍ သို့သာပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"နို့ဆိုလျှင်ဖြင့် မောင်သိးကိုကော ကောင်းကောင်းသိမှာပေါ့"

လို့ ကျွန်တော်က မေးလေသည်တွင် စူးစူးရဲရဲ ကြည့်လာချေပြီး...

"တော်တို့က ရဲဘက်ကလား"

လို့ မေးလာချေတော့၏။

"ရဲဘက်ကဆိုလျှင် ဘာဖြစ်လို့တုန်း။ ရဲမကောင်းတဲ့လုပ်ရပ်ရှိဖူးလို့လား"

သို့ လင်းမြင့်လှိုင်က ခပ်တည်တည်နှင့် မေးလိုက်သည်တွင် ဒေါ်အိုဇာသည် စိတ်ဆိုး ဒေါသထွက်သွားပုံ ရချေ၏။

"ဟုတ်ပါဘူး... စစ်လား ဆေးလား မေးလား မြန်းလား ထူလွန်းလို့ပါ"

သို့ ပြောလာသည့်ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်မျက်နှာကို ကြည့်လိုက်၏။

လင်းမြင့်လှိုင်က ပြုံးပြလာ၏။

"အပိုတွေ ပြောမနေပါနဲ့၊ မောင်သိးကို သိလား မသိဘူးလား... ဒါပဲ အလျှင်ပြောပါ"

သို့ သူကြီးက လေသံမာမာဖြင့် ဝင်မေးလေ၏။

"ခုရှိုးကိုသိမှတော့ မောင်သိးကို မသိဘူးဆိုလျှင် ဘယ်သူကကော ယုံမှာတုန်း။ ကဲပြော... ဘာသိချင်တာလဲ"

"သည်တစ်ခါ သိချင်တာတော့ ကျွန်တော်တို့ ဘယ်သူ့ကို မေးမယ်ဆိုတာ ရိပ်မိလောက်ရောပေါ့"

သို့ ကျွန်တော်က ပြောရင်း စကားကို ဖြတ်လိုက်၏။

"မောင်သားသားကို တွေ့ချင်လို့ လာကြတာများပါး"

သူမအပြောကြောင့် ကျွန်တော် ကျေနပ်စွာ ပြုံးလိုက်လေပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်မယ်"

"အဲလိုပဲ သဘောထားလိုက်၊ ရပါတယ်"

"ကျွန်တော်တို့ မောင်သားသားနဲ့ တွေ့ချင်တယ်"

လင်းမြင့်လှိုင်က စကားပြတ် ပြောလိုက်၏။

"ခူရှီးက အမှာစကား ပါးလိုက်တာကို။ တကယ် ဆိုလျှင်ဖြင့် တော်တို့ မောင်သားသားနဲ့ စကားပြောခွင့် မပြောနဲ့ တွေ့ခွင့်တောင် ရလိမ့်မယ် မဟုတ်ဘူး"

"ဘာဖြစ်လို့တုန်း"

"ခူရှီး ဘာတွေ အမှာစကား ပြောလိုက်လဲ ဆိုတာ ကျုပ် သိထားသလို မောင်သားသားလည်း သိထားပြီး ဖြစ်တယ်လေ၊ နို့ကြောင့် မလိုအပ်တော့ဘူးလို့ ပြောတာပေါ့"

ကျွန်တော် သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်ရတော့၏။ ပြီးတော့မှ . . .

"ပြောကြည့်ဗျာ"

လို့ ပြောလိုက်၏။

"မင်းအဖေကို သူသတ်တာမဟုတ်ပါဘူး။ သူ့ကို အထင် လွဲပါနဲ့၊ တစ်ခေါက်လောက်တော့ ရဲဘက်စခန်း လာတွေ့ပါ၊ သူအနေနဲ့ မောင်သားသားကို လာတွေ့ချင်ပေမင့် လာလို့မဖြစ်လို့ ရလို့ဆိုတဲ့ အမှာစကားပဲ မဟုတ်လား"

"အင်း"

သို့ ကျွန်တော် ဝန်ခံပြောလိုက်၏။

"နို့ဖြင့် ကျွန်တော်တို့ မအိုဇာအိမ်မှာ ခဏတစ်ဖြုတ် နေထိုင်ခွင့်မရှိဘဲ လှည့်ပြန်ရတော့မှာလား"

သို့ ကျွန်တော်က သူမကို စေ့စေ့ကြည့်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူမမျက်နှာကို စေ့စေ့ ကြည့်မိခြင်း ဖြစ်၏။ ခန္ဓာကိုယ်အချိုးစား ပြေပြစ်သလို တစ်ရွာလုံးတွင်ရှိ မိန်းမများ၏ မျက်နှာပေါက်နှင့် လားလားမျှ မတူပါချေ။

မေးရိုး အနည်းငယ်ကားသယောင် ရှိသည်မှလွဲ၍ အပြစ် အနာအဆာမရှိပေ။ မိန်းမချောတစ်ယောက် ဖြစ်ချေ၏။

အသက်ကလေး အနည်းငယ် ရလာလို့သာ မိန်းမကြီးဟု သတ်မှတ်လိုက်ရခြင်းဖြစ်၏။

မြို့ပြသူတွေလို ဖြီးလိမ်းပြင်ဆင်ထားလို့ကတော့ ရွှေခိုမင်း မပြောလေနှင့်၊ ပုရိသ ယောကျ်ားသားတိုင်းက စိတ်ဖြင့် ဖြစ်မှား မိမည်မှာ အမှန်ဖြစ်ချေ၏။

ဘာကြောင့်များ သူမကို စုန်းမကြီးလို့ ရွာက သမုတ်ကြပါ လိမ့်။ စုန်းမကြီးဖြစ်ဦးတော့။ ပုံပြင် ဒဏ္ဍာရီထဲကလို အမယ်အို ရှုတ်တွကြီး မဟုတ်လေသည့်ကြောင့် ကြောက်စရာမလို၊ ချစ်ဖို့ပင် ကောင်းသေးတော့၏။

ကျွန်တော် သည်သို့ တွေးမိ ငေးမောနေစဉ်–

"ဟင်း ဟင်း ဟင်း... ကျူပ်ကို ပြူစားတတ်သူလို့ မထင် လျှင်ဖြင့် ကျူပ်ညှော်ခံတဲ့ သစ်သီးတွေကို စားသွားလို့ရပါတယ်။ စကားတွေပြောလို့ ရပါတယ်"

လို့ ပြောလာသဖြင့် အတွေးမျှင် ပြတ်သွားရတော့၏။

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်မိ၏။

လင်းမြင့်လှိုင်က ခေါင်းဆတ်ညိတ်၍ ပြ၏။ သို့ကြောင့် ကျွန်တော်သည် ဝါးကြမ်းခင်းပေါ် ထိုင်ချလိုက်၏။

"သမီး အထဲဝင်လေ"

သို့ သူမက သမီးဖြစ်သူကို လှမ်းပြောလေမှ ကျွန်တော် ကလေးမလေးကို သတိထား ကြည့်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အမေလောက် မလှသော်လည်း သည်ရွာရှိ ကျွန်တော်တို့ မြင်ဖူးခဲ့သည့် မိန်းမတို့ထက် သာပေသေးတော့၏။

သားအမိသာဆိုသည်။ ညီအစ်မလို့ ပြောရချိမ့်မည်။

"တော်တို့ စားကြချေဦး...ကျုပ် အဖန်ရည် သွားယူဦးမယ်"

သို့ဆိုလျက် သူမသည် အတွင်းခန်း ဝင်သွားလေ၏။

"ကျုပ်တို့ ပြန်ကြမယ်၊ သည်သစ်သီးတွေ ကျုပ်မှာလည်း ရှိပါတယ်၊ ကျုပ်တို့တဲ ပြန်သွားစားကြတာပေါ့"

သူကြီးက ထိုနေရာတွင် မနေလိုသည့်ကြောင့် သို့ ပြောလာ၏။ သူကြီးပြောသည်ကို အိမ်တွင်းမှထွက်လာသော ဒေါ်အိုဇာက ကြားသွားသည့်ကြောင့်...

"သူကြီးဖြစ်ပြီး ညံ့ချက်ကတော့ အဲလို၊ ကျုပ်ရဲ့ညှော်ခံမှုကို ရတောင့်ရခဲ ရလိုက်တဲ့ညှော်သည်တွေက ဘယ်အဆုံးရှုံး ခံချင်ပါ့မလဲ၊ သူကြီးကလေ ကျုပ်တို့သားအမိအပေါ် ကြည့်တာ မြင်တာ မျက်မှန်စိမ်းကြီးကို တပ်ပြီး ကြည့်နေသလိုပဲ၊ အမြင် ကြည်လင်စမ်းပါတော်၊ ကျုပ် သည်ရွာက ဘယ်သူတွေကို ပြုစားဖူးလို့တုန်း"

သို့ ပြောလာသည့် ဒေါ်အိုဇာကို စေ့စေ့ကြည့်လိုက်မိ၏။ သူမ ရင်တွင်းရှိခံစားချက်ကို ပြောလိုက်ခြင်းကြောင့် ဖြစ်သည်။ သူမ၏မျက်ဝန်းတွင် မျက်ရည်တို့ စို့လို့နေချေ၏။

ကျွန်တော် သဘောပေါက်လိုက်ပြီဖြစ်တော့၏။ သည်ရွာတွင် ဒေါ်အိုဇာတို့ သားအမိသည် တစ်ရွာလုံး၏ အပစ်ပယ်ခံ ဖြစ်ချိမ့်မည်။

သို့ပေမင့် သူကြည့်ရသည်မှာ စိတ်ဓာတ် ကြံ့ခိုင်ပုံရချေ၏။

"မအိုဇာ... နင်ကကော ဘာကောင်းဖူးလို့လဲ"

သူကြီးစကားကြောင့် သူမ အံ့သြ ထိတ်လန့်သွားသလို ကျွန်တော်သည်လည်း သူကြီးအပေါ် နားမလည်နိုင်သလို ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ဘယ်လိုတွေ ပတ်သက် ယှက်နွယ်ဖြစ်ဖူးကြလို့ပါလိမ့်။ စိတ်ဝင်စားဖို့တော့ အကောင်းသားကလား။

"သူကြီး ညွှေ့သည်တွေရှေ့မယ် စကားကို ဆင်ခြင်ပြောပါ။ သူကြီးက ကျုပ်တို့သားအမိအပေါ် အမြဲ သံသယစိတ်တွေနဲ့ မြင်နေကြည့်နေတာ မဟုတ်လား၊ ကျုပ်က ကျုပ် သည်ရွာမှာ နေချင်လို့ နေနေတာမဟုတ်ဘူးဆိုတာ သူကြီး အသိဆုံးပါ"

ဘယ်လိုတွေပါလိမ့်။ သူကြီးသည် သူမ သို့ပြောလိုက်သည်တွင် ငြိမ်လို့သွားချေ၏။ သို့ပေမင့် သူမကို မကျေမနပ် မျက်စောင်းထိုးကြည့်နေလေ၏။ သူကြီးနှင့် မအိုဇာ မပြေမလည် ရှိနေကြသည်ကြောင့်...

"ကဲပါဗျာ... ကျုပ်တို့က ညွှေ့သည်တွေပါ၊ သည်ရွာကို ရောက်ဖူးတယ်ရှိအောင် အလည်သဘော လာကြတာပါ"

"သေချာလား"

သူမက မျက်မှောင်ကုတ်၍ မေးလာသဖြင့် ကျွန်တော် မလုံမလဲ ဖြစ်သွားရ၏။

ကျွန်တော်တို့ လာရင်းကိစ္စ အမှန်ကို သူမ ဂဃနဏ သိနေရော့လား"

သို့ပေမင့် ဟန်ကိုယ့်ဖို့ ဆိုသလိုပင် လင်းမြင့်လှိုင်က...

"ကျွန်တော်တို့က မုဆိုးတွေပါဗျာ...၊ သည်တောမယ် သားကောင်ပေါတယ်ဆိုလို့ အမဲပစ်ရအောင် သက်သက်လာရင်း ရေနက်ကြီးရဲ့ဘက်စခန်းမှာ စောချူရှိနဲ့ ကြုံရင်း စကားစပ်ပြောမိကြလို့ သူ့အမှာစကားယူလာတာပါဗျာ၊ ခင်ဗျားမကြိုက်လျှင်ဖြင့် စောချူရှိ ကျွန်တော်တို့ကို မမှာလိုက်ဖူးလို့ သဘောထားလို့ ရပါတယ်"

လို့ လေသံအေးအေးဖြင့်ပြောပြီး ငှက်ပျောသီးမှည့်တစ်ခိုင်းကို ကောက်စားလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တော်... မကြောက်ဘူးလား"

"ဘာကိုတုန်း"

"ကျုပ် ပြူစားမှာကိုလေ"

သို့နယ်ပြောပြီး သူကြီးကို ကြည့်လိုက်၏။

သူကြီးကို ရွဲ၍ ပြောလိုက်ခြင်းဖြစ်၏။

"ခင်ဗျား ပြူစားမယ်ဆိုလျှင်ဖြင့်လည်း နောက်ထပ် တစ်လုံး တောင် ထပ်စားပါဦးမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ငှက်ပျောသီးတစ်လုံး စားရင်း ပန်းကန်ပေါ်မှ နောက်တစ်လုံးကို ထပ်ယူလိုက်ပြန်၏။

"တော်က အံ့ဖွယ်ကောင်းတယ်ပဲ ပြောရမလား။ သတ္တိ မခေဘူးပဲ ပြောရမှာလား"

"ပျော့ညံ့တာပါ"

"ဘာရယ်"

လင်းမြင့်လှိုင် စကားကို သူမ နားလည်ပုံ မရချေ။

"ပျော့ညံ့တယ် ဆိုတာ အလှတရားကို တန်ဖိုးထားတတ် လွန်းတာကို ဆိုလိုချင်တာပါ"

သို့ ကျွန်တော်က ကြားဝင်ပြောလိုက်သည်တွင် သူမ ပြုံးသွားလေတော့၏။ သူမ သဘောပေါက်သွားလေခြင်းကြောင့် ဖြစ်ပေမည်။

ရှက်ပြုံးလေးလို့ ပြော၍ ရချေ၏။

"ကဲ... ကျုပ်တို့ပြန်ကြမယ်"

သူကြီးက ပြောပြောဆိုဆို ထိုင်ရာမှ ထရပ်လိုက်သည် ကြောင့်...

"သူကြီးကို ကျုပ် ကြည့်မရတာတွေ အဲဒါတွေပဲပေါ့ အရာရာ ငါသူကြီးပဲ၊ ငါ့သဘောပဲဆိုတာ လုပ်လို့မရဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



မှတ်လို့မရဘူးလေ၊ သူတို့က သူကြီးရဲ့ ရွာသားတွေမဟုတ်ဘူး။ သူကြီး သေသေဆိုသေ၊ ရှင်ဆိုရှင် ဆိုတဲ့အထဲမှာ သူတို့မပါလောက်ဘူး။ သူကြီးပြန်လျှင် ပြန်လေ၊ ကျုပ် သူတို့ကို စားဖို့ အိပ်ဖို့ စီစဉ်ပေးလို့ရပါတယ်၊ ကျုပ် ခြံဝင်းထဲမယ် ကျုပ်သဘောပဲလေ"

"တောက်"

သူမ စကားကြောင့် သူကြီး ဒေါသ ထွက်သွားပုံရ၏။ သို့နှယ် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ကာ ထွက်သွားလေတော့၏။

ကျွန်တော်တို့ ဘာဆက်လုပ်ရမည်လည်း သိလိုသည်ကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

"နောက်မှလာခဲ့ပါဦးမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သူကြီးနောက် ထလိုက်သွားလေ၏။ သို့ကြောင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နောက် လိုက်သွားရချေတော့သည်။

"ဆရာလေးတို့ကို အားနာလို့သာ မအိုဇာဆီ လိုက်ပို့ရတာ၊ တကယ်တော့ မအိုဇာက စုန်းမဗျ"

လမ်းတွင် သူကြီးက သို့ပြောလာ၏။

"ဘယ်လိုဖြစ်နိုင်မှာတုန်း သူကြီးရယ်၊ အချောအလှလေးပဲ မဟုတ်လား၊ သမီးဖြစ်သူထက်တောင်မှ နုပျိုတယ် လို့တောင် ထင်ရတာလေ"

သို့ ကျွန်တော်က ပြောလိုက်၏။

"အင်း...ဆရာလေးတို့က လူငယ်ဆိုတော့ သူ့အကြောင်း ဘယ်သိပါဦးမလဲလေ၊ အမြင်ကတော့ ဆရာလေးတို့ အမြင်အထင်အတိုင်းလေ၊ နို့ပေမင့်လို့ အင်မတန် ကြောက်စရာကောင်းတာကလား။ ဆရာလေးတို့ပြောတဲ့ မောင်သီးဆိုတာ သူ့နေက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သေရတာလေ၊ ပြီးတော့ မောင်သီးရဲ့သား မောင်သားသား လေးလည်း ခုဆို သူ့ဆီမှာချည်းပဲ၊ သူ့အဖေကိုသတ်တဲ့ လူသတ်သမားဆီမှာ သားဖြစ်သူက နေနေတယ်ဆိုတာ ဒါ မထူးဆန်းပေဘူးလား။ တကယ်တော့ မဒိုဇာက ပြုစားထားလို့လေ”

“ဗျာ… နို့ဖြင့်လည်း သူကြီးသိတာ ပြောပြစမ်းပါဦးဗျာ၊ မောင်သီးကို မဒိုဇာက သတ်လိုက်တယ်ဆိုတာ အဟုတ်လား”

သို့ ကျွန်တော်က အင်ပင်ကုန်းကျေးရွာသား မောင်သီး သေရသည့် အကြောင်းရင်းကို ဖျဉ်းမကုန်းရွာသူကြီး ပြောပြ၍ သိထားရခြင်းကြောင့် သိပ်ဝင်စားမိသည်ဖြစ်၍ မေးလိုက်၏။

လင်းမြင့်လှိုင်ကလည်း…

“မောင်သီးနဲ့ သူငယ်ချင်း ချူရှိုး အမဲလိုက်သွားရင်း မောင်သီး တစ်ယောက် ဘာဖြစ်မှန်းမသိ သေရတာဆို၊ ဒါကို ရွာက မောင်သီးကို ချူရှိုး သတ်တယ်ဆိုပြီး ဖမ်း ရဲစခန်းအပို့ လမ်းမယ် ချူရှိုးက သူကြီးသားကိုသတ် ထွက်ပြေးသွားတယ်ဆိုဗျ”

လို့ ဝင်မေးလေ၏။

“စောချူရှိုးနဲ့လည်း ကျွန်တော်တို့ ရေနက်ကြီး ရဲဘက်စခန်းမှာ တွေ့ခဲ့ပြီးပြီလေ၊ မောင်သီးကို သူ မသတ်ပါဘူးတဲ့၊ အဲ… သူ မသတ်ဘဲ သတ်ပါတယ်ဆိုပြီး အဖမ်းခံရတဲ့အတွက် မထူးပါဘူးဆိုပြီး သူကြီးသားကို တကယ်သတ်လိုက်တယ် ဆိုပဲ”

သို့ ကျွန်တော်ကလည်း ပြောလိုက်ပြန်၏။ သည်တွင် သူကြီးက…

“အင်း… အလျင် သူကြီးသား ထွန်းသိန်း ဆိုတာ ကျုပ်ဘူတော်တာပေါ့၊ မောင်သီးနဲ့ ချူရှိုး အမဲလိုက်သွားပြီး ချူရှိုးက သည်မဒိုဇာ ကိစ္စနဲ့ ပတ်သက်ပြီး သူငယ်ချင်းကို သတ်လိုက်တယ်လေ၊ သည်တော့ ကျုပ်တို့ကလည်း တောတက်ရင်းတွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ရွာကို မောင်သီးရဲ့အကြောင်း ပြန်ပြောလာ သတင်းပေးသွားတယ်လေ၊ သည်တော့ ကျုပ်အစ်ကို သူကြီးက သူ့သားထွန်းသိန်းနဲ့ ရွာသား အချို့က လူသတ်သမား ခူရှီးကို ရဲစခန်းပို့ဖို့ လွှတ်လိုက်တာမှာ ခူရှီးက ထွန်းသိန်းကို သတ်လိုက်ပြန်တယ်"

"နို့ နေပါဦး...ခူရှီးက ဘာလို့ သူငယ်ချင်းဖြစ်တဲ့ မောင်သီးကို သတ်လိုက်ရတာတုန်း။ မဒိုဇာနဲ့ပတ်သက်ပြီး သတ်လိုက်ရတယ်ဆိုတော့ ဘယ်လိုတွေ ပတ်သက်လို့တုန်း"

"အင်း... ဆရာလေးတို့က အဖြစ်မှန် မသိသေးလို့ကိုး။ မောင်သီးနဲ့ စောခူရှီးက မဒိုဇာကိုကြိုက်နေကြတာလေ၊ မဒိုဇာရဲ့ အချစ်ညွှတ်ကွင်းမှာ မိနေကြတာလေ၊ ဒါကို ရုန်းမထွက်နိုင်ကြဘဲ မဘက်လိုက် မိုက်ကြပြီး တစ်ယောက်နဲ့ တစ်ယောက် မနာလို မရှုဆိတ်ဖြစ်ပြီး သတ်ဖြတ် သတ်ပုတ်ကြရင်း မောင်သီး သေရတာပေါ့"

"ဟင်"

"ဗျာ"

သူကြီးပြောသည်ကို ဟုတ်နိုးနိုးဖြင့် ကျွန်တော်က ဖြစ်မိသည်ကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

"ဖြစ်နိုင်တယ်လေဗျာ... နော်"

သို့ ကျွန်တော်က တီးတိုး ကပ်ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် ပြုံးလာချေပြီး သူကြီးအား...

"မောင်သီးရဲ့သား မောင်သားသားက သူ့အဖေသတ်လို့ဆိုပြီး ခူရှီးကို မကျေမနပ် ဖြစ်နေပေမင့် ဘာလို့ မဒိုဇာဆီမှာပဲ နေနေရတာတုန်း။ မေးရပါဦးမယ်... မောင်သားသားရဲ့ အမေက ဘယ်သူတုန်း"

သို့ ကျွန်တော်က မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“မောင်သားသား အမေ မောင်သီးမိန်းမက ကျိုက်စကိုင်းသူလေ၊ မောင်သီးက အိမ်ထောင်ကျပြီး မိန်းမ မီးတွင်းထဲမှာ ဆုံးသွားတော့ ကလေးခေါ်ပြီး အင်ပင်ကုန်းရွာမှာ ပြန်နေတာလေ၊ အင်းလေ... မောင်သီးနဲ့ ချစ်ရှိုးက သိပ်ချစ်တဲ့ သူငယ်ချင်းတွေဆိုတော့ မောင်သားသားကို ငယ်ငယ်ကလေးတည်းက မွေးလာကြတာ၊ သူတို့အကြောင်း မသိသူတွေက မောင်သားသား အမေ နှစ်ယောက်လို့တောင် ထင်ကြတာကလား။ မောင်သားသား လူပျိုရွယ်ဖြစ်တဲ့ အထိပဲပေါ့၊ အဲ... မအိုဇာ ရွာရောက်လာပါမှ သူတို့သူငယ်ချင်းတွေလည်း စိတ်ဝမ်းကွဲ သတ်ဖြတ်တဲ့အထိ ဖြစ်သွားကြရတာ၊ ဒါဟာ မအိုဇာ ပြုစားလို့ပဲလေ”

အင်း... သူကြီးပြောသွားသည်မှာ ဟုတ်နိုင်ပါလေမလား။ စဉ်းစားပြီး တစ်စုံတစ်ခုကို စဉ်းစားလိုက်မိသည်ကြောင့်...

“နို့ဖြင့် သူကြီးရယ်... မောင်သားသားကို ရွာက မွေးထားကြတာမှာ သူ့ခမြာ အဖိနှိပ်ခံ၊ လူတကာရဲ့ ဘုံကျွန်လိုဖြစ်ပြီး ရွာမှာနေရတာကို ပျဉ်းမကုန်းရွာသူကြီးက သနားလို့ဆိုပြီး သူကြီးကို ပြော ခေါ်မွေးစားတာဆို”

သို့ ကျွန်တော်က မေးလိုက်၏။

“ဟုတ်တယ်... တစ်ရွာလုံးရဲ့ခိုင်းဖတ် ဆိုတာ သည်လိုလေ... သူ့မယ် အဖေကလည်း မရှိတော့ဘူး။ သည်တော့ သူ့ရဲ့စားဝတ်နေရေးကို သူ့ဘာသာ ဖန်တီးရတော့မပေါ့၊ နို့ကြောင့် ရွာထဲမယ် သူများအိမ်တွေ လိုက်ပြီး ရေခပ်၊ အဝတ်လျှော်၊ တောက်တိုမယ်ရ အလုပ်လုပ်ရင်း စားဝတ်နေရေး ပြဿနာကို ဖြေရှင်းရတာပေါ့၊ ဒါကို မလိုသူတွေက ပုံကြီးချဲ့၊ အပြင်မှာ ကောလာဟလတွေ ပြောဆိုတော့ တခြားရွာတွေက အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်သီးနဲ့ ပတ်သက် ဆက်နွယ်သူတွေက တကယ် ထင်ကြတယ်လေ၊ အဲဒီအထဲမယ် ပျဉ်းမကုန်းရွာသူကြီးလည်း ပါတာပေါ့၊ သူက ကျုပ်တို့နဲ့ ဆွေမျိုးမကင်းပေါ့၊ သားသမီးလည်း မရှိဘူးဆိုတော့ သည်တစ်ကောင်ကြွက် မောင်သားသားကို ကျုပ်ဆီမှာ ခေါ်ထားတယ်လေ၊ မောင်သားသားက တစ်ရွာလုံးအတွက် အသုံးဝင်တယ်လေ၊ ကျုပ် မကြိုက်တာက မအိုဇာက ပြူစားထားတော့ မအိုဇာ အိမ်မှာချည်းလိုလိုပဲ၊ သူ့ခမြာ ပင်ပင်ပန်းပန်း လုပ်ရရှာတယ်၊ မအိုဇာက သူသာခိုင်းတား ရွာထဲမှာ လျှောက်မလုပ်ဖို့ မောင်သားသားကို သွေးထိုးတယ်၊ နို့ကြောင့် ကျုပ်ကလည်း မလုပ်မဖြစ်၊ ရွာသူ ရွာသားတွေကလည်း မကျေမနပ်ဖြစ်ပြီး မောင်သားသားကို ပျဉ်းမကုန်းရွာသူကြီးဆီ အပ်လိုက်ကြတာပေါ့၊ နို့ပေမင့်လို့ မောင်သားသားက ပြူစားခံနေရတော့ သည်ပြန်ရောက်လာတယ်လေ၊ ခု ဆရာလေးတို့ အသိပဲ၊ မအိုဇာက မောင်သားသားကို ရွာထဲမထွက်ခိုင်းဘူး၊ သူ့အိမ်မှာပဲ ဝှက်ထားတာ၊ ခုကြည့်...၊ ဆရာလေးတို့ ဘယ်မှာတွေ့ရလို့တုန်း"

"အင်း... စဉ်းစားစရာပေပဲပေါ့ဗျာ"

သို့ ကျွန်တော်က ပြောလိုက်၏။

သို့ စကားတပြောပြောဖြင့် လျှောက်ခဲ့ကြရာမှ သူကြီးအိမ် ရောက်လုတွင်...

"သူကြီး...သူကြီး... ဒုက္ခတွေ ရောက်ကုန်ပြီဗျို့"

ဆိုလျက် ရွာသားတစ်ယောက်က သူကြီးဆီ အပြေးအလွှား ရောက်လာကြသဖြင့် ကျွန်တော်သည်ပင် ရွာ၌ ဘာများဖြစ်နေပါလိမ့်ဟု စိုးရိမ်စိတ် ဖြစ်သွားရ၏။

"ဟကောင်ရ... ဘာ ဒုက္ခရောက်တာတုန်း၊ လိုရင်းကို ပြောလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ သူကြီးက ပြောလိုက်သည့်တွင် ထိုရွာသားသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်မျက်နှာကို ကြည့်ပြီး...

"ဟို... ဟို... ဆရာလေးတို့နဲ့ ပါလာတဲ့ မောင်ဟန် ရွာစပ်သချိုင်းထဲမယ် အသတ်ခံရလို့"

"ဟေ"

"ဟင်"

ဘုရား ဘုရား... ဘယ်လိုဖြစ်ရတာပါလိမ့်။

သို့ကြောင့် ကျွန်တော်တို့သည် ရွာစပ်သုသာန်သို့ မပြေးရုံ တစ်မယ် ခပ်သုတ်သုတ် သွားလိုက်ကြ၏။

ဟုတ်ပါ့။ မောင်ဟန်မှ မောင်ဟန်အစစ်ဖြစ်သည်။ ဘယ်လို ဖြစ်ရတာပါလိမ့်။ မှောက်ခုံကြီးလဲကျ သေဆုံးနေသဖြင့် ကျွန်တော်က ဆွဲလှန်လိုက်၏။

"ဟာ"

"အို"

မောင်ဟန့်မျက်နှာတွင် မသေဆုံးမီ ထိတ်လန့် တုန်လှုပ် သည့် မြင်ကွင်းကို မြင်လိုက်ဟန်တူနေ၏။

ရင်ဘတ် နှလုံးသားနေရာလောက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်နှင့် ဝမ်းဗိုက်တစ်ပြင်တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက် တွေ့ရ၏။ သွေးတို့ ယိုစိမ့်ထွက်နေလေ၏။

"လှံသွားနဲ့ အထိုးခံလိုက်ရတာပဲဗျ"

သို့ဆိုသလို လင်းမြင့်လှိုင်က အသေအချာ စစ်ဆေး လိုက်ပြီး ပြောလာချေ၏။ ကျွန်တော်သည် မောင်ဟန်အလောင်းကို ကြည့်ပြီး ညက ချောင်းထဲတွင် မဒိုဇာသမီးကို ဆွဲလားရမ်းလား လုပ်နေသည့် မြင်ကွင်းကို စဉ်းစားလိုက်မိသည်ကြောင့် ထိတ်လန့် သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟန် အသတ်ခံရတာ မဒိုဇာသမီးနှင့်များ ပတ်သတ်နေလေသည်လား။

"သည်ရွာက သည်လိုပဲ ခဏခဏ သတ်ဖြတ်မှုတွေ ဖြစ်တယ်"

သူကြီးက မထူးဆိုသလို ပြောလာ၏။ သို့ ဖြစ်တတ်သည်လည်း မပြောလေနှင့်။ လူတိုင်းကိုယ်စီလက်ထဲ၌ လုံရှည်ကိုင်ထားတတ်သည်ချည်း ဖြစ်၏။ သည်တော့ ထစ်ခနဲဆို လက်နက်အသုံးပြုကြသည်ပဲ။

ယင်းမောင်ဟန် အသတ်ခံရသည်နှင့်ပတ်သက်၍ ကျွန်တော် လင်းမြင့်လှိုင်ကို ညကကိစ္စ ပြောပြလိုက်၏။

"စဉ်းစားစရာပဲဗျ... သည်ကိစ္စက တစ်ထစ်ချ တွက်လို့လည်း မရပေဘူးဗျ၊ မောင်ဟန်ဆိုတာ စိန်နားကပ်ရောင်နဲ့ ပါးပြောင်နေတဲ့ကောင်လို့ ကျွန်တော် ထင်တယ်"

"ဆိုပါဦး"

"ကြည့်လေ...သူဟာ သစ်တောဝန်ထမ်းလည်းမဟုတ်ဘူး၊ သစ်တောဝန်ထမ်းက တောက်တိုမယ်ရခိုင်းဖို့ ခေါ်ထားတာလေ၊ ဝန်ထမ်းရဲ့ အရှိန်အဝါယူပြီး ရွာတွေမယ် ခွင်ရိုက်နေတာပဲဗျ၊ သည်တော့ သူ့ကို မုန်းတီးတဲ့သူတွေ ရှိမှာပေါ့ဗျာ၊ တခြားလူတွေက မကျေနပ်လို့ လုပ်လိုက်တာပဲ ဖြစ်မပေါ့"

"ကိုလင်း ပြောတာလည်း ဖြစ်နိုင်ပါတယ်၊ နို့ပေမင့်လို့ မောင်ဟန်က ကျွန်တော်တို့ ခေါ်လာတာလေ၊ ဘာပဲပြောပြော ကျွန်တော်တို့မယ် တာဝန်ရှိတယ်၊ မောင်ဟန် ကောင်းတာ မကောင်းတာ တစ်ပိုင်းထားလိုက်၊ မောင်ဟန်ကို ဘယ်သူသတ်လဲဆိုတာတော့ သိအောင် ဖော်ထုတ်ရမှာပဲ၊ ကောင်းတဲ့သူပဲ ဖြစ်ဖြစ် မကောင်းတဲ့သူပဲဖြစ်ဖြစ် တရားဥပဒေဆိုတာ ရှိတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ လူ့အသက်နဲ့ ဆိုင်တာလေ၊ လက်လွှတ်စပယ် လုပ်လို့ ဘယ်ရမလဲ”

“အင်းလေ... ကိုပိုက် ဘာဖြစ်ချင်လဲ”

“လတ်တလော သဲလွန်စကတော့ မောင်ဟန်ရဲ့ နောက်ဆုံး အခြေအနေအရ ပြောရလျှင် မအိဇ္ဇာသမီးနဲ့ ပတ်သက်မှု ပဋိပက္ခ ဆိုတာရှိခဲ့တယ်၊ သည်တော့ မအိဇ္ဇာသမီးကို အလျှင်မသက်ာသူ စာရင်း စသွင်းရမှာပဲ”

“အင်းလေ သည်တော့...”

“ကျွန်တော်တို့ မအိဇ္ဇာအိမ် တစေ့တစောင်း ကြည့်မယ်ဗျာ”

သို့ ကျွန်တော်နှင့် လင်းမြင့်လှိုင်က စဉ်းစားလိုက်ပေမင့် သူကြီးက...

“သည်ရွာမှာတော့ သည်ကိစ္စတွေ မဆန်းဘူးဗျ”

သို့ ခပ်ပေါ့ပေါ့ ပြောလာသဖြင့် အံ့သြမိသေးတော့၏။ ဘယ်လိုသူကြီးပါလိမ့်။

“မဟုတ်သေးဘူး သူကြီးရဲ့၊ သည်ရွာက အုပ်ချုပ်ရေးနဲ့ အလုမ်းဝေးတယ် ဆိုပေမင့် သူကြီးမယ် တာဝန်ရှိတာပဲဗျ”

သို့ ကျွန်တော်က ပြောလိုက်သည်တွင် သူကြီးသည် မျက်မှောင်ကုတ်သွားလေပြီး...

“သည်ကောင် မောင်ဟန်က လူရှုပ်ပေပဲဗျ၊ တောခေါင်းကြီး သိန်းလှိုင် အရှိန်အဝါနဲ့ သစ်ခုတ် ဝါးခုတ် သမားတွေအပေါ် နိုင်ထက်စီးနင်း လုပ်နေတာ၊ သစ်ခုတ် ဝါးခုတ်သမားတွေက မကင်းရာ မကင်းကြောင်း ဆိုတော့လည်း သည်းညည်းခံနေ ကြရတာပေါ့၊ ပြီးတော့ သူက အရက်သောက်လျှင် ဂျိုကျတယ်၊ မိန်းမလည်း ရှုပ်ချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



သို့ သူကြီးစကားကြောင့် ကျွန်တော်သည် ညက မဒိုဇာ သမီးနှင့် ပဋိပက္ခဖြစ်နေသည်ကို မြင်ယောင်နေမိသည်။

သည့်ကောင် မိန်းမရှုပ်တယ် ဆိုသည်ကြောင့်မို့ မောင်ဟန် အသတ်ခံရခြင်းသည် မဒိုဇာသမီးနှင့် ပတ်သက်မှု ရှိကိုရှိရမည်ဟု မှတ်ယူလိုက်ကာ ထိုညတွင် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သူကြီးကိုတော့မှ ရွာတွင်း လျှောက်လည် ကြည့်ဦးမည်ဟုပြောကာ မဒိုဇာ အိမ်ဘက်သို့ ထွက်ခဲ့ကြတော့၏။

ကျွန်တော်တို့ ထွက်လာသည့်အချိန်သည် ညနေစောင်း နေပြီဖြစ်၏။

ရွာလမ်းတစ်လျှောက် ကျွန်တော်တို့ဆုံခဲ့သော ယောကျ်ား မိန်းမတို့၏ လက်ထဲတွင် အသွားကြီး လှံရှည်များ ကိုင်ဆောင် ထားသည်ကို တွေ့ရ၏။

ကျွန်တော်တို့နှစ်ယောက်ကို သူတို့သည် လူထူးလူဆန်းလို ကွက်ကြည့် ကွက်ကြည့် ကြည့်နေကြ၏။

အန္တရာယ် ပြုမည့်ပုံတော့ဖြင့် မဟုတ်ကြချေ။

သို့ဖြင့် ကျွန်တော်တို့သည် မဒိုဇာတို့အိမ်ရှေ့ ရောက်သည် တွင် အိမ်တွင်းလှမ်းကြည့်လိုက်၏။

လူအရိပ် အယောင်တော့ဖြင့် မတွေ့ပါချေ။ သို့ကြောင့် အိမ်ရှေ့လမ်းမဘေးရှိ သစ်မန်ကျည်းပင်အောက်တွင် ခရီးသွား ဟန်လွှဲ အမောဖြေသည့်အနေဖြင့် ထိုင်လိုက်ကြ၏။

"ကိုလင်းရေ...အိမ်ထဲမယ် ဘယ်သူမှမရှိကြဘူးထင်တယ်"

သို့ ကျွန်တော်က ပြောလိုက်၏။

"စကားပြောသံ သဲ့သဲ့တော့ ကြားတယ်ဗျ"

လင်းမြင့်လှိုင်က ပြောသဖြင့် ကျွန်တော်သည် နားစွင့် ထောင်လိုက်၏။

www.burmeseclassic.com



ဟားတိုက်ရယ်မောသံဖြစ်၏။ သဲ့သဲ့မျှ ကြားရခြင်းဖြစ်သည်။ အသံအနေအထားအရပြောရလျှင် ပျော်ရွှင်မြူးထူး ဆော့ကစားနေကြပုံ ဖြစ်ချေ၏။

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သစ်မန်ကျည်း ပင်အောက်တွင် ထိုင်ရင်း အိမ်ဘက်ဆီသို့ တစေ့တစောင်း ကြည့်နေကြ၏။

သို့ရှိစဉ်...

"အိမ်ထဲ ဝင်ထိုင်ကြပါကလား"

သို့အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်ကြ၏။

အလိုလေးဗျာ... မအိုဇာပါကလား။ ဘယ်ကဘယ်လို ရောက်လာတာပါလိမ့်။ ကျွန်တော်တို့သည် သူခိုးလူမိ ဖြစ်သွားကြသဖြင့် မအိုဇာကိုပင် စေ့စေ့မကြည့်ရဲ။ သို့ပေမင့်...

"ကျွန်တော်တို့ မအိုဇာအိမ် အလည်လာမလို့၊ အိမ်ထဲမယ် လူမရှိကြဘူးထင်လို့ သည်နား ထိုင်နားနေကြတာ"

လို့ ကျွန်တော်က ပြောလိုက်၏။ သည်တွင် မအိုဇာသည် ပြုံးစစ မျက်နှာပေးဖြင့် ကြည့်လာချေပြီး...

"အလိုရှင်... ဝမ်းသာလိုက်တာ၊ တကယ်ပြောတာပါ၊ သည်ရွာမယ် ကျုပ်တို့ကို ဘယ်သူမှ ဆေးဖော်ကြောဖက်လုပ်ချင်တဲ့သူ ရှိတာမဟုတ်ဘူး၊ ကျွန်မတို့ သားအမိကို သရဲ တစ္ဆေတွေလို့များ ထင်နေကြလား မသိပါဘူးတော်၊ ခု မြို့ပြက ညီ့သည်တွေက ကျုပ်တို့ကို အရေးတယူလုပ် အလည်လာကြတယ်ဆိုတော့ အံ့ဩစရာတော့ အကောင်းသားကလား၊ အလည်သက်သက် ဟုတ်ပါရဲ့လားတောင် ထင်မိတယ်လေ"

မအိုဇာကို ကျွန်တော်တို့ လျှော့တွက်လို့မရပါကလား။ ကျွန်တော်တို့၏ အကြံကို ကြိုတင်သိနေလို့များလေသလား။



www.burmeseclassic.com

www.burmeseclassic.com



"မဒိုဇာရယ်. . . , မနက်က သူကြီးနဲ့လာတာ စကား ကောင်းကောင်း မပြောရပါဘူးဗျာ"

"အလိုရှင် တော်တို့နဲ့ကျုပ် ခုမှသိကြတာ၊ ဘာစကား တွေများ ပြောချင်လို့တုန်း"

သို့ မဒိုဇာက ပြောရင်း လင်းမြင့်လှိုင်ကို ပြုံးစိစိကြည့်နေ လေတော့၏။

မဒိုဇာ၏အကြည့်ကို လင်းမြင့်လှိုင်က ရိပ်မိလိုက်သည် ကြောင့် အနေခက်သွားပုံ ရချေ၏။ သို့ကြောင့် ကျွန်တော်က. . .

"သည်လို မဒိုဇာ. . . ရှင်းရှင်းပြောရလျှင်ဖြင့် ကျွန်တော် တို့က စောခူးရှီးရဲ့ မိတ်ဆွေတွေပါ"

သို့ ပြောလိုက်သည်တွင် မဒိုဇာသည် မအံ့သြသလို ကြည့်နေလေ၏။

"စောခူရှီးက သူ့မိတ်ဆွေမောင်သီးရဲ့ကလေးကို ကြိုတုန်း ကြုံခိုက် ဝင်တွေ့ဖို့ပါ"

"ဟုတ်ပါပြီ. . . မောင်သားကို တွေ့ပါပြီတဲ့၊ တော်တို့က ဘာလုပ်မှာတုန်း"

သို့စကားကိုတော့ဖြင့် မဒိုဇာက ခပ်ပြတ်ပြတ် ပြောလာ ခြင်းအားဖြင့် မဒိုဇာ ကျွန်တော်တို့ကို အမြင်မကြည်တော့မှန်း သိလိုက်လေသဖြင့်. . .

"ဘာရယ်မဟုတ်ပါဘူးဗျာ ကျန်းမာလား. . . စိတ်ချမ်းသာ လား ဆိုတာကို ခူးရှီးက သိချင်တာပါ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် မဒိုဇာသည် တွေဝေသွားလေပြီး. . .

"ပြော်. . . ခူရှီး. . . ခူရှီး. . . မောင်သားသားကိုတော့ သတိတရ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ တိုးတိုး ရေရွတ်လိုက်ခြင်းကြောင့် ကျွန်တော်နှင့် ထင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျေနပ်ပြုံး ပြုံးလိုက်ကြတော့၏။

မအိုဇာ ကျွန်တော်တို့ကို လက်ခံ စကားပြောချင်စိတ် ရှိလာပြီကို သိလိုက်ရကျေတော့၏။

"ပြီးတော့ မအိုဇာအကြောင်းလည်း သိချင်တယ်"

"တော်"

"ဟုတ်တယ် မအိုဇာကို ကျွန်တော်မြင်ကတည်းက ဘယ်လို ကြောင့်မှန်းမသိဘူး၊ ခင်မင်ချင်တဲ့စိတ်တွေ ပေါ်လာတယ်"

"ဟင်း ဟင်း ဟင်း"

မအိုဇာက ရယ်သွမ်းသွေးလိုက်လေပြီး...

"ဘာလဲ... ကျုပ်ကိုတစ်ရွာလုံးက ပြုစားတတ်တဲ့ စုန်းမကြီး ဆိုပြီး ပြောကြတော့..."

"အာ...အာ... အဲလိုမဟုတ်ပါဘူး ဘယ့်နှယ်ဗျာ... သည်လောက် အချောအလှ မိန်းမတစ်ယောက်ကို ဘာလို့များ စုန်းမလို့ပြောကြတာပါလိမ့်၊ သည်ရွာက လူတွေအားလုံး မျက်ငုံး ကောင်းကြဘူး ထင်တယ်၊ အလှတရားဆိုတာ မသိကြဘူး ထင်တယ်"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် မအိုဇာသည် ကျွန်တော့်အား ကြည့်လာချေပြီး...

"တော်တို့ကတော့ သိတယ်ပေါ့... ဟင်း ဟင်း"

လို့ မေးလာလေ၏။ မအိုဇာတစ်ယောက် ကျွန်တော်တို့ အပေါ် သံသယကင်းသွားလေပြီ ဖြစ်ချိမ့်မည်။ ရယ်မောပျော်ရွှင် ဆက်ဆံလာတော့၏။ ကျွန်တော်တို့ကိုလည်း သူ့အိမ်သို့ ခေါ်သွား လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါရှင်… တော်တို့က ညည်းသည်ဆိုတော့ ကျုပ်က လည်း အိမ်ရှင်ပီပီ တာဝန်ကျေရစေမယ်၊ တစ်ခုတော့ ရှိတယ်နော်၊ ကျုပ်ညည်းသည်တွေကို စားစရာတစ်ခုခုနဲ့ ညှဉ့်ခံချင်တယ်၊ ဧည့် ကြရဲ့လား"

သို့ ထိုင်ထိုင်ချင်း ပြောလာ၏။

"အလိုလေးဗျာ… ကျွန်တော်တို့ကလည်း ဆာနေကြ တာဗျ၊ အတိုင်းထက် အလွန်ပေါ့ဗျာ၊ ဟဲ ဟဲ ဟဲ"

"ဟုတ်မှလည်း ပြောပါရှင်၊ ကျုပ်ဟာ စုန်းမကြီးဆိုတော့ ပြုစားမှာကို မကြောက်ဘူးလား"

"ကျွန်တော်တို့က အပြုစားတောင် ခံချင်နေတာ"

"တော်"

သို့ဝင်ပြောလာသည့် လင်းမြင့်လှိုင်ကို မအိုဇာသည် တအံ့ တသြ ကြည့်လိုက်လေပြီးမှ ကျေကျေနပ်နပ် ပြုံးလိုက်လေကာ…

"အင်း… ကျုပ်တို့ သည်မှာနေတဲ့တစ်သက် တော်တို့လို ရင်းရင်းနှီးနှီး ပျော်ပျော်ရွှင်ရွှင် ဆက်ဆံကြတဲ့ လူမျိုးဆိုလို့ မောင်သိန်းနဲ့ ခူရှီးပဲ ရှိတယ်၊ ခု သူတို့ မရှိကြတော့ဘူးလေ၊ မောင်သိန်းက သူများအသတ်ခံလိုက်ရလို့ သေပြီး ခူရှီးက လူသတ်မှုနဲ့ အဖမ်း ခံနေရပြီ"

သို့ မအိုဇာသည် စိတ်မကောင်းစွာ ပြောလာချေတော့၏။ သူ၏မျက်ဝန်းတွင် မျက်ရည်တို့ စို့လာချေတော့၏။

ထိုသည်ကို အခွင့်ကောင်းယူ၍ ကျွန်တော်က…

"ခုလို ကျွန်တော်တို့နဲ့ ခင်မင်ရင်းနှီးမှုကို အသိအမှတ် ပြုတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ နို့…နေပါဦး၊ ကျွန်တော် ခူရှီး ပြောတာသိရသလောက် မောင်သိန်းကို သတ်တဲ့သူ ဘယ်သူ မှန်း မသိသေးဘူးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

သို့ မအိုဇာက ပြောလေသည့်တွင်...

"ဘာလို့ မသိရမှာလဲဗျာ၊ ကျုပ်အဖေကို သတ်တာ ချရိုး ဆိုတဲ့ လူယုတ်မာကြီးပဲဗျ"

"ဟင်"

"ဟာ"

သို့ ဒေါသသံနှင့် ပြောလာသည့် လူငယ်တစ်ယောက် နောက်ဖေးခန်းထဲမှ ထွက်လာသည်ကို တအံ့တဩ ကြည့်မိကြ တော့၏။

သူ့နောက်မှ ကပ်လိုက်ပါလာသူသည် မအိုဇာ၏ သမီး ဖြစ်ချေ၏။

BURMESE CLASSIC

"သားသား,.. မင်း ဘယ်လိုပြောလိုက်တာလဲ၊ မင်းဟာ လေ သူများပြောတာကို ယုံနေတာပဲ၊ ငါ ဘယ်လိုပြောပြော နားမဝင်ပါကလား၊ မင်းအဖေကိုသတ်တာ ချရိုး မဟုတ်ဘူးဟဲ့"

"နို့ဖြင့် ဘယ်သူလဲဗျာ"

လင်းမြင့်လှိုင်က ဝင်မေးလေ၏။

"အို"

မအိုဇာ တစ်ယောက် စကားကျွံသွားမှန်း သူ့ကိုယ်သူ သိလိုက်ခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ကြောင်စီစီ ကြည့်နေလေတော့၏။

"မအိုဇာ သိလျှင် ပြောပါလားဗျာ"

"ဟင့်အင်း ဟင့်အင်း... ကျုပ်ဘယ်သိပါ့မလဲ၊ ကျုပ် သိတာတော့ မောင်သီးကို ချရိုး မသတ်ဘူးဆိုတာပဲ"

"နို့ဖြင့်လည်း ဘာလို့ ချရိုးမသတ်ဘူးလို့ မအိုဇာက အခိုင်အမာစကား ပြောဝံ့တာတုန်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အရှင်းကြီးပါ၊ ခူရှိုးနဲ့ မောင်သီးက သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေလေ"

"ဒါနဲ့ပဲ... မောင်သီးကို ခူရှိုးက မသတ်ပါဘူး ပြောလို့ရမလားဗျာ"

လင်းမြင့်လှိုင်က ဝင်ပြောလိုက်လေ၏။

"ကျုပ်တော့ ပြောဝံ့တယ်၊ ဘယ်သူလဲဆိုတာ ပြောမပြနိုင်တာပဲရှိတယ်၊ ကဲ ကဲ... သားသား လာထိုင်ချေ၊ သမီးရေ ဧည့်သည်တွေအတွက် သစ်သီးတွေ ယူခဲ့ချေ"

"ဟုတ်"

BURMESE CLASSIC

သမီးဖြစ်သူက အခန်းသို့ ပြန်ဝင်သွားသလို မောင်သားသားသည် မအိုဇာနှင့် ဘေးချင်းဝင်ထိုင်လေ၏။

သည်တွင် မအိုဇာက မောင်သားသား၏ ခေါင်းထက်ဆံပင်တို့ကို သူမ၏လက်ဖြင့် အသာအယာဖွလျက်...

"မောင်သားသား ဒါ မြို့ပြကဧည့်သည်တွေ၊ အမဲလိုက်မုဆိုးတွေပဲ"

"ဟုတ်"

မောင်သားသား ဆိုသူသည် သို့သာပြော အသိအမှတ်ပြုပေမင့် မျက်နှာ ရှုစ်ခေါက်ချိုးနှင့် ဖြစ်ချေတော့၏။

ဘာကို မကျေမနပ် ဖြစ်နေလေသည်မသိချေ။

"စားကြပါဦးရှင်"

မအိုဇာ၏သမီး ပြန်ထွက်လာကာ ငှက်ပျောသီး၊ မာလကာသီးတို့ကို ကျွန်တော်တို့ရှေ့ လာချပေးရင်းပြောလေသဖြင့် သူမကို စေ့စေ့ကြည့်မိလိုက်၏။

အမေတူ သမီးပါကလား။ မအိုဇာနှင့် ညီအစ်မအောက်မေ့ထင်ရလောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အချိုးအစား ပြေပြစ်ချေ၏။ ရွက်ကြမ်းရေကျို ဟု ပြောရပေမည်။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်လိုက်ပြီး ငှက်ပျောသီး တစ်လုံးစီ ကို ကောက်ယူစားလိုက်ကြ၏။

သူတို့သားအမိမျက်နှာသည် ပြုံးရွှင်သွားကြတော့၏။

"တော်တို့က တကယ်ပဲ ကျွန်မတို့ကို နားလည်တာပဲနော်၊ သည်ရွာမယ် သူကြီးက,အစ ကျုပ်တို့ ကျွေးတာကို တစ်စက် ကလေးမှ မတို့ဘူး"

သို့ မအိုဇာက ပြောလာသဖြင့် စိတ်မကောင်းဖြစ်မိ၏။

မအိုဇာတို့ဘဝ တကယ်တမ်း ဆန်းစစ်ကြည့်တော့ သနား စရာပါကလား၊ အပါယ်ခံဖြစ်နေပါကလား၊ ဘာကြောင့်များပါလိမ့်။

အံ့ဖို့ကောင်းသည်မှာ မအိုဇာတို့သည် တစ်ရွာလုံးတွင် လှရည်သန့်ဟု ပြောရပေမည်။

အင်ပင်ကုန်းရွာလေးတွင် ကျွန်တော်တို့ တွေ့ခဲ့သူ မှန်သမျှ သူကြီးက,အစပေါ့။ သားသားနားနား မရှိကြချေ။

မိန်းမတို့သည်လည်း မိန်းမတို့အလျောက်၊ ယောကျ်ားတို့ သည်လည်း ယောကျ်ားတို့အလျောက် ရုပ်ဆိုး အကျည်းတန် ကြပြီး အသားရောင်တို့သည် နက်ပြောင်ကြသည့်အထဲ ချေး(ကျိုး) အထပ်ထပ် ဖြစ်ကြချေ၏။

မျက်နှာပေါက် အားလုံးသည် အတွင်းစိတ်သဏ္ဌာန်ကို ဖော်ကျူးနေသည့်အလား ထင်ရ၏။

ကလေး လူကြီး အတူတူပင်၊ တစ်လေသံတည်း ထွက်ကြ သည်မှာ...

"မအိုဇာသည် စုန်းမကြီး" ဟူသတတ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က စုန်းမကြီးရယ်လို့ သမုတ်ကြသော မဒိုဇာသည် မျက်နှာထား တည်ကြည်သည့်မှလွဲ၍ ရိုးသား ပွင့်လင်းပုံရ၏။ ကိုယ့်ကိုယ်ကို ယုံကြည်နေသူဖြစ်၏။ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ပုံ ရချေ၏။

သူ့ချည်းသာ မဟုတ်။ သမီးဖြစ်သူသည်လည်း မအေတူ သမီးလို့ ပြောရချိမ့်မည်။ သူတို့သားအမိအပေါ်ထားသည့် ရွာသားတို့၏ အတွင်းသဘောကို သိကြပေမင့် တုန်လှုပ်ချောက်ချားခြင်း အလျဉ်းရှိပုံမရချေ။

ကျွန်တော်တို့နှစ်ယောက်က သူတို့ကျွေးမွေးသည့် သစ်သီးများကို အားပါးတရ စားသောက်သည်ကို ကြည့်ကာ ပီတိဖြစ်နေကြသည်ပင်။

ထိုသည်ကလည်း သဘာဝပင် ဖြစ်ချေ၏။ လူရာသွင်း ခံရခြင်းကြောင့် ကျေနပ် နှစ်သိမ့်နေကြသည် ဖြစ်ချေ၏။

"နို့ နေပါဦး... မင်းနာမည် ဘယ်လိုတုန်း"

လင်းမြင့်လှိုင်က မေးလိုက်၏။

"မသူဇာ"

"ဟင်"

"အို"

မအေက 'မဒိုဇာ'၊ သမီးက 'မသူဇာ' ဟုတ်တော့ ဟုတ်နေလေပြီ။

သည့်နောက် ကျွန်တော်သည် မောင်သီး သားဘက် လှမ်းကြည့်လိုက်ပြန်လေပြီး...

"မောင်သားသား ဆိုတာလား"

သေချာအောင် ထပ်မေးသည့်သဘော ဖြစ်လေ၏။

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သို့သာ ကောင်လေးက ဖြေ၏။ ပြီးလျှင်...

"ကျုပ် အပြင်သွားချေဦးမယ်"

ဆိုလျက် နေရာမှ ထ,လိုက်သည်တွင်...

"ကျုပ်လည်း လိုက်မယ်" ဆိုလျက် ကောင်မလေးသည်လည်း သူ့အမေကို ခေါင်းဆတ်ပြ ခွင့်ပြုချက်တောင်းလိုက်လေကာ နေရာမှ ထ,လိုက်သွားတော့၏။

"သူတို့နှစ်ယောက် လိုက်ဖက်တယ်"

သို့ ကျွန်တော်က သွေးတိုးစမ်း ပြောလိုက်၏။

"ကျုပ်လည်း အဲဒါ တွက်မိပြီးသားပါ၊ နို့ကြောင့်လည်း ကောင်လေးနဲ့ ကောင်မလေးကို နေရာချပေးဖို့ စဉ်းစားပြီးသားပါ"

မအိုဇာ တစ်ယောက် ကျွန်တော်တို့နဲ့ မိတ်ရင်း ဆွေရင်းလို ဖြစ်သွားကြသည်ကြောင့် မအိုဇာ သဘောမနော ကောင်းနေချိန်ကို အခွင့်အရေးယူလိုက်ကာ ကျွန်တော်က–

"ကျွန်တော်တို့လည်း သွားလိုက်ပါဦးမယ်၊ ဪ... မေးရပေဦးမယ်၊ မနေ့က အသတ်ခံရလို့ သေသွားတဲ့ မောင်ဟန်နဲ့ အတော်ရင်းနှီးကြလား"

လို့ ကျွန်တော်က မေးလိုက်သည်တွင် မအိုဇာ တစ်ယောက် မျက်နှာပျက်သွားလေတော့၏။

သို့ပေမင့်လို့ ကပျာကသီပင် မျက်နှာကို ပြုံးလိုက်ချေပြီး–

"တောခေါင်းကြီး သိန်းလွင်နဲ့ပတ်သက်လို့ သိတာ ကြာပြီပဲလေ၊ နို့ပေမင့်လို့ မောင်ဟန်နဲ့တော့ သိပ်ထဲထဲဝင်ဝင် ဆက်ဆံခဲ့ခြင်း မရှိခဲ့ပါဘူး"

လို့ မအိုဇာက ပြောလေ၏။

"သမီးတို့နဲ့တော့ လူငယ်ချင်း ရင်းနှီးမှုရှိကြလား"

သို့ ကျွန်တော်က အစ်အောက် မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် မအိုဇာတစ်ယောက် မျက်နှာ မည်းမှောင်သွား လေတော့၏။

"တော်တို့က ကျုပ်ကို မောင်ဟန်ကိစ္စနဲ့ ပတ်သက်လို့ စစ်ဆေး မေးမြန်းနေတဲ့ သဘောလား"

လို့ မျက်စောင်းနီကြီးဖြင့် ပြောလာလေတော့၏။

"ကျွန်တော် တောင်းပန်ပါတယ် မအိုဇာ၊ သဘောရိုးနဲ့ မေးမိတာပါ။ မအိုဇာ မကြိုက်လျှင်ဖြင့် ကျွန်တော် မမေးခဲ့ဘူးလို့ မှတ်လိုက်ပါတော့"

သို့ဆိုလျက် ကျွန်တော်သည် ငှက်ပျောသီး တစ်လုံးကို ကောက်ယူ စားလိုက်လေ၏။

လင်းမြင့်လှိုင်က ကျွန်တော့်ကို...

"ကိုပိုက် မှားတာဗျ...၊ မအိုဇာဘက်ကနေ ကြည့်မယ် ဆိုလျှင် ကျွန်တော်သာဆို ကိုပိုက်ကို ထ,တောင်ရိုက်တော့မှာ"

သို့ ပြောလာချေ၏။ ပြီး မအိုဇာဘက်လှည့်ကာ...

"သူ့ကိုယ်စား ကျွန်တော်ကပဲ တောင်းပန်ပါတယ်"

သို့ ပြောလိုက်သည့်တွင် မအိုဇာတစ်ယောက် ပြုံးလာ ချေတော့၏။

"ကဲပါရှင်... ကျုပ်လည်း သွားစရာလေးရှိသေးတယ်"

ဆိုလေသဖြင့် ကျွန်တော်တို့ကို အလိမ္မာဖြင့် ပြန်နိုင်း လေသည် သိလိုက်သည်ကြောင့်...

"နို့ဖြင့်လည်း ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်တို့ သွားတော့ မယ်၊ သည်ညနေပဲ မြို့ပြန်ကြမယ်"

လို့ လင်းမြင့်လှိုင်က ပြောလိုက်လေ၏။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မအိုဇာ အိမ်မှ ထွက်ခဲ့ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မအိုဇာက အိမ်နဲ့ ခပ်လှမ်းလှမ်းနေရာ ရောက်သည့်တွင် သူကြီးကို တွေ့လိုက်ကြရ၏။

"ဟာ... သူကြီး"

"ဆရာလေးတို့ကို စိတ်မချလို့ သည်နားကနေ တစေ့တစောင်း ကြည့်နေတာ"

"ဘာစိတ်မချစရာရှိလို့လဲဗျာ၊ ကျွန်တော်တို့မယ် ဒါတွေလည်း ပါတယ်၊ ပြီးတော့ ကျွန်တော်တို့က ယောကျ်ားသားတွေလေ"

သို့ ကျွန်တော်က လက်တွင်းရှိ သေနတ်ကို ပုတ်ပြ ပြောလိုက်၏။

"မအိုဇာက သာမန်သူတစ်ယောက် မဟုတ်ဘူးဆိုတာလည်း မေ့မထားနဲ့ဦးလေ"

"ဪ... ဟင်း ဟင်း ဟင်း"

သူကြီးအပြောကို ကျွန်တော် လွန်မင်းစွာ သဘောကျသွားရလေ၏။ သူတို့တွေ တကယ်ပဲ အတွေးအခေါ် မရှိကြပါကလား၊ ဘယ်လိုလုပ် ရွာကို အုပ်ချုပ်နေပါလိမ့်၊ ရွာတိုးတက်ရေး ဘယ်လိုလုပ်နိုင်ကြပါလိမ့်မည်နည်း။ အတွေးအခေါ်တွေက ရှေးပဝေဏီသို့ ရောက်လို့နေပါကလား။

အင်းလေ... တစ်ရွာလုံးနဲ့ တစ်လေသံတည်း ဆိုတော့ သူ့ဟာသူတော့ အဆင်ပြေနေကြခြင်း ဖြစ်ချေမည်။

"ကျွန်တော်တို့ သွားတော့မယ်"

သို့ လင်းမြင့်လှိုင်က သူကြီးကို ပြောလိုက်၏။

"အလိုလေးဗျာ... ထမင်းစားပြီးမှ သွားကြပါလား"

သူကြီးက တား၏။

"ကျွန်တော်တို့အတွက် လမ်းမယ် ရှာဖွေ စားသွားလို့ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က ပြောလိုက်၏။ သို့ ပြောလိုက်သည်ဆိုရာ၌ အသံကိုပြင်၍ ပြောလိုက်ခြင်းဖြစ်၏။

ဘယ်တွက်မှ ခပ်လှမ်းလှမ်းတွင် မောင်သားသားနှင့် မသူဇာတို့ကို လှမ်းတွေ့လိုက်၍ ဖြစ်ချေတော့၏။

"တားမရလည်း သွားကြပေါ့ဗျာ၊ ကျုပ်တို့ရွာ ရောက်တုန်း ဆရာလေးတို့ ဘာမှမဖြစ်လျှင် တာဝန်ကျေပြီပေါ့"

"ဗျာ"

"ဘယ်လို...သူကြီး။ မောင်ဟန် အသတ်ခံလိုက်ရတယ်လေ"

သို့ ကျွန်တော်က ပြောလိုက်၏။

"မောင်ဟန်က ကျုပ်တို့ရွာအတွက် ညှိသည်မဟုတ်သလို ဘယ်သူ့မှ သူ့ကို မျက်စေ့ထဲ မထားကြပါဘူး။ သူ့ကို ရှိတယ်လို့လည်း မတွက်ဘူး။ မရှိဘူးလို့လည်း မတွက်ဘူး။ မမြင်ဘူးလို့လည်း မပြောဘူး။ မြင်တယ်လို့လည်း မပြောကြပါဘူး"

"ဟင်"

အလိုလေးဗျာ... လွယ်လွယ်လေး ပြောလိုက်တာပါကလား။ မောင်ဟန် တစ်ယောက် သူတို့ရွာအပေါ် ဘာတွေများ လုပ်ခဲ့ဖူးလို့ပါလိမ့်။

မောင်ဟန် အသတ်ခံရခြင်းသည် တိရစ္ဆာန် တစ်ကောင် လောက်မှ စိတ်ဝင်စားမှု မရှိကြပါကလား။

သို့ဖြင့် ကျွန်တော်တို့သည် သူကြီးနှင့် လမ်းခွဲထွက်ခဲ့တော့၏။ ကျွန်တော်တို့ ဦးတည်ခဲ့သည်မှာ ရွာထိပ်ဖြစ်ပြီး မောင်သားသားနှင့် မသူဇာတို့ ရှိလောက်သည့်နေရာမှ ပြန်ထွက်ခဲ့ကြခြင်း ဖြစ်၏။

မောင်သားသားနှင့် မသူဇာကို နှုတ်ဆက်စကား ဆိုချင်၍ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးတို့ ပြန်တော့မယ်ကွာ"

"ဟုတ်"

"အင်း"

သို့သာ ပြောလာကြ၏။ ကျွန်တော်တို့ သူတို့နား ကျော်လာသည်နှင့် သူတို့နှစ်ယောက်သည် မပြေးရုံတမယ် အိမ်ဘက်ဆီသို့ ခပ်သုတ်သုတ် လျှောက်သွားကြသည်ကို သိလိုက်ကြတော့၏။

"ကိုလင်း တကယ်ပြန်မှာလား"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က ထုံးစံအတိုင်း သွားတက်လေး ပေါ်ရုံ ပြုံးလိုက်လေကာ...

"မအိုဇာတို့ ကျွန်တော်တို့ကို တကယ်ပြန်ရာပြီ ထင်လောက်အောင် တောရွာနဲ့ အတော်လှမ်းလှမ်းတောအုပ်ထဲမယ် သွားနေကြစို့ဗျာ၊ ညဘက်ကျမှ ရွာထဲ ပြန်ဝင်ကြတာပေါ့"

"ကိုလင်း သဘောလေ"

သို့သာ ကျွန်တော် ပြောလိုက်၏။ လင်းမြင့်လှိုင် ဘာတွေ သိထား၊ ဘာတွေလုပ်လေမည်ကို ကျွန်တော် မသိချင်ပါပေ။ မေးလေလျှင်လည်း ပြောလိမ့်မည်မဟုတ်။ လင်းမြင့်လှိုင် ကိုယ်နှိုက်က ပြောလာမှ သိခွင့်ရှိပေလိမ့်မည်။

သို့ဖြင့် ကျွန်တော်တို့သည် ရွာနှင့် အတော်လှမ်းလှမ်း တောအုပ်တွင်း ရောက်လာကြ၏။

သို့ကြောင့်...

"ကိုလင်း ကျွန်တော်တို့ အမဲတစ်ကောင်လောက် သွားပစ်ကြလျှင် ကောင်းမယ်"

သို့ ကျွန်တော်က ပြောလိုက်၏။ ဆာလောင် မွတ်သိပ်ခြင်း ဒဏ်ကို ခံစားနေရခြင်းကြောင့် သို့ ပြောလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက် ကြည့်ရတာ အတော်ဆာနေပုံပဲဗျ။ သည်မှာဗဲ ထိုင်နေရစ်ခဲ့ပါ။ ကျွန်တော် သွားရှာပစ်ခဲ့ပါ့မယ်"

သို့ဆိုတော့ ကျွန်တော်သည် အနီးရှိ သစ်ပုပ်ပင်ကြီးတစ်ပင် အောက်တွင် သွားထိုင်လိုက်တော့၏။

အောက်ပေါင်း အထွေအထူး ရှင်းစရာမလိုချေ။ သစ်ရွက် ခြောက်များသာ ရှိခြင်းကြောင့် သေနတ်ပြောင်းဖြင့် ဖယ်ထုတ် လိုက်ပြီး ထိုင်ချလိုက်၏။

လွန်မင်းစွာ ပင်ပန်းနေသည့်ကြောင့် သစ်ပင်ကို ကျောမှီ မှိန်းနေလိုက်တော့၏။

လင်းမြင့်လှိုင် တစ်ယောက် ဘယ်ရောက်သွားသည်မသိ ထည့်လိုက်ရပါချေ။

ကျွန်တော် မှိန်းနေလိုက်ချိန်မှာပင်...

"ဒိန်း"

လင်းမြင့်လှိုင် ထွက်သွားသည့်ဘက်မှ ပြင်းထန်သော ယမ်းအားပေါက်ကွဲသံ ထွက်ပေါ်လာ၏။

လင်းမြင့်လှိုင် သားကောင်တစ်ကောင် ပစ်ရလိုက်ချေပြီ ဖြစ်မည်။

သို့ ထင်လေသည့်အတိုင်း အတန်ကြာတွင် လင်းမြင့်လှိုင် တစ်ယောက် မျောက်သေတစ်ကောင် ထမ်း၍ ပြန်လာချေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် သစ်ပုပ်ပင်အောက်တွင် မျောက်ကောင်ကို အသားဖျက် မီးကင်လိုက်ကြ၏။

မျောက်သား မီးကင်နေတုန်း လင်းမြင့်လှိုင်က ဝီစကီ တစ်ပြား ထုတ်ပေးလာချေတော့၏။

"နေဦးဗျ... ရေမရှိဘူး။ ဟိုနားလေးမယ် စမ်းချောင်းလေး ရှိတယ်၊ ကျွန်တော် အမဲပစ်သွားတုန်းက တွေ့လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ ဆို၍ လင်းမြင့်လှိုင် ထိုနေရာသို့သွားမည် လုပ်သဖြင့်...

"နေ...နေ...ကိုလင်း၊ ကျွန်တော် အိပ်ချင်စိတ်ပြေအောင် သွားခပ်ခဲ့ပါ့မယ်"

ဆိုလျက် ကျွန်တော်သည် သေနတ်ကိုယူ၍ လင်းမြင့်လှိုင် ပြောသည့် စမ်းချောင်းလေး ရှိသည်ဆိုသော နေရာသို့ ထွက်ခဲ့တော့၏။

လင်းမြင့်လှိုင် ပြောတော့ ဟိုနားလေးတင် ဆိုပေမင့် ကျွန်တော် စမ်းချောင်းလေးကို မတွေ့ပါချေ။

ကျွန်တော်သည်ပင် လမ်းမှားနေ၍ များလေလား။ သို့ကြောင့် လင်းမြင့်လှိုင်ကို သေချာမေးရန် နောက်ပြန် လှည့်လိုက်၏။

"ဟင်"

ကျွန်တော်သည် ကပျာကသီ သေနတ်ကို လင်းမြင့်လှိုင် ရှိရာသို့ လှမ်းချိန်လိုက်ကာ သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်လေ၏။

"ဒိန်း"

ကျွန်တော့်ကို အံ့ဩတကြီး ကြည့်နေသော လင်းမြင့်လှိုင် ထိတ်လန့်သွားပုံ ရချေ၏။

မြေပြင်ကိုလည်း ပြားပြားဝပ်ချလိုက်တော့၏။

"ကိုပိုက် ဘယ်လို ဖြစ်တာလဲ"

လင်းမြင့်လှိုင်က ထိတ်လန့်တကြား ဖြစ်လျက် လှမ်းအော် မေးလေ၏။

ကျွန်တော် လင်းမြင့်လှိုင်ကို ပြန်မပြောအားပေ။ လင်းမြင့်လှိုင် ကို နောက်ကွယ်မှ လုံရှည်ဖြင့် ချောင်းမြောင်း လှမ်းပစ်တော့မည့် လူတစ်ယောက်ကို ခြောက်လှန့်ပစ်လိုက်ခြင်း ဖြစ်သည်ကြောင့် ထိုလူသည် လစ်ခနဲ ပြေးထွက်သွားသည်ကို ငေးကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် လင်းမြင့်လှိုင်သည်လည်း သူ့နောက်ဘက်သို့ လှည့်ကြည့်လိုက်ချေ၏။

လင်းမြင့်လှိုင် ထိုလူ့ကို မြင်လိုက်သွားပုံမပေါ်ချေ။ ဘယ့်ကြောင့်မှု ထိုလူသည် လင်းမြင့်လှိုင် နောက်မလှည့်ခင်ကတည်းက ချုံပုတ်ပင်တို့ကြား တိုးဝင် ပျောက်သွားပြီးဖြစ်၍ပင်။

"ကိုလင်းရေ... ကျွန်တော် ခုပဲပြန်လာခဲ့မယ်၊ ဘာမှ မဟုတ်ပါဘူး"

သို့ဆိုလျက် ကျွန်တော်သည် နောက်ပြန်လှည့် စမ်းချောင်းလေးကို ရှာလိုက်ပြန်၏။

တော်ပါသေးရဲ့... လွယ်လင့်တကူ စမ်းချောင်းလေး တွေ့လိုက်ချေ၏။

ကျွန်တော်သည် အခေါင်းပွ ဝါးတစ်လုံးကို ခုတ်ပြီး ဝါးနှစ်ဆစ်ခန့်ကို ဖြတ်၍ စမ်းရေကိုခပ်ထည့်ပြီး လင်းမြင့်လှိုင် ရှိရာသို့ ပြန်သွားလိုက်တော့၏။

"ကိုပိုက် ကြောင်ပြီး ကျွန်တော့်ကို လှမ်းပစ်တာတော့ မဟုတ်ပါဘူးနော်"

သို့ လင်းမြင့်လှိုင်က ပြုံးစေ့စေ့ မျက်နှာလေးဖြင့် ကြည့်ပြော လေသဖြင့် ကျွန်တော် အဖြစ်မှန်ကို သည်တော့မှ ပြောပြလိုက်ရ၏။

"အလိုလေးဗျာ... နို့ဖြင့် သည်လူက ဘာလို့ ကျွန်တော့်ကို သတ်ဖြတ်ချင်ရတာတုန်း၊ ဘယ်သူ ဖြစ်နိုင်မတုန်း။ ကိုပိုက်က ဖျတ်ခနဲတွေ့လိုက်သူဆိုတော့ ပုံရိပ်သဏ္ဌာန်တော့ဖြင့် ပြောနိုင် လိမ့်မယ် ထင်တယ်"

သို့ လင်းမြင့်လှိုင် ပြောတော့မှ ကျွန်တော် သတိထား လိုက်မိသည်မှာ ထိုလူသည် အသက်အားဖြင့် နှစ်ဆယ်ငါးနှစ်ကျော် ခန့်သာလျှင် ရှိချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ပုံပန်းသဏ္ဍာန်ကို မြင်ဖူးသလိုလိုတော့ အရှိသားကလား။

သို့ကြောင့်...

"နေဦးဗျ" ဆိုလျက် ကျွန်တော်သည် အာရုံပြု စဉ်းစား ကြည့်လိုက်၏။

အတော်ကြာကြာတွင် ပုံရိပ်သဏ္ဍာန် ပြန်မြင်ယောင်လာ၏။ အလိုလေးဗျာ မောင်သားသားများ ဖြစ်နေလေမလား။

ဘာလို့များ သူ ဖြစ်နေသည် မသိပါချေ။

သို့ကြောင့်...

"မောင်သားသားနဲ့တော့ ခပ်ဆင်ဆင်ပေပဲဗျ"

လို့ လင်းမြင့်လှိုင်ကို ပြောလိုက်၏။

သည်တွင် လင်းမြင့်လှိုင်က ထုံးစံအတိုင်း သွားတက်ကလေး ပေါ်ရုံ ပြုံးလိုက်ပြန်ချေကာ...

"ဖြစ်နိုင်တာပေါ့ဗျာ"

သို့ ပြောလာလေ၏။

"ကျွန်တော်တို့နဲ့ ဘာအငြိုးများ ရှိလို့တုန်း"

ကျွန်တော်က မေးလိုက်၏။

"အ,ရန်ကော ကိုပိုက်ရယ်၊ သူ့အဖေသတ်တဲ့ သူလို့ သူစွပ်စွဲနေတဲ့ ချူးရှိုးနဲ့ ကျွန်တော်တို့က ပတ်သက်နေတယ်လေ၊ ဒါကတစ်ချက်၊ ပြီးတော့ မသူဇာနဲ့ မောင်ဟန်ကိစ္စကို တစ်ညနေ ဆောင်းမှာ မထင်မှတ်ဘဲ ချောင်းထဲမယ် တွေ့ခဲ့တယ်လေ"

"အဲဒါနဲ့ ဘာဆိုင်တုန်းဗျာ"

"ဆိုင်ပြီကော ကိုပိုက်ရယ်၊ မောင်ဟန် အသတ်ခံရတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သူတို့အိမ်ကို အကြောင်းရှာ သွားမေး လာတယ် ဆိုတာ သူ သိနေမှာပေါ့၊ သည်တော့ကာ သူက ကျွန်တော်တို့ကို ဘယ်လာ ကြည်ဖြူနိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နို့ဖြင့် မအိုဇာက ဖော်ဖော်ရွေရွေပါဗျာ၊ ကိုလင်း အထင် မလွဲသင့်ပါဘူး"

လို့ ကျွန်တော်က ပြောလေသည်နှင့် လင်းမြင့်လှိုင်က ခပ်ဟက်ဟက်လေး ရယ်လိုက်လေပြီး . . .

"ဟင်း ဟင်း ဟင်း ဟင်း . . . ကိုပိုက်ရယ် . . . မအိုဇာကို လျှော့တွက်လို့ဗျာ၊ အင်မတန် ပါးရည် နပ်ရည်ရှိတဲ့ မိန်းမဗျ။ ကျွန်တော့်သဘောသာဆိုလျှင် သည်ရွာသူကြီးကို ဖြုတ်ပြီး သူ့ကို သူကြီးခန့်တယ်"

"ဗျာ"

လင်းမြင့်လှိုင် ဘယ်လိုအတွေးတွေ တွေးနေပါလိမ့်။ သို့ အတွက် လင်းမြင့်လှိုင်ကို တအံ့တဩ ကြည့်နေမိတော့၏။

"ကဲပါ . . . ကိုပိုက်ရယ် . . . လာ . . . သောက်ရအောင်။ မျောက်သား မီးကင်လည်း ကျက်ပြီ"

ကျွန်တော်သည် လင်းမြင့်လှိုင်ထံမှ ဝီစကီပြားလေးကို လှမ်းယူ တစ်ငုံ မော့သောက်လိုက်၏။ ပြီး မျောက်သားမီးကင် ဖဲ့စားလိုက်၏။

"နံလိုက်တာ"

"မျောက်တံငါကိုးဗျ"

လင်းမြင့်လှိုင်က ပြုံးစေ့စေ့ မျက်နှာထားဖြင့် ပြောလာလေ၏။ သည့်နောက် ကျွန်တော်တို့သည် ဝီစကီတစ်ပြား ကုန်သည့်တိုင် သောက်လိုက်ကြပြီးနောက် ရွာဘက်သို့ ပြန်ခဲ့ကြတော့၏။

"မောင်စ,ပျိုးမှ ရွာထဲပြန်ဝင်မယ် ထင်တာ"

ကျွန်ုပ်တော်က ပြောလိုက်၏။

"အစ,က ကျွန်တော်လည်း အဲလိုတွက်ထားတာ၊ ခုတော့ အချိန်နောက်ကျသွားမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်"

လင်းမြင့်လှိုင်ကို ကျွန်တော် နားမလည်နိုင်စွာ ကြည့်လိုက်မိတော့၏။

သို့ပေမင့်လို့ ကျွန်တော်သည် လင်းမြင့်လှိုင် နောက်သို့သာ လိုက်ခဲ့ချေတော့၏။

လင်းမြင့်လှိုင်သည် ရှေ့မှ ဦးဆောင် တောတိုးသွားရင်း နောက်သို့လည်းကောင်း၊ ဘေးသို့လည်းကောင်း ဂရုတစိုက် ကြည့်ကာ သွားနေလေခြင်းကြောင့် ကျွန်တော်သည်လည်း နောက်ယောင်ခံလိုက်သူ၊ ချောင်းမြောင်းလိုက်သူ ရှိ၍ဖြစ်သည်ဟု တွက်ကာ အလေးဂရုထား ကြည့်မိလေ၏။

မည်သည့် ထူးခြားမှုမရှိဆို့ပေမင့် သစ်ပင်ထက်မှ ၀.စ်ပင်ဆက်တစ်ပင် ကူးလူး ခုန်လွှားသွားသည့် မျောက်ညိုကြီးတစ်ကောင်တော့ဖြင့် တွေ့မိချေ၏။

"ကိုလင်း ပစ်လိုက်ရမလား"

သို့ ကျွန်တော်က ထိုမျောက်ကောင်ကို ပစ်လိုသည်ကြောင့် သဘောထား တောင်းယူလိုက်ခြင်း ဖြစ်၏။

"မပစ်နဲ့ ကိုပိုက်၊ အဲဒီမျောက်ကောင်က သက်သေပဲ"

"ဗျာ"

လင်းမြင့်လှိုင် ဘာကို ဆိုလိုချင်တာပါလိမ့်။ ကျွန်တော် နားမလည်ပါချေ။ ကျွန်တော့် အခက်အခဲကို သိလိုက်သည့် လင်းမြင့်လှိုင်က...

"ကိုပိုက် လတ်တလော သိချင်နေတာတွေ နောက်မှ ပြောပြမယ်ဗျာ၊ ခုတော့ အချိန်မီ မအိုဇာအိမ် သွားမှဖြစ်မယ်"

ဆိုလျက် ခပ်သုတ်သုတ်လျှောက်သွားလေသဖြင့် ကျွန်တော်သည်လည်း ထက်ကြပ်မကွာ လိုက်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် တောစပ်သို့ ရောက်လာချေ၏။ အင်ပင်ကုန်းရွာကိုပင် လှမ်းမြင်နေရ၏။

"ဟာ... ကိုလင်း... ဟိုမယ်... ဟိုမယ်"

ကွင်းကိုဖြတ်၍ ပြေးသွားလေသည့် လူတစ်ယောက်ကို လှမ်းတွေ့၍ ပြောလိုက်ခြင်းဖြစ်၏။

ထိုပြေးလွှားသွားသောသူသည် မဒိုဇာတို့ အိမ်နောက်ဘက်မှ တစ်ဖက်တောစပ်သို့ ပြေးလွှားသွားခြင်းဖြစ်၏။ အလှမ်းဝေးသည့်ကြောင့် လူလုံးမကွဲ ဖြစ်ရ၏။

"ကိုပိုက်ရေ ၊ ကျွန်တော်တို့ နည်းနည်းလေး နောက်ကျသွားတယ်ဗျ"

ဆိုလျက် လင်းမြင့်လှိုင်သည် ရွာသို့သွားနိုင်သည့် ကွင်းကို မဖြတ်လေတော့ဘဲ တောစပ်မှနေ၍ စောစောကလူ ပြေးဝင်သွားသည့် တောစပ်အဝ,သို့ အပြေးလိုက်သွားလေသဖြင့် ကျွန်တော်သည်လည်း ဘုမသိ၊ ဘမသိ ထက်ကြပ်မကွာ ပြေးလိုက်သွားရတော့၏။

ထိုနေရာလေးသို့ရောက်သည်တွင် လူတစ်ယောက်ခြေရာကို တွေ့လိုက်၏။ စောစောက ပြေးဝင်သွားသူ၏ ခြေရာဖြစ်၏။

သို့ကြောင့် ကျွန်တော်တို့သည်လည်း ထိုခြေရာနောက် လိုက်ဝင်သွားကြ၏။ တောစပ်အောက်တွင် သစ်ပင်ချုံပုတ်ငယ်များရှိပေမင့် အတွင်းမတော့ သစ်ပင်ကြီးများနဲ့ ဝါးပင်များသာ ပေါက်ရောက်နေခြင်းကြောင့် ရှင်းရှင်းလင်းလင်း ရှိချေ၏။

"ဟိုမယ်... ကိုလင်း"

ခပ်လှမ်းလှမ်း သစ်တစ်ပင်အောက်တွင် ရပ်လျက် တစ်ခုံတစ်ဦးကို စောင့်နေသည့် လူတစ်ယောက်ကို တွေ့လေသဖြင့် သို့နှယ် လင်းမြင့်လှိုင်ကို ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ မဝေးလှသောနေရာတွင်ရှိနေသဖြင့် ဘယ်သူမှန်း သိလိုက်ရခြင်းကြောင့် ကျွန်တော် အံ့ဩမိတော့၏။

"မောင်သားသားပါကလား"

သစ်ပင်အောက်တွင် ရပ်၍ သစ်ပင်ထက်များဆီသို့ မော့ကြည့်နေလေ၏။ တစ်စုံတစ်ရာကို ရှာဖွေနေဟန် ဖြစ်၏။

မောင်သားသား ဘာလုပ်နေသည်၊ ဘာဆက်လုပ်မည်ကို သိလိုခြင်းကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ချုံပုတ်ပင် တစ်ပင်နောက်ကွယ်မှ ပုန်းခို ကြည့်ရှုနေလေ၏။

"ငူးဝူ ငူးဝူ ငူးဝူ ငူးဝူ"

သို့ဆိုသလို မောင်သားသားသည် မျောက်တစ်ကောင်လို အူရင်း သစ်ပင်ထက်ဆီ မော့ကြည့်လို့နေ၏။

"ကောင်လေးအသံက မျောက်လိုပဲဗျ"

ကျွန်တော်က တအံ့တဩ ပြောလိုက်၏။

"ငူးဝူ ငူးဝူ ငူးဝူ ငူးဝူ"

အလိုလေးဗျာ ကောင်လေး မျောက်အသံ ပေါ်လာပြီးသည်နှင့် ခပ်လှမ်းလှမ်း သစ်ပင်တို့များမှ မျောက်အသံ ကြားလိုက်ရပြန်၏။

"ငူးဝူ ငူးဝူ ငူးဝူ ငူးဝူ"

"ငူးဝူ ငူးဝူ ငူးဝူ ငူးဝူ ငူးဝူ"

အပြန်အလှန် မျောက်အသံတို့ ထွက်ပေါ်လာ၏။

"ဟိုမယ် ဟိုမယ်... ကိုပိုက်... မျောက်...မျောက်"

ကျွန်တော်တို့ မြင်ခဲ့ရသော မျောက်ကောင် ဖြစ်ချေ၏။ ဘယ်သို့ကြောင့် မှတ်မိရပါသနည်း ဆိုပါလျှင် ထိုမျောက်မြီး ရှည်ကောင်၏ အမြီးဖျား ပြတ်နေခြင်းကြောင့် ဖြစ်တော့၏။

"ကိုလင်း ဒါ ကောင်လေးမွေးထားတဲ့ မျောက်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးလိုက်၏။

"ဟုတ်လိမ့်မယ်... နို့ကြောင့်... သည်ကောင် ယဉ်နေတာပေါ့"

သို့ ကြည့်နေရင်းမှ မျောက်ကောင်သည် သစ်ပင်ထက်မှ ခုန်ဆင်း၍ မောင်သားသား ပခုံးထက် ငုတ်တုတ် ထိုင်နေလေတော့၏။

မျောက်ကောင် သူ့ပခုံးထက် တွယ်ကပ် ထိုင်သည်လေသည်နှင့် မောင်သားသားသည် ထိုနေရာလေးမှ လှစ်ခနဲဆိုသလို ဝါးတောချုံပုတ်နွယ်ပင်ထဲ ပြေးဝင်သွားတော့၏။

"လာဗျာ... ကိုပိုက်"

လင်းမြင့်လှိုင်သည်လည်း အလွတ်မပေး။ မောင်သားသား ပြေးဝင်သွားသည့် ချုံပုတ်နွယ်ပင်နောက်သို့ ပြေးလိုက်သွားတော့၏။

ဝါးချုံပုတ်နွယ်ပင် နောက်ဘက်တွင် တိရစ္ဆာန်သွားလမ်းလေး တစ်ခု ရှိနေချေ၏။ လင်းမြင့်လှိုင်သည် ထိုလမ်းကြောင်းလေးအတိုင်း လိုက်ဝင်သွားသဖြင့်–

"မောင်သားသားကို ဘာလို့ သဲကြီးမဲကြီး အချိန်ကုန်ခံ နောက်ယောင်ခံ လိုက်နေရတာတုန်းဗျာ"

လို့ ကျွန်တော်က မနေနိုင် မေးလိုက်တော့၏။

"မောင်ဟန်ကို သူ သတ်တာဖြစ်မယ်"

"ဗျာ... ရှင်းအောင်ပြောပါလား ကိုလင်းရယ်"

"တိတိကျကျတော့ မဟုတ်သေးဘူးဗျ၊ ဖြစ်နိုင်ချေတော့ များတယ်၊ နို့ကြောင့် ကိုပိုက်ကို ရှင်းအောင်မပြောနိုင်သေးဘူးဗျ၊ လမ်းဆုံးတော့ ရှာတွေ့မှာပေါ့ဗျာ၊ လာ..."

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင် ဦးဆောင်တောတိုးသွားရာနောက် တကောက်ကောက် လိုက်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မျက်ခြေပြတ်သွားပြီဗျာ... ကျွန်တော်တို့ သူ့နောက် လိုက်လာတာ သိလို့များလား မသိဘူး"

သို့ ဆိုသလို လင်းမြင့်လှိုင်က စိတ်ပျက်စွာ ပြောလာရင်း သစ်တပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

ကျွန်တော်သည်လည်း လိုက်ထိုင်ရပြန်၏။

"ရော့ဗျာ"

ဝီစကီပုလင်းပြားလေး ထုတ်ပေးလာ၏။ ကျွန်တော်သည် ဆတ်ခနဲ လှမ်းယူလိုက်ပြီး တစ်ငုံမော့လိုက်လေ၏။ ပြီးနောက် လင်းမြင့်လှိုင်ကို ပြန်ပေးလိုက်သည်။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုအပင်အောက် တွင် နားနေထိုင်ရင်း ဝီစကီ သောက်နေရာမှ...

"ဗုစ်"

"စွပ်"

"ဟာ"

"ဟင်"

ကျွန်တော်နဲ့ လင်းမြင့်လှိုင် ကြားသို့ လုံရှည်တစ်ချောင်း ဘန်းတန်းမတ်မတ် ပြေးဝင်လာသည်ကြောင့် လင်းမြင့်လှိုင်ကို အဟျာကသီ တွန်းလိုက်လေပြီး ကျွန်တော်သည်လည်း နောက်လှန် သို့ချလိုက်ရသဖြင့် ထိုလုံသွားသည် သစ်ပင်ထဲသို့ စူးနစ်ဝင်သွား လေတော့၏။

ကျွန်တော်တို့ကို လုပ်ကြံခြင်း ဖြစ်တော့၏။

"မောင်သားသား ပစ်တာတော့ ဟုတ်မယ်မထင်ဘူးဗျ"

"ဘာလို့တုန်း"

"သူ ပြေးလွှားသွားတုန်းက မြင်လိုက်တာပဲ၊ သူ့လက်ထဲ ဘာမှမရှိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့"

လင်းမြင့်လှိုင်သည် လုံရှည်ကို ဆွဲနုတ်ကြည့်နေလေ၏။

"ကိုပိုက်ကို ရှပ်ထိသွားသေးသလား"

လုံသွားကိုကြည့်ရင်း လင်းမြင့်လှိုင်က ထိတ်ထိတ်ပျာပျာ မေးလေသဖြင့်...

"ဟင့်အင်း... ကိုလင်းကော"

"ကျွန်တော့်လည်း မထိပါဘူး။ ကျွန်တော်တို့ သိပ်ကံကောင်းတယ်၊ အထူးသဖြင့် ကိုပိုက်ပေါ့"

"ဗျာ... ဘာဖြစ်လို့တုန်း"

"သူ့လုံသွားသာ ကိုပိုက်ကို ရှပ်ထိသွားလျှင်ဖြင့် နောင်ကို ကျွန်တော်နဲ့ အဖော်ပြုလို့ တောလိုက်နိုင်တော့မှာ မဟုတ်ဘူး"

"ဗျာ"

"မဗျာနဲ့ ကိုပိုက်... သည်လုံသွားထိပ်မယ် အဆိပ်လူးထားတယ်"

"ဟင်"

သည်တော့မှ ကျွန်တော် ကြက်သည်းမွေးညင်း ထ,သွားရတော့၏။

"ကဲ...လာ... ကိုပိုက်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် လုံသွားလာရာဘက် လှမ်းကဲကြည့်ရင်း လျှောက်သွားလေ၏။

ကျွန်တော်သည်လည်း ဝဲယာ ဘေးတစ်ဖက်တစ်ချက်သို့ စေ့စေ့ကြည့်ရင်း လိုက်သွားတော့၏။

"ရိုပ်ခနဲတွေ့တာနဲ့ ပစ်လိုက်ဗျာ"

ကျွန်တော်တို့ကို လုပ်ကြံသည့် လူကို ဒေါသထွက်မိသဖြင့် သို့ ပြောလိုက်မိသည်တွင် လင်းမြင့်လှိုင်က ပြုံးလာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုက်ကလည်း ဒေါ်သချည်းပဲဗျာ၊ ကျွန်တော်တို့ကို လုပ်ကြံတာ ဟုတ်ချမှလည်းဟုတ်မပေါ့၊ သားကောင်ကိုပစ်ရင်း လုံသွားက ကျွန်တော်တို့ဆီ လွဲချော်ရောက်လာတာ ဖြစ်မပေါ့"

"မဖြစ်နိုင်ပါဘူး ကိုလင်းရယ်၊ သားကောင်ပစ်တယ်ဆိုလျှင် ဖြင့်လည်း၊ သားကောင် ထွက်ပြေးသွားတာ တွေ့သိရတော့မပေါ့"

"ဟုတ်ပါပြီတဲ့ဗျာ... နို့ပေမင့်လို့ ရိုပ်ခနဲမြင်တိုင်း ပစ်ရ လျှင်ဖြင့် မတော် လူဖြစ်နေလျှင် လူသတ်မှုဖြစ်သွားတော့မပေါ့"

"ဖြစ်ဖြစ်ဗျာ... ဘယ့်နှယ် သူတစ်ဖက်သားကိုတော့ သတ်ချင် ဖြတ်ချင်၊ သူ့ကျတော့ ဘယ်ရှောင်ပုန်း ပြေးပြီလည်း မသိဘူး"

"ဟင်း ဟင်း ဟင်း ဟင်း"

ကျွန်တော် ဒေါ်ကန်နေမှန်း သိသဖြင့် လင်းမြင့်လှိုင်က သဘောကျစွာ ရယ်မောရင်း ရှေ့ဆက်တောတိုးသွားလေတော့၏။

သို့ဖြင့် ချုံနွယ်ထူထပ်သော နေရာလေးသို့ ရောက်သည် တွင်...

"ကိုပိုက် ဟိုချုံပုတ် နောက်ကွယ်မယ် တလှုပ်လှုပ်နဲ့ဗျ ဘာကောင်တုန်း မသိဘူး"

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင် ညွှန်ပြသည့် ချုံပုတ်ပင်သို့ သေချာ စူးစိုက်ကြည့်မိ၏။

ဟုတ်ပ... တလှုပ်လှုပ်နဲ့ရယ်။ သို့ကြောင့် ကျွန်တော် သည် လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်၏။

"လူဖြစ်နေဦးမယ်"

"ဖြစ်ဖြစ်ဗျာ"

သို့ဆိုလျက် ကျွန်တော်သည် မိုက်မဲစွာ ပစ်လိုက်လေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုန်း"

"ဟာ"

"ဟင်"

တောဝက်ကောင် ဖြစ်ချေ၏။ ကျွန်တော့်ပစ်ချက် လွဲချော်သွားပုံပင်။

တောဝက်ကောင်သည် ချုံပုတ်နောက်ကွယ်မှ ဝါးလုံးထိုး ပြေးထွက်သွားတော့၏။

ကျွန်တော်က နောက်တစ်ချက် လှမ်းပစ်လိုက်မည် အလုပ်တွင်...

"ကိုပိုက်... ကိုပိုက်... မပစ်နဲ့... မပစ်နဲ့"

သို့ဆိုသလို လင်းမြင့်လှိုင်က တားလေသဖြင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

"ဝက်ပြေးသွားတဲ့ လမ်းကြောင်းတစ်ဖက်မှာ လူတစ်ယောက်ဗျ"

သို့ကြောင့် ကျွန်တော် သေသေချာချာ ကြည့်လိုက်၏။

လူတစ်ယောက် ဆိုခြင်းထက် မိန်းမတစ်ယောက်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။

မအိုဇာ ဖြစ်ချေ၏။

ဘယ်လိုက ဘယ်လို သည်ရောက်နေပါလိမ့်။

လင်းမြင့်လှိုင် သတိပေး မြန်ပေလို့။ ကျွန်တော်သည် ဝက်ကောင်ကိုသာ အာရုံရှိနေလေသဖြင့် ကျွန်တော့်ပစ်ကွင်းရှေ့တွင် မအိုဇာ ရှိနေသည်ကို မတွေ့ခြင်း ဖြစ်၏။

ကျွန်တော်တို့နှင့် အတော်လှမ်းလှမ်းဆိုသော်လည်း သေနတ်တကမ်းတော့ဖြင့် ရှိချေ၏။

မအိုဇာသည် ကျွန်တော်တို့ကို မြင်တွေ့ပုံရ၏။ သူမလက်ထဲတွင် လုံရှည်တစ်ချောင်း ဆုပ်ကိုင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကြ... နှမှန်းသိ၍ လက်လှမ်းပြလေ၏။

"ကဲဗျာ... ကိုပိုက်၊ မအိုဇာဆီ သွားကြမယ်"

သို့ လင်းမြင့်လှိုင်က ပြောရင်း မအိုဇာ ရှိရာသို့ လျှောက်သွားလေတော့၏။

ပထမတော့ မအိုဇာသည် ကျွန်တော်တို့ ...ရောက်အလာကို စောင့်နေလေ၏။

ကျွန်တော်တို့ မအိုဇာဆီ သွားကြသည့်တွင် ကြားတွင် မြောင်းလေးခံနေသဖြင့် ထိုမြောင်းကို ဆင်းလိုက်လေပြီး တစ်ဖက်ပြန်အတက်တွင် မအိုဇာ မရှိပါတော့ချေ။

ဘယ်ရောက်သွားပါလိမ့်။ ကျွန်တော်တို့ မြောင်းလေးအတွင်း ခဏလေး ဆင်းလိုက်သည့် အချိန်ကလေးသည် ဘာမှရှိလေသည် မဟုတ်။ ထူးဆန်းလိုက်တာ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဟုပင် ပြောရချိမ့်မည်။

"မအိုဇာ စင်စစ်ကော ဟုတ်ရဲ့လား မသိဘူးဗျ"

သို့ ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် ပြုံးလာချေပြီး...

"မအိုဇာမှ မအိုဇာပါဗျာ၊ ဘာလဲ ကိုပိုက်က ကျွန်တော်တို့ကို တောခြောက်နေတယ် မှတ်လို့လား"

"ဒါပဲ ဖြစ်ရတော့မပေါ့"

"လာပါ... ကိုပိုက်ရယ်၊ ကျွန်တော် သက်သေပြပါ့မယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် မအိုဇာ ရပ်နေသည့်နေရာ ရောက်သည့်တွင် မြေပြင်တစ်ဝိုက် စေ့စေ့ကြည့်လိုက်လေပြီး...

"ဟောသည်မယ် မအိုဇာရဲ့ခြေရာ"

"သူ သည်လျှိုထဲ ဝင်သွားတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏကတည်း ဆိုသလိုပင် လင်းမြင့်လှိုင်က မအိုဇာ ရပ်နေသည့် ဓားလွယ်ခုတ်လေးနေရာရှိ လျှိုလေးကိုပြ၍ ပြောလေ၏။

"နို့ဖြင့် လိုက်ကြတာပေါ့"

သည်တွင် လင်းမြင့်လှိုင်က ခေါင်းကိုခါယမ်းလိုက်လေပြီး...

"မအိုဇာက ကျွန်တော်တို့ကို မှားခေါ်တာ ဖြစ်နိုင်တယ်၊ ကျွန်တော်တို့ လျှိုထဲဝင်သွားလျှင် ပြန်ထွက်လာနိုင်စရာ အကြောင်း ရှိချင်မှ ရှိတော့မယ်"

"နို့ဖြင့် ဘယ်လိုလုပ်မလဲ"

"မအိုဇာအိမ်ဘက် ပြန်မယ်"

"ဟင်... မအိုဇာ အိမ်မှာ ဘယ်ရှိပါ့မလဲ"

"မအိုဇာတော့ မရှိလောက်ဘူး။ မောင်သားသားနဲ့ မသူဇာ တော့ ရှိနိုင်ကောင်းပါရဲ့၊ နို့တောင်မှ ပြန်မြန်သွားလေမှ"

"ကိုလင်း သဘောပဲလေ"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မအိုဇာ အိမ်ဘက် သို့ ခပ်သုတ်သုတ် ပြန်ခဲ့ကြတော့၏။

"ကျွန်တော်တို့ကို ရွာထဲက ဘယ်သူမှ မမြင်အောင် မအိုဇာအိမ် သွားကြရအောင်ဗျာ"

"ဘာလို့တုန်း"

"ပြော်ဗျာ... ဘယ်သူမှ ကျွန်တော်တို့ သည်ရွာပြန်လာ ကြတာကို မသိစေချင်လို့ပေါ့ဗျာ"

သို့ဖြစ်၍ ကျွန်တော်တို့သည် ပုန်းလျှိုးကွယ်လျှိုး မသူဇာ အိမ်သို့ ဝင်ခဲ့ကြတော့၏။

"ကျွန်တော်တို့ နည်းနည်းလောက် နောက်ကျသွားပြီ"

မအိုဇာအိမ်အတွင်းအခန်း လင်းမြင့်လှိုင်က စပ်စပ်စုစု ရှာဖွေ ကြည့်ပြီးနောက် ပြောလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဖဲကြမ်းခင်းထောင့် တိုင်တွင် ချည်ချိတ်ထားသည့် ပုလင်းငယ်တစ်လုံးကို တွေ့သည်ကြောင့် စပ်စပ်စုစု ယူကြည့်လိုက်၏။

"တစ်မိုက်ခန့် အရှည်ရှိ ဖန်ပုလင်းလေးဖြစ်ချေ၏။ အထဲတွင် ညိုညစ်ညစ် ပစ်ချွဲချွဲအရည် သုံးပုံ နှစ်ပုံခန့် ရှိချေ၏။

"ကိုလင်း... ဒါ ဘာတွေတုန်းဗျ"

ညှီစို့စို့အနံ့ကြောင့် ကျွန်တော် လင်းမြင့်လှိုင်ကို ပေးလိုက်၏။

လင်းမြင့်လှိုင်သည် အသေအချာကြည့်၍ နမ်းကြည့်လေပြီး–

"ဟာ...ဒါ...ဒါ...တောကြီးမြွေဟောက် အဆိပ်တွေပဲဗျ"

"ဗျာ"

"ကျွန်တော်တို့ကို လုံ့ရှည်နဲ့ပစ်တာ မဒိုဇာတို့ သုံးယောက်ထဲက တစ်ယောက်ဆိုတာ သေချာပြီပေါ့"

"တပ်အပ်ပြောလို့တော့ မဖြစ်သေးဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သည်တစ်ရွာလုံးက သူတွေဟာ လုံ့ကိုယ်စီ ကိုင်ကြတယ်၊ အမဲလိုက်ကြတယ်၊ သည်တော့ အဆိပ်သုံးမှာပဲဗျ၊ သည်အိမ်မှာ အဆိပ်ပုလင်းတွေ့တိုင်း သူတို့ကို စွပ်စွဲလို့ မရပေဘူးလေဗျာ"

"နို့ဖြင့်... ကိုလင်းပဲ မောင်ဟန်ကို သူတို့သတ်တာ၊ နို့ကြောင့် ခုလို သဲကြီးမဲကြီး လိုက်နေတာပဲမဟုတ်လား၊ သူတို့ကို လိုက်ရှာနေမှန်းသိလို့ လက်ဦးမှုရယူ လုပ်ကြံတာဖြစ်နိုင်တာပေါ့"

သို့ ကျွန်တော်က ဖြစ်နိုင်ချေ ပြောလိုက်၏။

"ကဲ... လာ... ကိုပိုက်၊ ကျွန်တော်တို့ အချိန်ရှိတုန်း သူတို့ကို လိုက်ရှာရမယ်"

"ဘယ်လိုက်ရှာရမှာတုန်း"

ကျွန်တော်တော့ဖြင့် မစဉ်းစားတတ်အောင် ဖြစ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သည်နားဝန်းကျင် တောထဲမှာပဲ ရှိနိုင်သဗျ"

"သေချာလှချည်လား"

"သေချာတာပေါ့ဗျာ... ရွာလမ်းက ထွက်ပြေးလျှင် သူတို့ကို မသိတဲ့လူ မရှိလောက်ဘူးလေ၊ ကျွန်တော်တို့ ရွာထဲဝင်မေးလျှင် တစ်ယောက်မဟုတ် တစ်ယောက်က ပြောမှာလေ၊ ပြီးတော့ ကျွန်တော်တို့ကို လျှော့တွက်ထားပုံ ရတယ်ဗျ"

"ဘာကိုတုန်း"

"ဩော်... ကျွန်တော်တို့က မြို့သားတွေ၊ တောတောင်ထဲ ကြာကြာနေကြလိမ့်မယ်မဟုတ်ဘူး။ ပြီးတော့ သည်တော သည် တောင် နှံ့နှံ့စပ်စပ် သွားလာဖူးတာ မဟုတ်လို့ သူတို့တွေ တော တောင်ထဲ ပုန်းခိုနေတာ အကောင်းဆုံးပဲလို့ တွက်ထားကြမှာပေါ့"

သည်တော့မှ ကျွန်တော် လင်းမြင့်လှိုင် ဆိုလိုခြင်းကို သဘောပေါက်သွားတော့၏။

"လာဗျာ" ဆိုလျက် ကျွန်တော်ကပင် ဦးဆောင်၍ တောနက် တွင်း ဝင်ခဲ့ချေတော့သည်။

သို့ လျှောက်ခဲ့ကြရာမှ တောအုပ်အလယ်အတွင်း ရောက်မှန်း မသိ ရောက်လာချေတော့၏။

မအိုဇာတို့၏ အရိပ်အယောင်ကိုတော့ဖြင့် လုံးဝမတွေ့ရပါချေ။

"ကိုလင်းရေ ဟိုမယ် မျောက်တစ်ကောင်ဗျ

မျောက်ချောပင်ထက် ငုတ်တုတ်ထိုင်လျက် ကျွန်တော် တို့ကို ကျောပေးထိုင်နေသည့် မျောက်ကောင်ကို မြင်သည်ကြောင့် လှည့်ပြောလိုက်ရင်း လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်၏။

"ကိုပိုက် မပစ်နဲ့"

လင်းမြင့်လှိုင်က တား၏။

"ဘာမှမစားကြရသေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်မနက်လေး အစာတော်လို့ မသေနိုင်ပါဘူးဗျာ၊ အဲဒီမျောက်ကို ပစ်လိုက်လို့ သေမှ ကျွန်တော်တို့ မအိုဇာတို့ကို သုံးဝ အလွတ်ပေးလိုက်ရတော့မှာ"

"ဘာဆိုင်လို့တုန်း"

"ဆိုင်တယ် မဆိုင်ဘူးဆိုတာ ကိုပိုက် ခဏလေး ငြိမ်ငြိမ်နေ စောင့်ကြည့်ပေးပါဗျာ၊ မကြာခင် မအိုဇာတို့ကို တွေ့ရလိမ့်မယ်ဗျ"

ကျွန်တော် သို့ပြောလာသည့် လင်းမြင့်လှိုင်ကို စေ့စေ့ ကြည့်ရင်း လှောင်ပြုံး ပြုံးပြလိုက်၏။

"လှောင်ထားဦးပေါ့ဗျာ"

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလိုက်ကာ သို့ ပြောလာချေလေ၏။

"ဝူဝူ ဝူဝူ ဝူဝူ"

"ဝူဝူ ဝူဝူး"

"ဝူဝူး"

သစ်ပင်ထက်မှ မျောက်ကောင်သည် သို့ ရှတ်ခြည်း ဆိုသလို အူ၍ ထိုသစ်ပင်ကိုင်းထက်လေးမှ မြေပြင်သို့ ခိုလွဲ ဆင်းလာချေတော့၏။

"ဝူဝူ ဝူဝူ ဝူဝူ"

လင်းမြင့်လှိုင်သည် မျောက်ကောင် တစ်ဖက်ကြောပေါ်မှ အချက်ပေး အူလေသည်ကို မျှော်ကြည့်နေလေသဖြင့်–

"ကိုလင်း ဘာတွေ ဖြစ်နေတာတုန်း။ မျောက်မကအူတာ၊ မျောက်ဖိုက ပြေးသွားတာလေ၊ ဘာအဆန်းတကြယ်လုပ် ကြည့်နေ ရတာတုန်း"

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ဘာမျှ ပြန်မပြော၊ ရှတ်ခြည်းဆိုသလို ကျွန်တော့်ကို မျက်ရိပ်ပြ၍ မျောက်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားရာ မြောင်းကြောဘက် သွားလေသဖြင့် ကျွန်တော်သည်လည်း လိုက်သွားရပြန်၏။

"ကိုပိုက် ခုချိန်ကစပြီး စကားမပြောပါနဲ့တော့၊ ပြီးတော့ လဲ့ည်း အတတ်နိုင်ဆုံး ခြေသံ လုံပါစေဗျာ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ခြေဖွ နင်းသွားလေတော့၏။

"ကျွန်တော် ထင်တဲ့အတိုင်းပေပဲဗျာ"

မြောင်းထိပ်သို့ ရောက်သည်တွင် လင်းမြင့်လှိုင်က သို့အားရဝမ်းသာ ပြောလေ၏။

ရှေ့သို့လည်း ငေးကြည့်နေလေ၏။ သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်နား ကပ်သွားလိုက်ကာ ကြည့်လိုက်၏။

အလိုလေးဗျာ မျောက်ကောင်နှင့် မောင်သားသားပါကလား။

မျောက်ကောင်သည် မောင်သားသား၏ ပခုံးထက်တွင် ငုတ်တုတ်ထိုင်၍ လက်နှစ်ဖက်က မောင်သားသား၏ ဦးခေါင်းကို ကိုင်ထားလေ၏။ မောင်သားသားသည် မြောင်းတွင်း ခပ်သုတ်သုတ် ဆင်းသွားလေ၏။ သို့ကြောင့်...

"ကဲ... ကိုပိုက်ရေ... ခုနေ သူ့ကို တားဆီးလိုက်လို့ ရပေမင့် ကျွန်တော် တွေ့ချင်တာ မအိုဇာပေပဲဗျာ၊ နို့ကြောင့် ခဏလေး သည်းညည်းခံပြီး ကောင်လေးနောက် လိုက်ကြတာပေါ့"

ကျွန်တော် သဘောပေါက်သွားလေပြီ ဖြစ်၏။

သို့ကြောင့် လင်းမြင့်လှိုင်နှင့်အတူ မောင်သားသား ဆင်းသွားသည့် မြောင်းတွင်း လိုက်ဆင်းသွားတော့၏။

မြောင်းထဲ ရောက်သည်တွင် မောင်သားသားကို မတွေ့ပါချေ။ သို့ကြောင့် မြောင်းကွေ့လေးရှိရာသို့ ပြေးသွားလိုက်ကြ၏။

တော်ပါသေးရဲ့ မောင်သားသား ကျွန်တော်တို့ သူ့နောက် လိုက်လာကြသည်ကို သိပုံမပေါ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



မျောက်ကောင်နှင့် စကားတပြောပြော ရှေ့သို့ လျှောက်သွားနေချေ၏။ မောင်သားသားလက်တွင်မပေဘာ့ လုံရှည်တစ်ချောင်းရှိချေ၏။

"ဝူး"

"ဝူး"

"ဝူး"

သို့သွားရင်း မောင်သားသားက 'အူ'သံ ပြုနေလေသည်ကြောင့် လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ကြည့်၍ ပြုံးပြလာတော့၏။ ထို့နှင့် ပုန်းလျှိုး ကွယ်လျှိုးလည်း သွားနေချေတော့၏။

"ကျွန်တော်တို့ သူတို့သားအမိနဲ့ တွေ့ရမှာ သေချာပြီ"

သို့ လင်းမြင့်လှိုင်က ဝမ်းသာအားရ တိုးညှင်းစွာ ပြောလာ၏။ သို့ဆိုလျှင်ဖြင့် မောင်သားသား အူသံအချက် ပေးနေခြင်းသည် အိုဇာတို့ သားအမိကို ဖြစ်ချိမ့်မည်။

သို့ဖြင့် မောင်သားသားသည်လည်း ရှေ့မှ တောတိုး 'အူ'သံပေးသွားနေသလို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း နောက်မှထက်ကြပ်မကွာ ပုန်းလျှိုးကွယ်လျှိုး လိုက်သွားကြတော့၏။

"ဖွတ်"

အလိုလေးဗျာ ကျွန်တော်သည် မြေပြင်ကို အသေအချာ မကြည့်မိခြင်းကြောင့် သစ်ကိုင်းခြောက်ကြီးကို နင်းမိလိုက်၏။

သို့ဆိုသလို သစ်ကိုင်းခြောက် ကျိုးသံသည် တိတ်ဆိတ်နေသောပတ်ဝန်းကျင်ကို ဖုံးလွှမ်းအသံ ကျယ်ကျယ်ထွက် သွားရတော့၏။

ဘုရားရေ... မောင်သားသား ကြားလောက်ပေသည့်အသံပင်။ သို့ပေမင့်လို့ မောင်သားသားသည် သူ့အာရုံနှင့်သူမို့ထင်၏။ သိလိုက် ကြားလိုက်ပုံ မပေါ်။ သို့ကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်းရေ ကံကောင်းတယ်ဗျာ၊ မောင်သားသား ကြားဖို့ မရလိုက်ပေါ့ဗျာ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် သွားတက်လေးပေါ်ရုံ ပြုံးပြလာချေပြီး. . .

"ကိုပိုက်ရေ နည်းနည်းတော့ သတိထားချေဗျ၊ နို့ပေမင့် လို့ သတိလက်လွတ်တော့ မလုပ်နဲ့နော်"

လို့ သတိပေးလာသဖြင့် အံ့ဩမိသေးတော့၏။ သို့ပေမင့် လို့ ကျွန်တော်သည် လက်တွင်းရှိ သေနတ်ကို အရံသင့် ပစ်ခတ်နိုင်ရန် ကိုင်ထားလိုက်၏။

သို့ဖြင့် ကျွန်တော်တို့သည် မောင်သားသား နောက်လိုက်ရင်း မြောင်ကြပ်လေးအတွင်း ရောက်လာကြတော့၏။

မောင်သားသားသည်လည်း မြောင်ကြပ်တွင်း ဝင်သွားခြင်း ဖြစ်၏။ မြောင်သည် ကွေ့များ များခြင်းကြောင့် မောင်သားသားကို လှမ်းတွေ့လိုက်၊ မတွေ့လိုက် ဖြစ်၏။

"ဝှစ်"

"ဟာ"

"ဒိန်း"

လင်းမြင့်လှိုင်က ရုတ်ခြည်းဆိုသလို ကျွန်တော့်ကို တွန်းလိုက်၏။ ကျွန်တော် လဲပြိုသွားသည်နှင့် သေနတ်သံ တစ်ချက် ကြားလိုက်ရ၏။

လင်းမြင့်လှိုင် တစ်ယောက် လျှင်မြန် ဖျတ်လတ်ခြင်းကြောင့် ကျွန်တော် အဆိပ်လူးလှံသွားနှင့် ပွတ်ကာသီကာ လွဲချော်သွားရ ခြင်းဖြစ်၏။

"ကိုပိုက်ရေ မိပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် ပြောပြောဆိုဆို မြောင်ကြပ်လေး တစ်ဖက်ရဲ့ တောင်ကြောလေးပေါ်သို့ ကုပ်တွယ်တက်သွားလေ သဖြင့် ကျွန်တော်သည်လည်း မြေတွင်စိုက်ဝင်နေသည့် လှံရှည်ကို ဆွဲနုတ်ယူလိုက်ပြီး လင်းမြင့်လှိုင်နောက် လိုက်သွားရချေတော့၏။

တောင်ကြောပေါ်တွင် ဝါးသုဉ်းနှင့် မျှင်ဝါးပင်ငယ်တို့ (လူ တစ်ရပ်နီးနီးရှိ) ရှိချေ၏။

လင်းမြင့်လှိုင်သည် ဝါးသုဉ်းပင်တို့ အခြေတွင် လဲပြိုကျနေ သည့် လူတစ်ယောက်ထံ တည့်တည့်သွားနေခြင်း ဖြစ်၏။

လင်းမြင့်လှိုင် လက်ချက်မိသွားခြင်းဖြစ်၏။ ဘုရား သိကြား မ,လို့ သေလောက်သည့်ဒဏ်ရာ မရပါစေနှင့်လို့ ကြိတ်ဆုတောင်း လိုက်မိ၏။

သို့ဖြစ်လျှင် လင်းမြင့်လှိုင် လူသေမှုဖြင့် အနည်းလေး ဖမ်းဆီး ချုပ်နှောင်ခံရပေရော့မည်။

ကျွန်တော့်ဆုတောင်း ပြည့်သည်ဟု ဆိုရချိမ့်မည်။

မဒိုဇာ ဖြစ်နေလေ၏။ လင်းမြင့်လှိုင်နှင့် ကျွန်တော့်ကို မျက်လုံးအဝိုင်းသားနဲ့ ကြည့်နေလေသည့်ကြားမှ နာကျင်သည့် ဝေဒနာကို ခံစားနေရပုံပင်။

သို့ကြောင့်. . .

"ဘယ်ထိသွားတုန်း" လို့ ကပျာကသီ စိုးရိမ်တကြီး မေးလိုက်မိ၏။ မဒိုဇာက မျက်နှာရှုံ့မဲ့နေသည့်ကြားမှ လက်မောင်းကို လှည့်ပြလေ၏။

လင်းမြင့်လှိုင် သည်တော့မှ သက်ပြင်းချလိုက်တော့၏။

"ဟင်"

"ကျွန်တော် ခြောက်လှန့်ပစ်လိုက်တာပဲဗျာ၊ ကံသီပေလို့ ရှပ်ထိရုံသာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး… သမီး"

မအိုဇာက သို့နှယ်ပြောရင်း ဘေးဝဲယာ တစ်ဖက် တစ်ချက်ဆီသို့ လှမ်းကဲကြည့်လေ၏။

ကျွန်တော်သည်လည်း သူမ၏ သမီးဖြစ်သူကို ရှာကြည့်မိတော့၏။

"ဟင်း ဟင်း ဟင်း"

ကျွန်းပင်ကြီး တစ်ပင်နောက်ကွယ်တွင် ပုန်းအောင်းနေပါကလား။ သို့ကြောင့်…

"မသူဇာ မင်းအမေကို လာကြည့်လှည့်ဦး"

လို့ ကျွန်တော်က အော်ပြောလိုက်ပေမင့် မသူဇာ ထွက်မလာချေ။ သို့ကြောင့်…

"မအိုဇာ ခေါ်လိုက်ပါလား" လို့ ပြောလိုက်၏။

"သမီး ထွက်ခဲ့ချေလေ"

သို့ မအိုဇာက အသံမြှင့်ခေါ်လိုက်လေမှ မသူဇာ ထွက်လာလေ၏။ သူမ လက်ထဲတွင်မတော့ သစ်ခွတစ်ခက်ပါလာချေ၏။

မသူဇာသည်လည်း မိန်းမပျိုတစ်ယောက်၊ လောကီသားဖြစ်တာပဲမို့ အလှအပကို နှစ်သက် ခုံမင်ပေလိမ့်မည်။

"ကို… ကိုကော မေ"

သို့ မသူဇာက မအိုဇာကို မေးလေ၏။ မအိုဇာလက်တွင် ရလိုက်သည့် ဒဏ်ရာကို အသေအချာ ကြည့်နေလေပြီး–

"တော်တို့က လူသတ်သမားတွေပဲ၊ မေ ကံသိပေလို့"

ဆိုလျက် မကျေမနပ် ဖြစ်နေလေ၏။

"သမီးရယ် သူတို့က မေ့ကို သက်ညှာလိုက်တာပါ၊ နို့မဟုတ် မေ သမီးနဲ့ ခုလို စကားတောင် ပြောနိုင်မှာမဟုတ်ဘူး"

သို့ မအိုဇာက ပြောလေ၏။ သို့ရှိစဉ်…



www.burmeseclassic.com

www.burmeseclassic.com



"ကျစ် ကျစ် ကျစ် ကျစ်"

"အုရှ ဖုရှ အုရှ ဖုရှ"

မျောက်ကောင်သည် ခပ်လှမ်းလှမ်း သစ်ပင်အောက်မှ ခုန်ပေါက် အော်ဟစ်နေလေသဖြင့် ကျွန်တော်က သေနတ်ဖြင့် လှမ်းပစ်မည့်အလုပ်တွင်...

"မပစ်နဲ့... မပစ်နဲ့... မပစ်နဲ့"

သို့ဆိုသလို မသူဇာက ကျွန်တော်သေနတ်ကို လှမ်းဆွဲရင်း ပြောလေသဖြင့်

"မျောက်ကောင်က မင်းမွေးထားတာလား"

လို့ ကျွန်တော်က မကျေမနပ် မေးလိုက်၏။

"ဟုတ်တယ်"

"ဟင်"

"ညည်း နောက်နေတာလား"

ကျွန်တော်က မေးလိုက်ပြန်၏။

သည့်တွင် မအိုဇာက–

"ဟုတ်တယ်တော့... သမီး မွေးထားတာ၊ သည်ကောင် အဲဒီမယ်ရှိနေလျှင်ဖြင့် မောင်သားသားလည်း ရှိလိမ့်မယ်"

လို့ ပြောလေ၏။

သူမ ပြောသလိုပင် မျောက်ကောင်ရှိသည့် သစ်ပင် အောက်ခြေမှ မောင်သားသား ထွက်လာလေ၏။

သူ့လက်တွင်းရှိ လုံ့ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထား၏။ သို့ကြောင့်...

"ကိုပိုက် သဲတိထားနေ၊ သည်ကောင်လေး ကျွန်တော်တို့ကို အန္တရာယ်ပေးလာနိုင်တယ်၊ မညှာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



လို့ လင်းမြင့်လှိုင်က ကျွန်တော့်ကို တိုးညင်းစွာ ပြောလာသည့် ဆိုပေမင့် မညာနဲ့နော် ဆိုသည့်စကားကိုမူ အသံမြှင့်ပြောလိုက်ခြင်း ဖြစ်တော့၏။

မအိုဇာတို့ သားအမိ ကြားလောက်သည့် အသံဖြစ်၏။

သို့ကြောင့်လည်း...

"မောင်သားသားကိုတော့ မပစ်လိုက်ပါနဲ့တော်၊ ကျုပ်ပြောပါ့မယ်"

လို့ မအိုဇာက ပြောရင်း...

"သားသား... လာခဲ့ချေ"

သို့ ဆိုတော့လည်း မောင်သားသားသည် ကျွန်တော်တို့ကို မကျေမနပ် မျက်မှောင်ကုပ်ကြည့်ရင်း လျှောက်လာလေတော့၏။

သို့ဆိုရာတွင် သစ်ပင်ထက်မှ မျောက်ကောင်သည်လည်း ဦးတည်ဆင်းလာကာ မောင်သားသား၏ ပခုံးပေါ် ငုတ်တုတ်ထိုင်လျက် ပါလာချေတော့၏။

အတော်ယဉ်ပါးသည့် အကောင်ပါလား။

"အုဝ အုဝ အုဝ"

"အုဝ အုဝ"

မျောက်ကောင်သည် မသူဇာကို တွေ့သည်နှင့် သို့နှယ်အော်ဟစ်နေရာမှ မောင်သားသား ပခုံးထက်မှဆင်းကာ မသူဇာထံ လေးဖက်ထောက် ပြေးသွားလာချေ၏။

ကျွန်တော်သည် မောင်သားသားကို ကြည့်လိုက်၏။

အလိုလေးဗျာ ကျွန်တော်တို့ကို လစ်လျှင် လစ်သလိုတွယ်မည့်ပုံပါကလား။

သို့ကြောင့် သူ၏ လှုပ်ရှားမှုကို တစေ့တစောင်း ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့် လင်းမြင့်လှိုင်က မောင်သားသားကို သေနတ်ဖြင့် လှမ်းချိန်လိုက်ပြီး...

"မခိုဇာလိုတော့ ညှာမယ် မဟုတ်ဘူးနော်၊ မင်း မဟုတ်တာတွေလုပ်ဖို့ စဉ်းစားမနေနဲ့၊ ကဲပါလေ... မင်းလက်ထဲက လုံ့ရှည်ကို ပေးစမ်း"

လို့ဆိုတော့ မောင်သားသားသည် မခိုဇာ မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

မခိုဇာက ခေါင်းဆတ်ပြလာလေမှ ကျွန်တော်တို့ထံ သူ၏ လုံ့ရှည်ကို ကမ်းပေးလာတော့၏။

"မခိုဇာ ဘာလို့ ကျွန်တော်တို့ကို လုပ်ကြံရတာတုန်း"

လင်းမြင့်လှိုင်က မေးလိုက်၏။

သည်တွင် မောင်သားသားက...

"ကျုပ် လုပ်ကြံတာ၊ ဒေါ်လေးမှာ အပြစ်မရှိဘူး"

ပြောလေသဖြင့်...

"ဟေ... မင်းက ငါတို့နဲ့ နီးစပ်ရာမှာ ရှိတာမဟုတ်ဘူး။ မင်းဒေါ်လေးက ငါတို့ကို အဆိပ်လူးလုံ့ရှည်နဲ့ ပုန်းလျှိုး ကွယ်လျှိုး လုပ်ကြံတာ ဒါပါနဲ့ဆို နှစ်ကြိမ်ရှိပြီ"

လို့ ကျွန်တော်က တင်းမာသောလေသံဖြင့် ပြောလိုက်၏။

သည်တော့ မောင်သားသား ငြိမ်ကျသွားလေ၏။

"ကဲ... တော်တို့ ဘာဖြစ်ချင်လဲ ပြော"

မခိုဇာက သို့နှယ် မျက်စိမျက်နှာပျက်ဖြင့် ပြောလေ၏။

"ဘာဖြစ်ချင်ရမှာတုန်း မောင်ဟန်ကို သတ်မှုနဲ့ ဖမ်းမပေါ့"

"သက်သေရှိလို့လား"

အလာကြီးပါကလား သို့ ဆိုသော်လည်း ကျွန်တော်သည် လင်းမြင့်လှိုင်ကို သံသယစိတ်ဖြင့် ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို သက်သေပြနိုင်တုန်းလို့ မေးလိုက်သလိုပင်။

လင်းမြင့်လှိုင်သည် သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံ ပြုံးလာချေပြီး ကျွန်တော်တို့ မအိုဇာအိမ်ရောက်ခဲ့စဉ်က တွေ့ခဲ့သည့် အဆိပ်ရည်ပုလင်းလေးကို ထုတ်ပြလေ၏။

ပထမတော့ ထိုပုလင်းကို မြင်မြင်ချင်း မအိုဇာ မျက်စိမျက်နှာ ပျက်သွားချေ၏။

သို့ပေမင့်လို့ ကပျာကသီ မျက်နှာ အမူအရာကို ပြောင်းလိုက်ကာ...

"အင်ပင်ကုန်းတစ်ရွာလုံး အဆိပ်သုံး သားကောင်ပစ်ကြတာပဲ"

လို့ မအိုဇာက ပြောလာလေသဖြင့် လင်းမြင့်လှိုင်က—

"နို့ဖြင့် ဒါဆိုလျှင်တော့ ဝန်ခံမလား"

ဆိုလျက် တစ်စုံတစ်ရာကို ထုတ်ပြလေသည်တွင် ကျွန်တော်သည်ပင် လင်းမြင့်လှိုင်ကို အံ့သြတကြီး ကြည့်လိုက်မိတော့၏။

ဘယ်အချိန်က ဘယ်လို ရတာပါလိမ့်၊ ကျွန်တော်လည်း မသိရပါကလား။

လင်းမြင့်လှိုင် ထုတ်ပြလာသည့် ပစ္စည်းလေးကို မြင်သည်နှင့် မအိုဇာသည် သူ့လည်ပင်းတွင်ဆွဲထားသည့် ဝက်စွယ်ကို စမ်းကြည့်လိုက်ချေ၏။

သည်တော့မှ ကျွန်တော်သည်လည်း သတိထားမိ လေ၏။

ကျွန်တော်တို့ မအိုဇာနှင့်စတွေ့စဉ်က မအိုဇာ လည်တိုင်တွင် ဝက်စွယ်နှစ်ချောင်း တွေ့မိသားကလား။ ခုတော့ မအိုဇာ လည်တိုင်တွင် တစ်ချောင်းသာလျှင် ရှိတော့၏။

ပြုတ်နေသော တစ်ချောင်းသည် လင်းမြင့်လှိုင် လက်ထဲတွင် ရှိနေပါကလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကဘယ်လို ရတာတုန်း"

တုန်လှုပ်စွာဖြင့် မေးလာ၏။

"မောင်ဟန် အလောင်းဘေးက ရတာ"

"ရှင်"

မအိုဇာ တစ်ယောက် ငိုင်တွေသွားလေတော့၏။

သည့်တွင် မောင်သားသားသည်လည်း မအိုဇာကို တအံ့တဩ ကြည့်နေလေပြီး...

"ဒေါ်လေးက မောင်ဟန်ကို သတ်လိုက်တာလား"

လို့ မေးလေတော့၏။

သည့်တွင် မအိုဇာသည် မောင်သားသားကို ရိဝေသော မျက်နှာဖြင့် ကြည့်လိုက်လေပြီး...

"ဟုတ်တယ်" လို့ ပြောလေ၏။

မောင်သားသား တုန်လှုပ်သွားပြန်၏။

"ဘာလို့များ ဒေါ်လေးရယ်" လို့ ဆိုလေပြန်၏။

"သမီး မသူဇာကို မတော်မတရားလုပ်လို့"

"ဟင်"

"ဟာ"

"အို"

မသူဇာမှလွဲ၍ ကျွန်တော်တို့ သုံးယောက် အံ့သြတကြီး ဖြစ်ရချေတော့၏။

"မအိုဇာရယ် စိတ်မကောင်းပါဘူး"

သို့ လင်းမြင့်လှိုင်က ပြောလေ၏။

"မဖြစ်မနေကိစ္စမို့ပါ"

သို့ ဆိုသလို ကျွန်တော်ကလည်း နှစ်သိမ့်ပြောလိုက်၏။

မအိုဇာက ခေါင်းကို ရမ်းခါလိုက်လေပြီး...



www.burmeseclassic.com

www.burmeseclassic.com



"လူစိတ်မရှိသူတွေ လူလောကမှာ မရှိသင့်လို့ ကျုပ် နှင်ထုတ်ခွင့် ရလိုက်တာကိုတော့ ဝမ်းသာမိပါတယ်၊ နို့ပေမင့် သူတို့နှစ်ယောက် အတွက်တော့ဖြင့် ဝမ်းနည်း ယူကျုံးမရ ဖြစ်မိ တယ်"

သို့ဆိုသလို မအိုဇာသည် မောင်သားသားနှင့် မသူဇာကို လှည့်ကြည့်ရင်း ပြောလာချေတော့၏။

"ဘာလို့များလဲ မအိုဇာရယ်"

လင်းမြင့်လှိုင်က မေးလိုက်၏။

"တော်တို့ ကျုပ်ကို တစ်ခုကတိပေးလျှင် ကျုပ် အကြောင်းစုံ ပြောပြမယ် တစ်ချိန်က အင်ပင်ကုန်းသူကြီးသား ထွန်းသိန်းကို ဘယ်သူသတ်သလဲဆိုတာပါ ပြောလိုက်မယ်လေ၊ ဘယ်လိုလဲ"

"ဗျာ"

"ဘယ်လို"

ဖျူးမကုန်းရွာသူကြီး ပြောပြချက်အရ အင်ပင်ကုန်းရွာသူကြီး သား ထွန်းသိန်းကို သတ်သည့် တရားခံ ခူးရှိုးလို့ ပြောကြသည် ဆိုပေမင့် ယခု မအိုဇာက တရားခံအစစ်အမှန်ကို ပြောပေရော့မည် ဆိုပါကလား။

"နို့... သည်လိုဖြင့် ကျွန်တော်တို့ သိချင်တာ တစ်ခုပါ ပြောပါလား၊ မအိုဇာ ဖြစ်ချင်တာကို အတတ်နိုင်ဆုံး လုပ်ပေး ပါမယ်လို့ ကတိပေးတယ်ဗျာ"

"ပြောကြည့်လေ"

"ခူးရှိုးက သူငယ်ချင်းဖြစ်တဲ့ မောင်သီးကို သတ်လိုက်တယ် လို့ သူကြီးနဲ့ တစ်ဖွဲ့လုံးက စွပ်စွဲတာ ဟုတ်လား၊ ခူးရှိုး တကယ် သတ်မိတာလား"



www.burmeseclassic.com

www.burmeseclassic.com



သို့ လင်းမြင့်လှိုင်၏ အမေးကြောင့် မအိုဇာသည် မည်သို့မျှ ထူးခြား တုန်လှုပ်ခြင်း၊ အံ့သြခြင်း မရှိပေမင့် မောင်သားသား အစ်ယောက် တုန်လှုပ်သွားသည်ကို သတိထားမိတော့၏။

"တကယ်တော့ မောင်သီးကို ချုရှိ သတ်တာ လုံးဝ မဟုတ်ဘူး"

"ဘယ်လို သက်သေပြမလဲ"

"ကျုပ် ပြောပြီးလေ၊ အကြောင်းစုံပြောပြမယ်၊ တော်တို့သာ သည်ကလေးနှစ်ယောက်ကို တာဝန်ယူမယ် ကတိပေး"

"ပေးတယ်ဗျာ"

သို့ဆိုသလို ကျွန်တော်နှင့် လင်းမြင့်လှိုင်က မဆိုင်းမတွ ကတိပေးလိုက်ကြတော့၏။

သည်တွင် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လွန်စွာမှ စိတ်ဝင်စားဖွယ် ကောင်းသော ဇာတ်လမ်းတစ်ပုဒ်ကို သိလိုက်ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ပင်ကုန်းရွာကလေးသည် တစ်ညလုံး တိတ်ဆိတ်လို့နေ၏။ သို့ကြား အရုဏ်ဦးအချိန် ရောက်သည်တွင် အိပ်တန်းထကျေးငှက်ငယ်တို့ ပျံသန်းသည်မှ အစပြု၍ လှုပ်ခတ်လာတော့၏။

ရွာဖျား သုသာန်ကုန်းတွင် ခွေးနက် တစ်ကောင်သည် လယ်ကြွက်တစ်ကောင်နောက် အပြေး လိုက်ဖမ်းနေလေ၏။

ထိုလယ်ကြွက်သည် ခွေးရန်မှ လွတ်ရန်အလို့ငှာ အော်ဟစ်ရင်း ပြေးလွှား ရှောင်တိမ်းနေရရှာ၏။ သုသာန်တစ်ဝိုက်တွင်သာ လှည့်ပတ် ကွေ့ဝိုက် ပြေးနေလေခြင်းဖြစ်၏။

သို့ ပြေးလွှားနေရင်းမှ လယ်ကြွက်ကောင်သည် ချုံပုတ်ပင်တစ်ခုတွင်း ဝင်ရောက်ပုန်းခိုနေလေတော့၏။ ထိုသည်ကို ခွေးနက်ကောင် မသိလိုက်ဆိုပေမင့် အနံ့ခံကောင်းသော ခွေးနက်ကောင်သည် ချုံပုတ်ပင်ကို ကြည့်၍ ဟောင်နေလေတော့၏။

"ဝုတ် ဝုတ် ဝုတ် ဝုတ် ဝုတ်"

"ဝုတ် ဝုတ်"

"ကိန်"

ခွေးနက်ကောင်သည် သို့ဟောင်နေရင်းကြားမှ နာကျင်စွာ အော်ဟစ် ပြေးသွားလေတော့၏။ ဘယ့်တွက်မူ ခွေးနက်ကောင်၏ ခါးဆစ်ဆီသို့ ကြီးမားသော ခဲတစ်လုံး လာရောက် ထိမှန်လာသောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟယ် သူ့ခမျာ အစာရှာနေတာလေ"

သို့ဆိုသလို ခပ်လှမ်းလှမ်းတွင်ရှိ လူ့သားသုံးဦးထံမှ အမျိုးသမီး၏ အသံထွက်လာချေ၏။ အင်ပင်ကုန်းရွာ၏ ပထမဆုံး ထွက်ပေါ်လာသည့် လူ့သားအသံ ဖြစ်ချေတော့၏။

"ဟဲ့ အိုဇာ စောစောစီးစီး ခွေးဟောင်သံက ကြက်သရေ ယုတ်လို့ဟ"

"ဘာဆိုင်လို့တုန်း"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ဟာ ငါ သည်ခွေးနက်ကောင်ကို ကြည့်မရတာ ကြာပြီ၊ သူကြီးအိမ်ကဆိုပြီး စွာတယ်"

"မောင်သီးရယ်... မင်း ထွန်းသိန်းကို မကျေနပ်တာနဲ့ ကြည့်မရတာနဲ့ ခွေးနက်ကောင်ကို ရမယ်ရှာတာ မဟုတ်လား"

"ဘယ်ဟုတ်ရပါ့မလဲ ချရှီးရာ၊ ခွေးနက်ကောင်ကိုပဲ ငါ မကျေနပ်တာကွ၊ ဟိုးတစ်နေ့က ငါ တောထဲမှာ ဖွတ်လိုက်နေတုန်း သည်ကောင်ရောက်လာပြီး ကြားဖြတ် ဖွတ်ကောင်ကို ကိုက်ချီ သွားတယ်လေ"

"ဟား ဟား ဟား ဟား... မောင်သီးရယ် နင့်ဟာက တလေးကလားနိုင်တယ်၊ ခွေးဆိုတာ ဘာသိမှာတုန်း၊ အေး... သူ့သခင်က ကြားဖြတ်ယူလျှင်တော့ ဟုတ်တာပေါ့"

သို့ ဆိုသလို ချရှီးက ရယ်ရင်း ပြောလေတော့၏။

"ဟဲ့ မောင်သီး... နင် ထွန်းသိန်းအပေါ် မကျေမနပ်ဖြစ်ပြီး ခွေးနက်ကောင်ကို ပြဿနာရှာတာမဟုတ်လား။ အေး...သူကြီး သိလို့ကတော့ နင် ထိပ်တုံးမိပြီသာမှတ်"

"မင်း...သူကြီးသား ထွန်းသိန်းကို မကျေနပ်လို့ လုပ်လိုက်တာတောင်မှ နင် အလျှောက်ကောင်းလျှင် သက်သာချင် သက်သာဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



သို့ ခူးရှိုးနှင့် မအိုဇာ ပြောလာကြသည်တွင် မောင်သီး တစ်ယောက် ငြိမ်သွားလေတော့၏။

"ကဲ... လာပါဟာ... တို့ တောထဲကို စောစောစီးစီးဝင်ပြီး အမဲကောင်း ရှာကြတာပေါ့။ သည်လို စောစောစီးစီးမယ် ဂျို(ချေ) ကောင်လေးတွေ ရေသောက်ဆင်းကြပြီလေ"

သို့ဖြင့် မောင်သီး၊ ခူးရှိုးနှင့် မအိုဇာတို့သည် အင်ပင်ကုန်း ရွာမှ တောတွင်းသို့ ခပ်သုတ်သုတ် လျှောက်ဝင်ခဲ့ကြတော့၏။ သူတို့ လက်ထဲတွင်မူတော့ လုံရှည်ကိုယ်စီ ပါကြလေ၏။

အင်ပင်ကုန်းရွာတွင် သူတို့ကို ရဲသုံးဖော်လို့ ခေါ်ကြ၏။ သက်တူရွယ်တူချင်းလည်း ဖြစ်ကြ၏။ မိဘမဲ့ချင်းလည်း တူကြ၏။ သို့ပေမင့်လို့ မောင်သီးသည် ဖအေ တစ်ယောက် ဖြစ်နေချေပြီ။ သို့ပေမင့်လို့ ဇနီးသည်ဖြစ်သူက သူ့ကိုယ်ပွား သားယောက်ျားလေး တစ်ယောက်ကို ထားခဲ့ချေပြီး လူ့ လောကကြီးမှ စွန့်သွားသည်မှာ ကြာလေပြီ။ သားဖြစ်သူပင် လေးငါးခြောက်နှစ်ခန့် ရှိချေတော့၏။

"ဟဲ့... ညည်း... အိမ်ထောင် မပြုသေးဘူးလား"

သို့ဆိုသလို မောင်သီးက သူမကို မေးတတ်၏။

"နင်မှ ငါ့မယူတော့ ငါ အိမ်ထောင်မပြုချင်တော့ဘူး"

သို့ဆိုသလို သူမကလည်း နောက်ပြောင် ပြောတတ်၏။

"နို့ဖြင့်လည်း နင် ခူရှိုးကို စဉ်းစားပါလား"

"သည်ကရင်ပုပ်တော့ ငါ စိတ်မဝင်စားဘူး"

"အောင်မယ်...အောင်မယ်... နင်ကမျာ၊ နင် ကလေး ချစ်တတ်တယ်ဆို၊ နင် မောင်သီး ကလေးကိုချည်း ချစ်နေတာ ဖြစ်မလား။ ကိုယ်ပိုင်ကလေးလေး ဘာလေး စဉ်းစားဦးလေဟယ်"

သို့ ခူးရှိုးက ပြော၏။ ပြီး ပြုံးထေ့ထေ့ လုပ်နေ၏။ ပြီးလေမှ...



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ... နင် ဘယ်တော့မှ ကလေးကိုယ်ပိုင် ရလာမှာမှ မဟုတ်တာချည်း၊ နင့်လို ကြမ်းတောမကို ဘယ်သူမှ စိတ်မဝင်စားပါဘူး။ ငါဆိုလျှင်တောင်မှ စဉ်းစားရဦးမယ်"

"အောင်မယ်... သေနာ့ကောင်က"

သို့နှယ် သူတို့ ပြောမနာ ဆိုမနာရှိကြချေ၏။ ခူရှိး ပြောသလို မယ်အိုဇာသည် နာမည်နဲ့ လိုက်ဖက်သူမဟုတ်၊ ဆန့်ကျင်ဘက် ဖြစ်ချေ၏။

သူ့မေတ္တာကို တောင်းခံသူများ ရှိချေ၏။ ထိုသည်ထဲမှ သူကြီးသား ထွန်းသိန်းသည် ရှေ့ဆုံးက ဖြစ်ချေ၏။

"မအိုဇာကို ငါယူမယ်"

"မင်းအဖေကြီး နှစ်လုံးပြူးသေနတ်နဲ့ တွေ့သွားမှာပေါ့"

"သွားစမ်းပါကွာ... မအိုဇာနဲ့ ပတ်သက်လျှင်ဖြင့် ငါလေ အဖေ့ နှစ်လုံးပြူးကြီးလည်း မကြောက်ဘူး၊ ကောရိုင်းဆင်ကြီးလည်း မကြောက်ဘူး"

"နို့ပေမင့် မင်းကြောက်တာ ခူရှိုးနဲ့ မောင်သီး မဟုတ်လား"

"ဘာကွ...ဘာ... ငါက သည်နှစ်ကောင်ကို ဘာလို့ ကြောက်ရမှာတုန်း"

"ဟင်း ဟင်း ဟင်း ဟင်း... သည်နှစ်ကောင်က မအိုဇာရဲ့ ကိုယ်[illegible]တ်တွေလေ၊ သွားတူတူ လာတူတူ စားတူတူ နို့ကြောင့်... ခင်း မအိုဇာ အနားကပ်ခွင့်တောင် မရဘူးမဟုတ်လား"

"ဘာလို့မရမှာတုန်း၊ ဟိုနေ့က မအိုဇာ ချောင်းထဲရေခပ် ဆင်းတော့ ငါနဲ့ ဆုံပါသေးတယ်ကွ၊ ဟင်း ဟင်း ဟင်း"

"ခဏတော့ ဟုတ်လား။ မကြာလောက်တဲ့ အချိန်မှာ ဟိုနှစ်ကောင်လည်း ပြန်လာကော မင်း လစ်ပြေးတာပဲပေါ့"

သို့ဆိုသလို သူကြီးသား ထွန်းသိန်းကို ပေါင်းဖော်ပေါင်းဖက်



www.burmeseclassic.com

www.burmeseclassic.com



တို့က ပိုင်းပြောကြလေလေ၊ ထွန်းသိန်း၏ စိတ်တွင် ခူးရှုံးနဲ့ မောင်သီးကို စပ်ဆုတ်ရွှံ့ရှာလေ ဖြစ်ရချေတော့၏။

"မင်းကသာ မအိုဇာကို အသည်းလေး၊ မအိုဇာ ကတော့ မောင်သီးရဲ့ကလေးကို သူ့သားလေးအလား ထင်မှတ် ရတာကွ"

သို့ဆိုတော့ ထွန်းသိန်းရင် နာကျင်ပြန်လေ၏။

သူတို့တွေ ကင်းကင်းရှင်းရှင်းမှ ရှိရဲ့လားမသိဟု ထင်မိချေ၏။ တကယ်တော့ မောင်သီးသည် သူ့သားထက် မည်သူ့ကိုမျှ မချစ်နိုင် ဖြစ်၏။

သားမှသား မောင်သားသားမှ မောင်သားသား။ သည်တော့ မအိုဇာနဲ့ ခူးရှုံးကလည်း မောင်သားသားကို သံယောဇဉ် ဖြစ်နေကြတော့၏။

သို့ဖြင့် တစ်နေ့ ခူးရှုံးနှင့် မောင်သီး မရှိစဉ် မအိုဇာ တစ်ယောက် ရေခပ်လေသည့်တွင် ထွန်းသိန်းနှင့် ဆုံလေ၏။

"နင် ငါ့ကို ချစ်ပါလားဟယ်"

ဖွတ်ကြီးပါကလား။ သို့တင်မက မပြောမဆို မအိုဇာကို ဆွဲလားရမ်းလား လုပ်လေတော့၏။

သည်တွင် မအိုဇာသည် သူ့ကို နိုင်ထက်ကလူ လုပ်လှ ချည်လားဟု တွက်ကာ ဒေါသ ဖြစ်မိတော့၏။ ထိုဒေါသကို မထိန်းချုပ်နိုင်လေသည်။ သည်တော့–

"ဖြန်း"

"ဟင်"

"ဖြန်း"

"ဟာ"

"ဖြန်း"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနောက် လက်ပါသွားတော့၏။

"နင် ငါ့ကို ပါးရိုက်တယ်"

"ဟုတ်တယ်"

"ကဲဟာ"

သို့ဆိုလျက် ထွန်းသိန်းသည် မအိုဇာကို အတင်းဖွေ့ဖက် ဗလက္ကာရ ပြုချေတော့၏။

လူသာ အသေခံမည်၊ အရှက်ကွဲတာဖြင့် မခံနိုင် တွက်လျက် မအိုဇာသည် ထွန်းသိန်းနှင့် အားချင်းမမျှသော်လည်း မာန်တင်းကာ ထွန်းသိန်း၏လက်မှ လွတ်မြောက်ရန် ရုန်းကန်လေတော့၏။

အားမတန်၍ မာန်လျှော့တတ်လေသည့် အထဲတွင် မအိုဇာ မပါ။ သူမ၏ ခွန်အား ဖွံ့လှံ့လကြောင့် ထွန်းသိန်း၏လက်မှ ပြေးထွက်နိုင်ခဲ့၏။

သို့ပေမင့်လို့ ထွန်းသိန်းလက်မှ လွတ်မြောက်ပေမင့် ပတ်ဝန်းကျင်၏ အကြားအမြင်မှတော့ဖြင့် လွတ်မြောက်ခြင်း မရှိလေသည် ကြောင့် မအိုဇာတစ်ယောက် ထွန်းသိန်း၏ နိုင်ထက်စီးနင်း သုပ်ခြင်းကို ခံလိုက်ရသည်ဟု ထင်သွားကြတော့၏။

ထွန်းသိန်းကို သူကြီးသားဆိုတော့ အပြစ်မဖို့ရဲကြချေ။

သည်တော့ ထွန်းသိန်းသည်လည်း ချော်လဲရောထိုင် သုပ်လိုက်တော့၏။

ဘယ်လိုမှ ရှင်းမရ။

ကျုပ် မအိုဇာကို လွန်လွန်ကျူးကျူးလုပ်မိသည်၊ ချစ်လွန်း သို့ပါ။ ကိုယ့်တာဝန် ကိုယ်ယူနိုင်ပါသည်။ သို့ဆိုလျက် အဖေဖြစ်သူ သူကြီးကို ပြော၏။ အခြားရွာလူကြီးတို့ကို ပြော၏။

မအိုဇာ မဟုတ်ပေမင့် ဟုတ်နိုး မြင်လိုက်ကြသူတွေ နိုးသည်ဆိုတော့ မအိုဇာ ဘယ်လိုပင်ပြောပေမင့်...



www.burmeseclassic.com

www.burmeseclassic.com



"အဘ တောင်းပန်ပါတယ် မဒိုဇာရယ်၊ သားက မဒိုဇာကို မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းသင်း ဆက်ဆံမှာပါ"

လို့ သူကြီးက နားချ၏။

မဒိုဇာက ခေါင်းတွင်တွင်ခါ၏။ တစ်ရွာလုံးက မယုံကြလျှင် နေစေ။ ခူရှိုးနှင့် မောင်သီး ယုံလျှင် တော်ပြီ။ သို့ သူမ ထွက်လိုက်ပေမင့်...

မောင်သီးနှင့် ခူရှိုးက သူမကို သံသယ ဖြစ်နေကြသည်ပဲ။ သည်တော့ သူ ဘယ်လိုမှ ရှင်းမရသည့်အတူတူ ရွာမှ တိတ်တဆိတ် ထွက်ခဲ့လေတော့သည်။

သည်လိုနှင့် နှစ်တွေကြာခဲ့၏။

မောင်သီးကလေးသည်ပင် လူပျိုကြီးဖားဖား ဖြစ်လာချေပြီ။

မည်သို့ပင်ဆိုစေ မဒိုဇာသည် ရွာကိုတော့ လွမ်းသည်။ ပြီးတော့ သူငယ်ချင်း ခူးရှိုးနှင့် မောင်သီးကိုလွမ်းသည်။ သည့်ပြင် မောင်သားသားလေးကိုပါ သတိရနေမိ၏။

သို့ သူမိတ်ဆွေ ဖြစ်နေသည်ကြားမှ ရွာသို့ မဖြစ်မနေ ပြန်ရတော့မည့် အခြေအနေ ရောက်လာလေ၏။

သူမ ရွာမှထွက်ပြေးခဲ့စဉ် ကျိုက်လဲရွာရှိ ညီအစ်မဝမ်းကွဲ တော်သူထံတွင် မှီခိုနေခဲ့၏။

ညီမတွင် သမီးတစ်ယောက်ရှိ၏။ သူမ၏ တူမလေး တော်သည်ပေါ့။ ညီမကလည်း ကံဆိုးမဖြစ်၏။ လင်သေ၍ သမီးတစ်ယောက်နှင့် တစ်ခုလပ်ဘဝဖြင့် နေရသူဖြစ်၏။

ယောကျ်ား ဖြစ်သူ၏ မိဘအရိပ်အောက်တွင် နေခဲ့ရသည် ဖြစ်၍ သမီးအပျိုဖော်ဝင်စ ရောက်သည်တွင် ညီမဖြစ်သူ ရောဂါဖြင့် သေဆုံးခဲ့၏။

ခက်ချေပြီ...။

www.burmeseclassic.com



မဒိုဇာ နေရသည့်မှာ ညီမကို ခိုကပ်၍ဖြစ်ခြင်းကြောင့် ညီမ မရှိတော့သည်တွင် ညီမ၏ ယောက္ခမများက...

"ညည်းညီမလည်း မရှိတော့ဘူး။ ငါတို့လည်း သည်အိမ် သည်ခြံကို ရောင်းတော့မှာ၊ ကဲ... ဘယ်လိုလုပ်မလဲ"

မေးလာကြ၏။ ဟုတ်ပေသည်။ သူမနှင့် ဘာဆိုင်လို့တုန်း။ သို့ကြောင့်...

"ဘယ်လိုဖြစ်ဖြစ် ရွာပြန်ရပေတော့မည်။ မဖြစ်မနေ ပြန်ရ ပေတော့မည်။ သည်တွင်...

"ဒေါ်လေးအို သမီး ဒေါ်လေးနဲ့ လိုက်နေမယ်"

သို့ဆိုတော့ သူမတွင် တာဝန်ရှိချေပြီ။ ဟုတ်ပြီ အဆိုးထဲမှ အကောင်းတစ်ခုဖြစ်၏။

ရွာပြန်လျှင် ထွန်းသိန်း၏ရန်က ရှိသေးသည်ဆိုတော့-

"ကောင်းပြီလေ...သမီး ဒေါ်လေးနဲ့လိုက်ခဲ့ချေ၊ နို့ပေမင့် ဆို ဒေါ်လေးကို အမေလို သဘောထားရမယ်၊ ဟုတ်လား"

ကလေးမ ဘာပြောစရာ ရှိတော့မည်နည်း။ ဒေါ်လေး ဖြစ်သူကို သံယောဇဉ် ရှိနေသည်ပဲ။ အမေလို သတ်မှတ်ရမှာ အခက်ခဲလို့တုန်း။ ကိုယ်၌ကလည်း အမေလို တွယ်တာနေ သည်ပဲ။

သည်တော့...

"မေမေရယ် မေမေပဲပေါ့" ဆိုတော့...

"သွား...အလည်မလေး" ချစ်စနိုးပြော ခေါင်းကို လက်သီး ဆုပ်လေးနှင့် ထုလိုက်ပြီး...

တစ်ခု ရှိသေးတယ်။

"သမီးနာမည် ကွက်ထော် ဟုတ်လား"

"အင်းလေ... အမေ ပေးခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး လူသစ်စိတ်သစ် ဘဝသစ်နဲ့ ဒေါ်လေးနဲ့တူတူ လိုက်နေမယ်ဆိုလျှင်ဖြင့် နာမည်ပါ ပြောင်းလိုက်ရမှာနော်"

"ဘာတဲ့တုန်း"

"ဒေါ်လေး နာမည်က မဒိုဇာ"

"ဟုတ်တယ်လေ"

"သမီး အခု ဒေါ်လေးသမီး ဖြစ်သွားပြီ"

"ဟုတ်တယ်လေ"

"သံညတော့ မသူဇာလို့ ခေါ်မယ်၊ မှတ်ထားနော်"

"ဟင်"

မသူဇာ တဖြစ်လဲ ဝက်ထော်သည် မဒိုဇာကို အံ့အားသင့် ကြည့်နေလေပြီး ပြေးဖက်လိုက်တော့၏။

"မေမေရယ်"

တီးတိုးခေါ်လိုက်၏။

မဒိုဇာ သဘောအကျကြီး ကျသွားတော့၏။

မဒိုဇာ ရွာပြန်မည်။

တစ်ရွာတကျေးတွင် အိမ်ထောင်ကျခဲ့သည်။ သမီး တစ်ယောက် ရခဲ့သည်။ လင်သားဖြစ်သူ ပိုးထိဆုံး၍ ရွာပြန်ခဲ့သည်။

ထိုသည်ကား မဒိုဇာ၏ လုပ်ဇာတ်။

"ကလေးတစ်ယောက် အမေကို သူကြီးသား ထွန်းသိန်း ဘယ်လို စိတ်ဝင်စားနိုင်ပါတော့မည်နည်း။

မောင်သီးနဲ့ ခူရှိုးကိုလည်း သို့နှယ်သာ ပြောထားရမည်။ ယုံကြည်စေရမည်။ သို့ဖြင့် မဒိုဇာတစ်ယောက် ရွာသို့ ပြန်ရောက် လာ၏။

တစ်ချိန်က သူနှင့် ထွန်းသိန်းကိစ္စ ကာယကံရှင်ဖြစ်သည့် သူတို့နှစ်ယောက်သာ သိခဲ့ကြ၏။ ဘာမှဖြစ်ခဲ့ကြတာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာချည်။ ထွန်းသိန်းကသာ သူ့ကို သိမ်းပိုက်လိုသည့် အကြံကြောင့် လုပ်ဇာတ်ခင်းခဲ့သည်ပဲ။

သို့ပေမင့်လို့ ပတ်ဝန်းကျင်...

ပတ်ဝန်းကျင်၏ အကြောင်းကို သူမ နည်းနည်းလေးမှ ထည့်မတွက်ခဲ့လေသည်ကြောင့် ရှာရောက်သည်နှင့် စိတ်ပျက် ဖွယ် ဖြစ်ခဲ့ရတော့၏။

"ကြည့်စမ်း... မဒိုဇာ ပြန်လာပြီ၊ ကလေးတစ်ယောက် နဲ့တော့၊ သည်ကလေးက ထွန်းသိန်းကလေးပဲ ဖြစ်မယ်၊ တစ်ရွာ တစ်ကျေးမှာ သွားမွေးပြီး ပြန်လာတာဖြစ်မယ်"

သို့ဆိုတော့ သူမ ခေါင်းခဲရပြန်လေသည်။

သို့ အထင်ခံရသည်က ပိုဆိုးလေတော့၏။ သည်ရွာ ပြန်လာခြင်းသည်ပဲ မှားများသွားလေပြီလား။

ချူးရှိုးနှင့် မောင်သီးကလည်း သို့ ထင်ကြလေ၏။

ချူးရှိုးကဆိုလျှင်–

"မဒိုဇာရယ် မင်း သည်ကလေးမနဲ့ နှစ်ယောက်တည်း တူတူနေမယ်ဆိုလျှင် မဖြစ်ဘူးထင်တယ်၊ ဟိုကောင်ကလည်း သူ့သမီးကို သံယောဇဉ်ဖြစ်တော့မပေါ့၊ ညည်းကသာ လက်မခံ ခေါင်းခါနေပေမင့် ထွန်းသိန်းက နင့်ကို ကလေးအကြောင်းပြ ပြန်ကပ်လာလိမ့်မယ်"

ဆိုလေသည်ကြောင့် သူမ စိတ်တိုရလေတော့၏။

"ချူးရှိုး နင်ထင်ချင်သလိုထင်၊ သည်ကလေးက ထွန်းသိန်းနဲ့ ရခဲ့တဲ့ကလေး မဟုတ်ဘူး၊ ငါ တစ်ရွာတကျေးမှာ အိမ်ထောင် ကျခဲ့တာ၊ အဲဒီအိမ်ထောင်နဲ့ ရခဲ့တဲ့ကလေး၊ နင် ယုံချင်ယုံ၊ မယုံချင်လျှင်နေ"

သို့ သူမ ရဲရဲဝံ့ဝံ့ ပြောခဲ့သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ သည်ကလေး ထွန်းသိန်းကလေး ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ နင့်ဟာ အပျိုကလေးတစ်ယောက်လို လှတုန်းပါပဲ၊ တစ်သားမွေး တစ်သွေးလှလို့တောင် ပြောရမယ်"

သို့ ပြောလာခြင်းကြောင့် မအိုဇာတစ်ယောက် ပြုံးမိလေတော့၏။

အပျိုလေးနဲ့ တူမှာပေါ့။ သူမက အပျိုစင်စစ်ပေပဲ။

"နင်တို့သားအမိကို ငါ တာဝန်ယူမယ်"

"ဟင်... ဘာပြောတယ်"

သို့သာ သူမ ခူးရှီးကို ပြောလိုက်ပေမင့် စိတ်ထဲတွင်တော့ တစ်မျိုးကြီးဖြစ်သွားရ၏။ ခူးရှီးကိုမှ သူငယ်ချင်းဘဝကနေကျော်ပြီး ချစ်နိုင်ပါ့လေမလား။ ရတယ် ထားလိုက်တော့။ သူ့လုပ်ဇာတ်အရ မသူဇာသည် သူ့သမီး။ အရွယ်ရောက်ပြီး သမီးနှင့် ပထွေးပန်ရပါ့လေမလား။ ပတ်ဝန်းကျင်က ဘာပြောကြဦးမည်နည်း။

သို့ကြောင့် မသူဇာ၏ရှေ့ရေးကိုတွက်ပြီး ခူးရှီး၏ တောင်းခံလာချက်ကို မသိလိုက်ဘာသာ နေလိုက်တော့၏။ သို့ကြောင့်...

"ငါတို့ သူငယ်ချင်းတွေလိုပဲ နေကြတော့မယ်ဟာ"

"နင့်သဘောပါပဲဟယ်၊ နင် ငါတို့ရွာက ထွက်သွားပြီးကတည်းက ငါနဲ့ မောင်သီး နင့်ကို အမြဲသတိရနေတာပါ"

သို့ ခူးရှီး ပြောတော့ သူမ စိတ်မကောင်းဖြစ်မိ၏။

သူမသည်လည်း သူငယ်ချင်းတွေကို ဘယ်မေ့ပါ့မလဲလေ၊ သို့ပေမင့်လို့ အထွေအထူး မပြောပါတော့ချေ။

"ငါတို့ အငယ်ချင်ကလို နေကြတာပေါ့"

သို့ဖြင့် ရဲသုံးဖော် ပြန်တွဲမိချေ၏။

သည်တော့ ထွန်းသိန်းက မကျေလည် ဖြစ်ပြန်၏။ ရဲသုံးဖော်ကို ကြည့်မရပါလေ။ သည်ကြား...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်.... ထွန်းသိန်း။ မင်းသမီးလေးတော့ ဟိုနှစ်ကောင်ရဲ့လက်ချက် ဘယ်တော့မှမိမလဲ မသိဘူး"

သို့ဆိုသလို သူ့မိတ်ဆွေ အပေါင်းအသင်းတွေက ပြောလာကြ၏။ သူ့သမီးလို့ထင်နေကြသည်ပဲ။ အဖြစ်မှန်ကို သူ အသိဆုံး။ မအိုဇာ အသိဆုံး။ သူကလည်း ရှင်းလို့မရ။ သည်တော့ သူ လုပ်စရာတစ်ခုသာလျှင် ရှိတော့၏။

မအိုဇာကို မဖြစ်မနေ သိမ်းပိုက်ရန်။ သည်တစ်ခေါက် အလျှင်လို မအိုဇာကို အကြမ်းဖက်၍မဖြစ်။ သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်ရမည်။ ပြီးနောက် ဟိုနှစ်ကောင်ကို မအိုဇာ အနားမှာ မရှိအောင်လုပ်ရမည်။ သည်တော့ ထွန်းသိန်း နိစ္စဓူဝ စဉ်းစားရတော့၏။ အကြံထုတ်ရတော့၏။ ဟုတ်ပြီ။

တစ်ချက်ခုတ် နှစ်ချက်ပြတ်။

ချူးရှီးနှင့် မောင်သီးကို အရိပ်တကြည့်ကြည့် ချောင်းမြောင်းနေ၏။

မအိုဇာ ရွာပြန်ရောက်လာပြီးနောက်ပိုင်း တောထဲ အမဲလိုက်ကြသည်တွင် ချူးရှီးနှင့် မောင်သီးသာ ထွက်သွားကြ၏။ မအိုဇာ လိုက်ပါခြင်း မရှိလေတော့။

သို့ကြောင့် ထွန်းသိန်းသည် မောင်သီးနှင့် ချူးရှီး တောတက်သွားကြသည့် တစ်နေ့တွင် နောက်မှ ခြေရာခံလိုက်သွားလေတော့၏။

"အမေ ဦးသီးတို့ တောတက်သွားကြတယ်"

သို့ မသူဇာက ပြော၏။

"ဘာဆန်းလို့လည်း"

"သည်တစ်ခါ ဆန်းတယ်"

"ဟော... ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးသီးရယ်၊ ဦးရှိုးရယ် တောတက်သွားတော့ နောက်တစ်နေ့ ဦးသိန်း (သူကြီးသား ထွန်းသိန်း) လိုက်သွားတယ်"

ဒါတော့ ဆန်းတယ်၊ ထွန်းသိန်းသည် အမဲလိုက် တောလိုက်လေ့ ရှိသူမဟုတ်။

"ဟုတ်ပါ့မလား သမီးရဲ့၊ ထွန်းသိန်းက တောတောင်ထဲသွားခဲတယ်၊ သွားလျှင်လည်း ဖိုးစိန်တို့ပါတာပဲ၊ ခု သူတစ်ယောက်တည်းဆိုတော့ ဖြစ်နိုင်ပါ့မလား"

"အို...အမေကလည်း သမီးက မဟုတ်တာပြောပါ့မလား။ အိမ်နားဆိုင်မှာ ငါးခြောက်နဲ့ ပဲအားလူးတောင် ဝယ်သွားတယ်၊ သမီးတွေ့တော့ ရွာထိပ်က ဖိုးလုံး အရက်ဆိုင်မှာ အရက်နှစ်ပုလင်းတောင် တောထဲသောက်ဖို့ဆို ဝယ်သွားဆိုပဲ"

"ဟေ"

မအိုဖာ စဉ်းစားရတော့၏။

သို့ဆိုလျှင် မောင်သီးနှင့် ခူးရှိုးတို့နောက် လိုက်သွားတာသေချာသည်။ ဘာများ အကောက်ကြံချင်လို့ပါလိမ့်။ ယုံရတာ မဟုတ်တဲ့သူတွေ၊ တောတောင်ထဲဆိုတော့ ပြောလို့ရတာမဟုတ်။

"နို့ဖြင့် သမီးရယ်... မငယ်ကို သွားခေါ်ကြစမ်း"

"ဘာလုပ်ဖို့တုန်း အမေရဲ့"

"သူ့ကို ညည်းနဲ့ အဖော် အိမ်ကနေစောင့်ဖို့"

"ဟင်... နို့ဖြင့် အမေက"

"ဟုတ်တယ် ငါ ခူးရှိုးတို့ကို လိုက်သတိပေးရမယ်"

"ဘာလို့လဲ အမေရဲ့"

"ဟိုတလောက ထွန်းသိန်း မူးမူးနဲ့ အမေ့ကို ပြောဖူးတယ်"

"ဘာတဲ့လဲ"

"နင့်နားက ရှုပ်နေတဲ့ ကောင်တွေ ငါ ဖယ်ထုတ်ရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာကို ပြောတာတုန်း"

"မသိချင်ပါနဲ့တော့ သမီးရယ်"

သို့သာ မအိုဇာက ပြောတော့၏။ တကယ်တော့ မအိုဇာ တစ်ယောက် ရွာတွင် ထွန်းသိန်းနှင့် ပြဿနာဖြစ်ပြီး မသူဇာတို့အိမ် ရောက်ခဲ့သည်ကို။ မသူဇာတို့ကို ပြောပြခဲ့ခြင်းမရှိချေ။ ထိုကိစ္စမှာ မသူဇာတို့သိလို့ မည်သို့မျှဖြစ်သွားမည် မဟုတ်သည်ကြောင့် မပြောခြင်းလည်း ဖြစ်၏။ သူမ အပေါ် တစ်မျိုးထင်သွားလောက် သည်ကို။ သည်ကိစ္စတွေ ကြာခဲ့ပြီပဲ။

မသူဇာအမေပင် ဆုံးပါးခဲ့၏။ မသူဇာကို သမီးအဖြစ် မွေးကာ အင်ပင်ကုန်းသို့ပင် ပြန်လာခဲ့ ရောက်ခဲ့လေပြီမဟုတ်လား။ ခုလို ရောက်ပြန်တော့လည်း ထွန်းသိန်းသည် အစကတော့ ဇာသီဖာသာ၊ နောင်တကား ခူးရှိ သူမကို သူငယ်ချင်းအခင့်ထက် ကျော်လွန်ချင်လာသည့်ကိစ္စ ထွန်းသိန်း သိသွားလေသည်ကြောင့် သူမအပေါ် သဘောထား ပြောင်းလဲလာပုံရချေ၏။

"စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီ တဝင်းဝင်း ဆိုသလို ဖြစ်သည်ထင့်"

သည်တော့ မစားရတဲ့အမဲ သဲနှင့်ပက်မည့်ကိန်းပါကလား။ ထိုသည်ကို သမီးဖြစ်သူကို အသိပေး၍ မဖြစ်ချေ။ သို့ကြောင့်...

"ကဲ...သမီး၊ မယယ်ကို သွားခေါ်ချေ ဘာမှ မမေးနဲ့"

လို့ဆိုတော့ မသူဇာသည် ရွာလယ်ပိုင်းရှိမယယ်ကို သွားခေါ် ခဲ့တော့၏။

"မအိုဇာရယ် ညည်းသွားချင်တာ သွားစမ်းပါ၊ ညည်းနဲ့ ဒါက ငယ်သူငယ်ချင်းတွေမဟုတ်လား၊ ငါ သူဇာလေးကို အဖော် လုပ်ပေးပါ့မယ်"

www.burmeseclassic.com



"အေးဟယ်. . . သည့်ရွာမယ် ငါ့ကို အကောင်းမြင်တတ်တာ နင်ပဲရှိတယ်၊ နို့ကြောင့်လည်း နင့်ကို အားကိုးနေရတာပေါ့"

သို့ဖြင့် မအိုဇာသည် လုံတကိုယူ၍ ရွာမှထွက်ခဲ့လေတော့၏။

ရိက္ခာကိုတော့ဖြင့် ယူစရာမလို။ ခူးရှီးတို့နှင့်တွေ့လျှင် အဆင်ပြေလေပြီပဲ၊ ခူးရှီးတို့ ဘယ်သွားကြသည်ကို သူမ သိနေသည်ပဲ။

ခူးရှီးတို့ သူတို့ သွားလေ့သွားထရှိသော နေရာသည် ကျွဲ(ချေ)ပေါ်သော မရမ်းမြောင်ဘက်သို့သာ ဖြစ်ချေ၏။

သည်မြောင်ကို မိမိတို့ရွာသားများ သွားခဲကြ၏။ ဘယ့်ကြောင့်မူ တောကြမ်း၍ဟု ဆိုကြ၏။

သို့ကြောင့် ထိုမရမ်းမြောင် နေရာသို့ မုဆိုးများ အရောက်အပေါက် နည်းလေသဖြင့် သားကောင်တို့ အများအပြား ပုန်းခိုနေတတ်ကြခြင်းဖြစ်၏။

တောကြမ်းသည် ဆိုခြင်းမှာ တောခြောက်ခြင်းကို ရွာသားတို့ ပြောကြခြင်းဖြစ်၏။ တောခြောက်တာလောက်ကတော့ ဘာဆန်းမှတ်လို့။

ကိုယ်က မကြောက်တတ်လျှင် ပြီးတာပဲ။ နို့ကြောင့် တောခြောက်သည်ကို မကြောက်တတ်သည့် သူတို့သုံးယောက်သည် ထိုမရမ်းမြောင်ဘက်သို့သာ စားကျက်ချကြခြင်းဖြစ်၏။

သို့ဖြင့် မအိုဇာသည် တစ်ယောက်တည်း မရမ်းမြောင်သို့ ထွက်ခဲ့လေခြင်းဖြစ်၏။ သူမအတွက် မဆန်းသလို ရွာကလည်း သူမကို အဆန်းတကြယ် မဖြစ်ကြတော့ပေ။ မအိုဇာ ရွာမှထွက်လာသည်မှာ နေ့လယ်ပိုင်းဖြစ်၏။ ထွန်းသိန်း ထွက်သွားသည်မှာ မနက်စောစောပိုင်းက ဆိုတော့ နောက်မကျလောက်သေးဟု ထင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမင့်လို့ မအိုဇာသည် ခပ်သုတ်သုတ် လျှောက်ခဲ့လေခြင်းဖြစ်၏။ ညနေခင်းလောက်တွင် မရမ်းမြောင်သွားလမ်းခွဲ ဇာလာစခန်းသို့ ရောက်လာ၏။ မအိုဇာ ကံကောင်းသည်မှာ ဇာလာစခန်းတွင် သူမကို ရင်းရင်းနှီးနှီး သိသူတို့နှင့် မဆုံရခြင်းဖြစ်၏။

သို့ပေမင့်လို့ ထွန်းသိန်းကိုတော့ဖြင့် မှောင်ရ၏။ ထွန်းသိန်းသည်လည်း အကြံနှင့် လာသူဖြစ်ချိမ့်မည်ဟု တွက်လိုက်၏။ ဘယ့်တွက်မူ ဇာလာစခန်းတွင် ထွန်းသိန်း စခန်းချခြင်းမဟုတ်သည့်ကြောင့်ပင်။ ထွန်းသိန်းသည်လည်း သူ့ကို လူမြင်မခံလိုခြင်းဖြစ်၏။ သည်တော့ ထွန်းသိန်းသည် အကောက်ကြံလိုစိတ် ရှိကိုရှိရမယ်လို့ မအိုဇာ အသေအချာ တွက်ပြီးဖြစ်တော့၏။

သို့ပေမင့်လို့ ထွန်းသိန်းသည် မအိုဇာ သူ့ကို လိုက်လံချောင်းမြောင်းနေခြင်းကို နိုင်လိမ့်မည် မဟုတ်ချေ။

ဘယ့်တွက်မူ မအိုဇာသည် ဇာလာစခန်းတွင် ညအိပ်စခန်းချလိုက်ခြင်း ဖြစ်၏။ သူမကို ရင်းရင်းနှီးနှီး သိသည့်လူမှ မရှိတော့သည်ကိုး။ မျက်မှန်းတန်းမိသူလောက်သာရှိကြ၏။ သူတို့ကလည်း သူမကို ရဲသုံးဖော်ရယ်လို့ သိထားကြသဖြင့် မည်သူမျှ သူမကို အဆန်းတကြယ် ကြည့်ကြခြင်းမရှိကြချေ။ စပ်စုကြခြင်း မရှိကြချေ။

သည်တော့ သူမအတွက် လုံခြုံသည်ဟု ပြောရချိမ့်မည်။

ဇာလာတွင် ညအိပ်လေပြီး နောက်နေ့စောစောတွင် မအိုဇာ မရမ်းမြောင်ဘက်သို့ ထွက်ခဲ့တော့၏။

မအိုဇာသည် မရမ်းမြောင်အတိုင်း လျှောက်ခဲ့ရာမှ မြောင်အလယ်လောက် ရောက်သည့်တွင် တောင်ကြောပေါ်မှ လူသံကြားသည့်ကြောင့် ကပျာကသီ မြောင်ကမ်းပါးသို့ တွယ်တက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြောပေါ် ရောက်လာသည်တွင် သူမ ထင်ထားလေသည့်အတိုင်း ထွန်းသိန်းကို တွေ့လိုက်ရသဖြင့် လုံးဝ အံ့သြတကြီး ဖြစ်သွားရတော့၏။

ဘယ်တွက်မှ ထွန်းသိန်းသည် မျှင်ဝါး ဝါးဆစ်ပိုင်းတစ်ခုကို ကိုင်၍ ပြေးလွှားလာသောကြောင့် ဖြစ်ချေ၏။

မအိုဇာသည် သူမအား မြင်တွေ့မသွားစေရန် ချုံပုတ်ပင်ကြီးတစ်ခု နံဘေးတွင် ပြေးဝင်လိုက်၏။ ချောင်းမြောင်းကြည့်လိုက်၏။

ထွန်းသိန်းသည် သူမရှေ့ ကိုက်ငါးဆယ်လောက်မှ ဖြတ်လျှောက်သွားခြင်း ဖြစ်၏။ သို့ကြောင့် သဲသဲကွဲကွဲ မြင်ရခြင်းကြောင့် ထွန်းသိန်း ကိုင်လာသည့် ဝါးဆစ်ပိုင်းတွင် သွေးတို့ စွန်းထင်းနေသည်ကို သိလိုက်ခြင်းဖြစ်၏။

ဘုရားရေ ထွန်းသိမ်း ထိုဝါးခစ်ပိုင်းဖြင့် တိရစ္ဆာန်တစ်ကောင်သို့တည်းမဟုတ် လူတစ်ယောက်ကို ရိုက်နှက်ခဲ့ခြင်းများလေလား။

ထွန်းသိန်းကို ကြည့်ရ မြင်ရသည်မှာ သူ၏ လုပ်ရပ်ကို အကျေနပ်ကြီး ကျေနပ်နေဟန် ဖြစ်ချေ၏။

ထွန်းသိန်းသည် သူမရှေ့မှ ဖြတ်လျှောက်ကာ အဝေးသို့ ရောက်သွားသည်တွင် သူမသည် ထွန်းသိန်း လာရာလမ်းသို့ ခပ်သုတ်သုတ် လျှောက်သွားလိုက်တော့၏။ မည်သို့မျှ မဝေးလောက်သော နေရာတွင် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မအိုဇာ တုန်လှုပ်သွားရတော့၏။

မောင်သိး တစ်ယောက် သွေးသံရဲရဲဖြင့် မြေပြင်တွင် ခွေလဲနေပါကလား။ မောင်သိး နံဘေးတွင်လည်း ဝက်တစ်ကောင် သေဆုံးနေလေ၏။

ဒါ ထွန်းသိန်းလက်ချက်မှ လွဲ၍ အခြားမဟုတ်နိုင်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မအိုဇာသည် ထွန်းသိန်းနောက် လှည့်လိုက်သွားပြန်တော့၏။

ထွန်းသိန်းကိုမတွေ့ချေပြီ။ လမ်းစပြတ်သွားချေပြီ။ ထွန်းသိန်း မောင်သိုးကိုသတ်၍ သွားချေပြီ။ ရွာသို့ပြန်ခြင်း ဖြစ်နိုင်သလို ဘခြားနေရာသို့ ထွက်သွားခြင်းလည်း ဖြစ်နိုင်၏။

သူမ ဘာလုပ်ရမည်နည်း။ သူမ အလာကောင်းပေမင့် အခါနှောင်းလေပြီ ပြောရချိမ့်မည်။

ထွန်းသိန်းနောက် လိုက်မမီသည့်တူတူ မောင်သိုး ရှိရာသို့ ပြန်သွားရန် ဆုံးဖြတ်လိုက်၏။ ခူးရှိုးကော ဘယ်ရောက်နေလေ သည်လည်း။

ခူးရှိုးကိုလည်း သတ်ဖြတ်လိုက်လေပြီလား။ ခူးရှိုးအတွက် စိုးရိမ်ရပြန်၏။ ဘယ်လိုကြောင့် ခူးရှိုးနှင့် မောင်သိုး လူကွဲနေ ရပါလိမ့်။ အခါတိုင်းဆိုလျှင် နှစ်ယောက်တူတူ ယှဉ်တွဲရှိတတ် သည်ပဲ။ သို့ဆိုတော့ ထွန်းသိန်း မောင်သိုးကော ခူးရှိုးကိုပါ လုပ်ကြံလိုက်ပြီး ဖြစ်ချိမ့်မည်။

သူမ မောင်သိုးရှိရာ ပြန်လှည့်ခဲ့သော်လည်း စိတ်ဆန္ဒ စောနေခြင်း၊ တုန်လှုပ်နေခြင်းကြောင့် မောင်သိုး အလောင်း နှံ့သည့်နေရာကို အတော်နှင့် ပြန်မရောက်နိုင် ဖြစ်ရတော့၏။

လမ်းမှားနေချေပြီ ဖြစ်သည့်အပြင် ဆူးချုံပုတ်ပင်တို့ကြား ရောက်သည်ကြောင့် ခရီး ဖင့်ခဲ့ရပြန်၏။

သို့ပေမင့် နောက်ဆုံး မောင်သိုးအလောင်း တွေ့သည့်နေရာ သို့ ရောက်ခဲ့ရပေမင့် မောင်သိုးအလောင်း မရှိပါလေတော့ချေ။

တောဝက်ကောင်သေကိုတော့ဖြင့် တွေ့ရသေး၏။ မောင်သိုး အလောင်း ဘယ်ရောက်သွားပါလိမ့်။ အံ့ဖွယ်ပင် ကောင်းသေး တော့၏။ သို့ပေမင့် သူမ တစ်ခုစဉ်းစားမိ၏။ မောင်သိုးအလောင်းကို

www.burmeseclassic.com



ခူးရှိုး သယ်ယူသွားခြင်းဖြစ်နိုင်၏။ သို့ဆိုပါလျှင် ခူးရှိုး မောင်သီး အလောင်းကို ရွာပြန်ယူသွားခြင်း ဖြစ်မည်။ သို့လည်း ကောင်းသေးတော့၏။ သူမသည်လည်း ရွာကို ပြန်ရပေတော့မည်။ သူမ မျက်မြင်ကိုယ်တွေ့အရ မောင်သီးကို ထွန်းသိန်း သတ်လိုက်ခြင်းကို သက်သေထွက်လို့ ရပေမည်။ ရိုက်နှက် သတ်ဖြတ်ခြင်း မမြင်ရပေမင့် ထွန်းသိန်း လက်တွင်းမှ ဓါးဆစ်ပိုင်း (သွေးစွန်း) ကိုင်တွယ်လာခြင်းကိုတော့မူ သူမ ကောင်းကောင်းမြင်ခဲ့သည် မဟုတ်ပါကလား။

ထွန်းသိန်း အတော်လည်ပါကလား။ သို့ကြောင့်လည်း ထွန်းသိန်း ရွာမှာ တစ်ယောက်တည်း ထွက်ခဲ့ခြင်းဖြစ်၏။ သို့မှ သူ လူသတ်သည်ကို သက်သေ မည်သူမျှမရှိနိုင်မှာကိုး။ သူ တွဲနေကျ လူမိုက် ဖိုးစိန်ကိုပင် ခေါ်မလာသည် ကြည့်ချေတော့။

သို့ပေမင့်လို့ ထွန်းသိန်း လည်သည်မှာ ခပ်နုံနုံအ,အ ဟု ပြောရချိမ့်မည်။ သူမ သက်သေပြနိုင်သည့်ပဲ။ ပြီးတော့ အလောင်းကို ခူးရှိုးက ရွာပြန်သယ်ခဲ့သည် မဟုတ်ပါကလား။

သို့ကြောင့် မအိုဇာသည် ရွာသို့ ခပ်သုတ်သုတ်ပြန်ခဲ့ချေ၏။ ဖာလာတွင် ညအိပ်ရပြန်၏။

ဖာလာရောက်သည့်အခါ ဖာလာစခန်းတွင်ရှိ လူများသည် ထိတ်လန့်နေကြ၏။

"မဖြစ်စဖူး တောထဲမယ် လူသတ်မှု ဖြစ်ရတယ်လို့ဗျာ"

"အေးကွာ ငါတော့ ကျောချမ်းလာပြီ၊ ရွာပြန်တော့မယ်"

"လူသတ်မှုဖြစ်တာ ငါတို့ ဝါးခုတ်ကွက်ထဲမှာပဲကွ"

"လူသတ်တရားခံ မမိသေးဘူးတဲ့"

စသဖြင့် ပြောဆိုနေကြ၏။

မျက်နှာစိမ်း ဝါးခုတ်သမားဦးဆောင် အဘိုးကြီးတစ်ယောက် ဆိုပါလျှင်...



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး သည့်တော သည့်တောင်ထဲမှာ အန္တရာယ်များတယ်ကွယ့်၊ မင်းရွာပြန်ချေတော့၊ ဘယ်ရွာကလည်း။ အဘတို့ နက်ဖြန် ပြန်ကြမယ်၊ အဘတို့က စဉ့်ကိုင်ရွာက၊ အဘတို့နဲ့ အဖော်ပြု လိုက်ခဲ့ပါကလား"

သို့ဆိုတော့ မအိုဇာက သူမ အင်ပင်ကုန်းရွာကပာ့ ပြော လိုက်၏။

"အင်ပင်ကုန်းရွာဆိုတော့ အဘတို့ စဉ့်ကိုင်နဲ့ အတော်လေး လှမ်းသားကလား။ နို့ပေမင့်လို့ အင်ပင်ကုန်းလမ်းခွဲထိ အဘတို့ လိုက်မို့မယ်"

သို့ဆိုလေသည့်ကြောင့် မအိုဇာသည် ထွန်းသိန်း၏ရန်ဂ သည်း ရှိလေသဖြင့် ထိုအဘိုးအိုလှည်းနှင့် အဖော်ပြုပြန်ခဲ့တော့၏။

ထွန်းသိန်းတစ်ယောက် ဝရမ်း ပြေးလေပြီလား။ ရွာပြန် ရောက်လျှင် ခူးရှီးနှင့် ထိပ်တိုက်တိုးပေရှော့မည်။ ခူးရှီးကလည်း မောင်သီး၏အလောင်းကို ရွာပြန်သယ်ခဲ့လေပြီ မဟုတ်ပါလား။ သို့ဆိုတော့ သူမသည်လည်း သူမ မျက်မြင်ကိစ္စကို ပြောရပေ ထိမ့်မည်။

ထွန်းသိန်းရယ် ရာဇဝတ်ဘေး ပြေးလွတ်ရိုး လုံးဝမရှိပါဘူး။

သို့ စဉ်းစားမိသည့်ကြောင့် မအိုဇာ စိတ်ချမ်းသာရမိ၏။ သို့ပေမင့်လို့ ရွာရောက်သည့်တွင် အံ့ဖွယ်ကိစ္စတို့ကို ကြုံရလေ တော့၏။

မောင်သီး အလောင်း သယ်လာသည်မှာ သူမ ထင်ထား သလို ခူးရှီး မဟုတ်ချေ။ ထွန်းသိန်း ဖြစ်ချေတော့၏။

သူမသည်ပင် ရူးသွားသည်ဟု ထင်မိ၏။

ရွာထဲတွင် ရုတ်ရုတ် ရုတ်ရုတ် ဖြစ်နေ၏။ သူကြီးအိမ်တွင် ကြိတ်၏။ သို့ကြောင့် သူမ အပြေးအလွှား သွားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သီးအလောင်းကို ထွန်းသိန်းက သယ်လာခြင်းဖြစ်၏။

မောင်သီးကို နူးရှိုး သတ်လိုက်ခြင်းဟု သူက ပြော၏။ သို့ကြောင့် သူကြီးသည် နူးရှိုးကို ချုပ်နှောင်ထားလေ၏။

သူမ သူကြီးကို ဝင်ပြောရန် စဉ်းစားလိုက်၏။

“ဒါ သူ မောင်သီးကို ရိုက်သတ်တဲ့ တုတ်၊ အလောင်းနားမယ် ထားခဲ့တာတွေ့လို့ သည့်သွေးလည်း ယူလာတာ”

သို့ ပြောလာသည့် ထွန်းသိန်းစကားကြောင့် မအိုဇာသည်ပင် ခွေးပြန်သွားရတော့၏။

ထွန်းသိန်း ပြောသည်မှာ ဟုတ်များဟုတ်လေမလား။

နူးရှိုးနှင့် မောင်သီး ချစ်ကြ ခင်ကြသည်ဆိုပြီး တစ်ရံတစ်ခါ ရန်ဖြစ် ထိုးကြိတ်သတ်ကြသည်ကို သူမ အသိဆုံးဖြစ်၏။

သို့ ထိုးကြိတ်ကြသည်ဆိုရာ၌ အသေအကြေ သတ်ပုတ် ထိုးကြိတ်ကြခြင်းဖြစ်၏။ တစ်ယောက်ယောက် မှောက်လဲသွားလေမှ ငြိမ်သက်သွားကြ၏။

အတန်ကြာမှ တစ်ယောက်နှင့်တစ်ယောက် ပြုံးပြုံးရွှင်ရွှင် အပြန်အလှန် ဆက်ဆံလာကြပြန်၏။

သည်တစ်ခါ ထိုးကြိတ်ကြခြင်းမှာ လက်လွန်သွား၍လည်း ဖြစ်နိုင်၏။

သို့ကြောင့် သူမ မည်သို့မျှ ဝင်မပြောပါတော့ချေ။ အခြေအနေကလည်း သည်သို့သာ တစေ့တစောင်း ကြည့်နေခြင်းက အကောင်းဆုံးဖြစ်ပေမည်။

အလိုလေး... ကြည့်စမ်း... နူးရှိုးကို သူငယ်ချင်းဖြစ်သူ မောင်သီးကို သတ်မှုဖြင့် မြို့ပြရဲစခန်းသို့ ခေါ်သွားကြပါကလား။

သူမ စိတ်မကောင်း ဖြစ်ရတော့၏။ မောင်သီးကို နူးရှိုး တကယ်ပဲ သတ်မိလို့ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ မအိုဇာ ယူကျုံးမရ ဖြစ်ရ၏။ လူ့ကံကြမ္မာသည် အဆန်းသားကလားလို့။

သို့ဆိုသလို နောက်နေ့တွင် ပို၍ အံ့ဖွယ်ကောင်းသည့် ချူရှီးသတင်းကို ကြားလိုက်ရ၏။

အင်ပင်ကုန်းရွာမှ မြို့ပြရဲစခန်းသို့ အပ်နှံရန် ရွာသူကြီးသား ထွန်းသိန်းနှင့် ရွာသားသုံးလေးဦးတို့ ခေါ်ဆောင်သွားရာတွင် လူသတ်သမား ချူရှီးက သူတို့အလစ်အငိုက်တွင် သူကြီးသားကို လုပ်ကြံ သတ်ဖြတ် ထွက်ပြေးသွားသည်ဆိုပဲ။ သည်တော့ ချူရှီး လူသတ်ဝရမ်းပြေး ဖြစ်သွားသည်ပေါ့။

သို့ဖြစ်ခဲ့သည့် အချိန်ကလေးအတွင်း ဝရမ်းပြေး ချူရှီး တစ်ယောက် မမျှော်လင့်ဘဲ မအိုဇာထံသို့ ခိုးကြောင်ခိုးဝှက် ရောက်လာချေတော့၏။

"ဟင်...ချူရှီး... နင်...နင်"

"အေး... ဟုတ်တယ်၊ ငါ ချူရှီးပဲ၊ နင့်ဆီ ငါ အဲလို ချပ်ဖျက်မလာလို့ ဘယ်လိုမှ ရလိမ့်မယ်မထင်ဘူး"

သို့ဆိုသလို ချူရှီးသည် အဘိုးအိုတစ်ယောက်လို ရုပ်ဖျက် ရောက်လာလေ၏။

"နင် အရဲကိုးလိုက်တာဟယ်၊ ဘာလို့များ ငါ့ကို လာတွေ့ ရတာတုန်း"

"ဘာလဲ နင်က ငါ့ကြောင့် ဒုက္ခရောက်မှာ ကြောက်လို့လား"

"အဲလိုဟုတ်ပါဘူးဟယ်၊ နင့်အတွက် ပြောတာပါ"

"တကယ်လား"

"တကယ်ပေါ့ဟာ... နင်ရယ် မောင်သီးရယ် ငါရယ်က ခင်ခဲ့ဖော်လေဟယ်၊ မောင်သီးကို နင် ဘာလို့ သတ်လိုက်ရ တာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"မအိုဇာရယ်..ငါပြောတာ နင် ယုံစမ်းပါ။ မောင်သီးကို ငါ လုံးဝမသတ်ရပါဘူး"

"ဟော"

"အေး... ဟုတ်လိမ့်မယ်ဆိုတာ ငါ ထင်တော့ထင်သား ကလား"

"ရှင်းအောင် ပြောပါလား"

သို့ဆိုတော့ မအိုဇာသည် ထွန်းသိန်းနောက် လိုက်ချောင်း

၈ စဉ်က ထွန်းသိန်း၏ လက်ထဲတွင် သွေးစွန်းဝါးဆစ်ပိုင်း တွေ့လိုက်ခြင်းကို ပြောပြလေ၏။ ပြီး သူမက သူကြီးကို ပြောရန် ရွာပြန်အလာတွင် သို့ဆိုသလို ထွန်းသိန်းက မောင်သီးအလောင်း ရွာသို့သယ်လာပြီး လူသတ်တရားခံ ခူးရှိုးဖြစ်ကြောင်း၊ သူတွေ့မြင်ခဲ့ကြောင်း သူကြီးကို ပြောပြီးဖြစ်သည်ကြောင့် သူမသည်ပင် ခူးရှိုးသတ်သည်မှာ ဟုတ်နိုးနိုး ထင်ခဲ့၏။ သူမ မြင်နေခဲ့သည်ကို မပြောပြခဲ့မိကြောင်း ဝန်ခံလေသည်တွင်...

အဲဒီတုန်းက နင်မြင်တာတွေတော့ မပြောခဲ့တာ ကောင်းပါ တယ်ဟယ်"

"ဘာလို့တုန်း"

"တော်ငအေ,မရဲ့ ထွန်းသိန်းက ရွာသူကြီးသားလေ၊ ပြီးတော့ နင်နဲ့ ငါတို့က ရဲသုံးဖော်လေ၊ သည်တော့ သူကြီး မယုံသထို ကျန်တဲ့သူတွေကလည်း ဘယ်ယုံပါ့မလဲ၊ နင့် အတွက်တောင် အန္တရာယ်များသေးတယ်"

"အင်... နို့ နေပါဦး... နင် ဘာလို့ တရားနည်းလမ်းအရ မဖြေရှင်းဘဲ လူသတ်ပြီး ထွက်ပြေးရတာတုန်း"

"ဒါကတော့ဟာ ငါ လူမသတ်ဘဲ မဟုတ်မတရား ခွပ်ခံရပြီး ထောင်ကျရမယ်ဆိုတော့ အသားလွတ်ကြီး ငါ ထောင်ကျ ခံရမယ့်တူတူ သူကြီးသားကို သတ်ပြီး ပြေးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့ ဆိုတော့လည်း မအိုဇာ ချုရှိုးကို နားလည်ထား လိုက်ရ၏။

"အေးဟယ်... ငါတို့လို လူတန်းစားတွေအတွက် အမှန် တရားဆိုတာ ရှိဖို့ရဖို့ ခဲယဉ်းသားကလား။ သည်တော့ ကိုယ်ပိုင် ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ဥပဒေပဲ ရှိတော့တာပေါ့ဟယ်၊ ကဲ... နင် ခုလိုကြီးပဲ တစ်သက်လုံး ဝရမ်းပြေးလုပ်နေ ဦးမှာလား။ စားကောင်းခြင်း၊ အိပ်ကောင်းခြင်း၊ နေကောင်းခြင်း မရှိနဲ့ဟယ်"

"ဘယ်တတ်နိုင်မလဲဟ၊ သည့်အတွက် ငါ နောင်တမရဘူး အေး... တစ်ခုပဲရှိတယ်"

"ဘာလဲ... ပြော"

"မောင်သားသား အတွက်ပဲ စိတ်ပူနေရတယ်"

သည်တွက် မောင်သားသားကို မအိုဇာက သတိရလိုက် ပြန်၏။ သို့ကြောင့်...

"ဟင်း"

လို့ သက်ပြင်းရှည်ကြီး ချလိုက်ချေ၏။

မောင်သားသားသည် မောင်သီး၏ သားဖြစ်ငြား ချုရှိုး သည်လည်း ဖခင်တစ်ယောက်လို ဖြစ်ချေ၏။ မောင်သီးနှင့် ချုရှိုးသည် နှစ်ကိုယ့်တစ်စိတ်ဟုပင် ပြောရချိမ့်မည်။

မောင်သားသားလည်း မောင်သီးနှင့် ချုရှိုးအပေါ် သံယောဇဉ် တွယ်တာနေပုံ ရလေ၏။

"အေးဟယ် မောင်သားသား အားကိုးရာ အဖေ နှစ်ယောက် မရှိတော့ဘူးလေ"

"နို့ကြောင့်... ငါ သူ့တွက်တော့ စိတ်မချမ်းသာရဘူး ဟ၊ နင် ငါ့ကို ကူညီပါလား"

"ဘာလုပ်ပေးရမလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"သားသားမယ် အမေလည်း မရှိတော့ဘူး၊ သူချစ်ခင်တွယ်တာတဲ့ ငါလည်း သူ့နားမယ် နေမပေးနိုင်တော့ဘူး၊ သည်တော့ နင်က ငါတို့ရဲသုံးဖော်ပဲဟယ်၊ မောင်သားသားကို ငါ မရှိနိုက် စောင့်ရှောက်ပေးပါကလား"

"အင်းလေ"

သို့ မဒိုဇာက လွယ်လွယ်သတိပေးလိုက်၏။

"ဝမ်းသာတယ်ဟာ"

"အေး... တစ်ခုတော့ အပေးအယူရှိရမယ်"

"ပြောကြည့်လေ"

"နင် စိတ်ချမ်းသာမှု ငါပေးခဲ့သလို ငါ့စိတ်ချမ်းသာမှုကိုလည်း နင် ပြန်လုပ်ပေးရလိမ့်မယ်"

"ပြောလေ"

"နင် သည်လိုချည်းပဲ ဝရမ်းပြေးဘဝနဲ့ သွားလာနေမယ်ဆိုလျှင် စားကောင်းခြင်း၊ အိပ်ကောင်းခြင်း၊ နေကောင်းခြင်း ဘယ်လိုရနိုင်မှာလဲဟယ်၊ တစ်သက်လုံးသွားမှာနော်၊ နင် အသက်ရှည်လေ ပိုခံရလေ ဖြစ်တော့မပေါ့"

"ဟင်း ဟင်း ဟင်း ဟင်း"

သို့ ခွးရီးက ရယ်လေသည်ကြောင့်...

"နင် ဘာရယ်တာလဲ၊ ငါပြောတာ အမှန်ချည်းပဲ၊ ခု နင် မသိသေးပေမင့် နောင် သိလာလိမ့်မယ်၊ ခု နင့် ချက်ချင်းတွေးလို့ မခံစားရပေမင့် နောင်အခါ ခံစားလာရလိမ့်မယ်"

လို့ မဒိုဇာက ဒေါသသံလေးဖြင့် ပြောလိုက်၏။

"ဟ... ငါ တုံးအေ မဟုတ်ပါဘူး၊ ငါ သည်လိုလုပ်လျှင် သည်လိုတွေ့ကြုံရမယ် ခံစားရမယ်ဆိုတာ သိတာပေါ့"

"အေး... အဲလိုသိသိကြီးနဲ့ ဘာလို့လုပ်ရတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမှုန့်စီးအရေးအတွက် သည်လောက် ဒုက္ခကို ခံရမှာပေါ့၊ ငါ ယောက်ျားပဲဟာ၊ ငါ့ တိရစ္ဆာန်လေးတွေကို နှိစ့်နှိစ့် သတ်လာတဲ့ လူပဲ၊ ငါ တိရစ္ဆာန်တွေကို အများကြီးသတ်ခဲ့တယ်၊ အသက်ပေါင်း မြောက်မြားစွာ ငါသတ်ခဲ့ရတယ်၊ အေး...သည့်အတွက် ငါပြန်စဉ်းစား လိုက်တိုင်း အတော်ကြီးကို စိတ်မကောင်းဖြစ်မိတယ် ဆိုပေမင့် ခု ငါ မနှစ်သက်တဲ့ လူသား တစ်ယောက်ကို သတ်ခဲ့တယ်၊ သည်တွက်တော့ ငါ ဝမ်းမနည်းဘူး၊ ဘာလို့လဲဆိုတော့ ငါသတ် လိုက်တဲ့လူသားက လူယုတ်မာ ဖြစ်နေတဲ့အတွက်ပဲ၊ သူ့လိုလူစားကို လူ့လောကကြီးထဲက ထွက်သွားအောင် ငါလုပ်လိုက်နိုင်တဲ့အတွက် ကျေနပ်တယ်ဟာ၊ သည့်တွက် ငါ ဘယ်လိုပဲခံစားရ ခံစားရ ကျေနပ်တယ်၊ ငါ ဝမ်းမနည်းဘူး၊ ငါ စိတ်မကောင်းမဖြစ်ဘူး၊ ငါ စိတ်ချမ်းသာတယ်၊ အေး... မောင်သားသားအတွက် စိတ် မကောင်း ဖြစ်မိတယ်လေ၊ ခုလို နင်က ငါ့ရဲ့ စိတ်ဆန္ဒအလိုကို ဖြည့်ဆည်းပေးမယ်ဆိုတော့ ငါ စိတ်ချမ်းသာတယ်ဟာ"

"အေး... ငါကတော့ စိတ်မချမ်းသာဘူး"

"ဘာလို့လဲ"

"နင် လူသတ်ပြီး ဆက်ပြီး အသက်ရှင်နေထိုင်ခွင့်ရတောင် နင် လူသားဆန်ဆန် နေရမှာမဟုတ်ဘူး၊ ဒါကိုပါ ကြိုသိလို့ ငါ စိတ်မချမ်းသာနိုင်ဘူး"

"ပြောခဲ့ပြီလေ... ငါ ဘာလုပ်ရမလဲ"

"နင် အဖမ်းခံလိုက်"

"ဟ... ငါ ကြိုးစင်တက်ရမပေါ့"

"နင် ယောက်ျား မဟုတ်ဘူးလား"

သည်တွင် ခူးရှိုး တွေဝေသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အား... ငါ ဖြစ်နိုင်ချေကို ပြောလိုက်တာ၊ နို့ပေမင့်လို့ နင် သေချင်တိုင်းလည်း သေလို့မရဘူး။ နင့်ကို သူများကသတ်ချင်တိုင်းလည်း သတ်လို့မရပါဘူးဟာ၊ နင် သေနေ့ သေချိန်ဟာ နင့်ကံကြမ္မာ လမ်းကြောင်းမှာ ရှိပြီးသားပါ၊ လူဆိုတာ မွေးဖွားလာမယ်၊ သေဆုံးရမယ်၊ သည်နှစ်ခုကြားမှာ အသက်ရှင် နေထိုင်ဖို့ အချိန်ကလေးမယ် လူတွေက ကိုယ့်နည်း ကိုယ့်ဟန်နဲ့ နေကြသူချည်းပဲ၊ တစ်ဦးကို တစ်ဦး အချစ်တွေထားနေကြသလို တစ်ဦးကို တစ်ဦး အမုန်းတွေပွားနေကြတယ်၊ သေဆုံးခြင်းဆီကို သွားနေကြတဲ့ အချိန်ကလေးမယ် တချို့က သေဆုံးခြင်းရဲ့တစ်ဖက်ကို ကြိုကြည့်ကြတယ်၊ အချို့က သေလျှင် ပြီးပြီလို့ ပြောကြတယ်"

"ငါ နားမလည်ဘူးဟာ၊ နင် ငါနားလည်အောင် ပြော နင်တွက် ငါဘာလုပ်ပေးရမလဲ"

"အေး...ငါပြောနေတာ နင်တွက်၊ နင်သဘောမပေါက်ဘူး။ သည်တော့ ငါ့တွက်ပဲ သဘောထားလိုက်တော့၊ နင် အဖမ်းခံလိုက်ပါ"

"ဟင်"

"မဟင်နဲ့ လူတစ်ယောက်ရဲ့ မွေးဖွားခြင်း သေဆုံးခြင်း ခရီးက တိုချင် တိုမယ်၊ ရှည်ချင်လည်း ရှည်မယ်၊ တချို့က တိုတိုလေးထင်ပြီး လုပ်ချင်တာတွေ လုပ်နေကြတာချည်းပဲ၊ တချို့က ရှည်တယ်လို့ထင်ပြီး မျှော်လင့်ချက်၊ ရည်ရွယ်ချက်တွေနဲ့ နေကြတယ်လေ၊ မထင်မှတ်ဘဲ နောက်တစ်နေ့မယ် သေဆုံးခြင်းပန်းတိုင် ရောက်လျှင် ရောက်သွားတတ်တာပဲ၊ ဘာပြောပြော ကိုယ်မဖြစ်မနေသွားရမယ့် ခရီးပန်းတိုင်ကို တွေးကြောက်နေလို့ မဖြစ်သလို အမှုမဲ့ အမှတ်မဲ့နေလို့လည်း မဖြစ်ဘူး"

"သည်တော့"

www.burmeseclassic.com



"ဖြစ်လာမှ ဖြစ်ပေါ့ဟာယ်၊ နင် ခုလုပ်လိုက်တဲ့ အပြစ်ကြီးကို ဝန်ခံလိုက်၊ လူ့သားတွေပေးလာမယ့် အပြစ်ဒဏ်ကိုခံလိုက်၊ နင် လုပ်ကြည့်စမ်း။ သည့်တော့မှ သိမှာ၊ နင် လွတ်လပ် ပေါ့ပါးသွားလိမ့်မယ်၊ ဟော…အပြစ်ဒဏ် ခံပြီးတာနဲ့ နင် လွတ်လပ်တဲ့ လူတစ်ယောက် ဖြစ်သွားပြီ၊ နင် အဲလိုလုပ်မယ်ဆိုလျှင် ငါလည်း စိတ်ချမ်းသာရမယ်"

"ဟော"

ခူးရှိုး တွေဝေသွားတော့၏။ မအိုဇာကိုလည်း ရီဝေသော မျက်ဝန်းများဖြင့် ကြည့်နေရင်းမှ ဘာကို စိတ်ကူးမိလိုက်သည်မသိ။ ယောက်ျားကြီးတန်မဲ့ မျက်ရည်တို့ ယိုစီးကျလာတော့၏။ ပြီးတော့မှ—

"အေး… မအိုဇာ ငါ သဘောပေါက်ပြီ၊ ငါ နင် စိတ်ချမ်းသာအောင် လုပ်မယ်"

သို့ဖြင့် ခူးရှိုးတစ်ယောက် သူ့သဘောနှင့်သူ ရဲဌာနတွင် သွားရောက် အဖမ်းခံလေတော့၏။

သို့တွက် မအိုဇာ စိတ်ချမ်းသာရ၏။ သို့ကြောင့်လည်း မအိုဇာသည် ခူးရှိုး စိတ်ချမ်းသာဖို့အတွက် မောင်သားသားကို အကျိုးအကြောင်း ပြောပြ ခေါ်ထားလေ၏။ သို့ပေမင့်လို့…

"မယ်မယ်ကို သားသား ချစ်ပါတယ်၊ မယ်မယ်နဲ့လည်း နေချင်ပါတယ်၊ နို့ပေမင့်လို့ ကျွန်တော့်အဖေကို သတ်လိုက်တဲ့ လူသတ်သမားအတွက် စိတ်ချမ်းသာမှုကိုတော့ဖြင့် ကျွန်တော် ဘယ်လိုနည်းနဲ့မှ လုပ်မပေးနိုင်ဘူး မယ်မယ်ရယ်၊ ဖြစ်နိုင်လျှင် ကျွန်တော်ကိုယ်တိုင် အဖေကို သတ်တဲ့လူကြီးကို သတ်ချင်တာ"

သို့ မောင်သားသားက ပြောချေ၏။

"မဟုတ်ဘူး သားသား…၊ မင်းအဖေကို သူသတ်တာ မဟုတ်ဘူး၊ ခု ငါပြောခဲ့ပြီမဟုတ်လား ဒါဟာ အပြစ်မှုနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မယုံဘူး။ သူကြီးသားက အဖေကိုသတ်တယ် ဆိုတာ ဘယ်သူမြင်လဲ၊ ဘယ်သူသိလဲ၊ ဒါ မယ်မယ်နဲ့ သူ လုပ်ကြံဖန်တီး ပြောတာလို့ ပြောလို့မဖြစ်နိုင်ဘူးလား"

"ဟင်"

မောင်သားသား သူ့ကိုလည်း မယုံပါကလား။ ခူးရှီး ပြောခဲ့တာလည်း ဟုတ်တာပဲ၊ သူ့ကို မောင်သားသားကတောင် မယုံတာ၊ တစ်ချိန်က သူကြီးကလည်း ဘယ်ယုံနိုင်ပါ့မလဲလေ။

"နို့ဖြင့်လည်း မင်းအသိကို ထားလိုက်ပါတော့၊ မယ်မယ်နဲ့ လာနေပါကလား"

"ပြောပြီလေ နေချင်တယ်၊ နို့ပေမင့် မယ်မယ်က အဲဒီလူကြီး စိတ်ချမ်းသာအောင် လုပ်ပေးနေတာလည်း ပါတယ်ဆိုတော့ ကျွန်တော့်ကို ခွင့်လွှတ်ပါ မယ်မယ်ရယ်"

သို့ဆိုလျက် မောင်သားသားသည် ခါးခါးသီးသီး ငြင်းပယ် လေတော့၏။

သို့ပေမင့် မောင်သားသားကို ရွာထဲတွင် မြင်တွေ့ရသည်မှာ စိတ်မကောင်းဖြစ်ရသလို သူ့ကိုယ်သူလည်း တာဝန်မကျေသူ၊ ဘတိမတည်သူတစ်ယောက်လို ခံစားလိုက်ရတော့၏။ ခူးရှီးသိလျှင် ခည်မျှစိတ်ဆင်းရဲရပါလိမ့်မည်နည်း။ သူ့အပေါ်လည်း နားလည်မှု လွဲမှားသွားနိုင်၏။

ကြည့်လေ မောင်သားသား အနေဆင်းရဲ၊ အစား ဆင်းရဲ ဘစ်ကောင်ကြွက်၊ အရောတဝင် မရှိကြ။ သူကြီးနှင့် အသိုင်းအဝိုင်း ဆိုပါလျက် မောင်သားသားကို နှိုင်ထက်ကလူ လုပ်ကြ၏။

သည်တော့...

"သားရယ်... မယ်မယ်ပြောတာ နားထောင်ပါ၊ မယ်မယ်နဲ့ ာနေပါ" လို့ ပြောရပြန်၏။ မောင်သားသား ခေါင်းခါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အာဘာ ရှာဖွေစားတယ်၊ ကျောင်းစရာ နေရာရှိလျှင် ရပြီပေါ့၊ လူတွေအားလုံးက သေရမှာချည်း မဟုတ်လား၊ မသေခင် အချိန်ကလေးမှာ အသက်ရှင်နေထိုင်ဖို့ လုပ်ကြတာပဲမဟုတ်လား။ သည့်အတွက် ကျွန်တော် လုပ်နိုင်တာပဲ"

"သားသားရယ် ... ဒါ မင်းအပြောပါ၊ မင်းအသိပါ၊ မင်း ကြိတ်ခံစားနေရမယ်ဆိုတာ မယ်မယ် သိပါတယ်၊ မင်း ထမင်း တစ်လုပ်အတွက် သူများတွေခိုင်းတာကို ပင်ပင်ပန်းပန်း လုပ်နေ တယ်၊ မင်းလုပ်ရတာနဲ့ စားရတာနဲ့ မတန်ဘူး"

"ဒါက ကျွန်တော့်ဝဋ်ကြွေးလို့ပဲ သတ်မှတ်တယ်"

"ဟင်"

ဘယ်လိုမှပြောမရပါကလား။ သည့်တော့ မဒိုဇာ သားသား အတွက် စဉ်းစားရချေတော့၏။ နို့စို့ဝ သားသားကို ဘယ်လိုနည်းနဲ့ နားလည်လာရန် လုပ်ရမည်လည်းလို့ မဒိုဇာ စဉ်းစား အကြံထုတ် နေဆဲတွင် လူသားချင်း စာနာစိတ်ရှိသည့် ပျဉ်းမကုန်းရွာသူကြီး က မောင်သားသားကို ခေါ်ယူသွားချေ၏။ ဆွေမျိုးနီးစပ်လည်း တော်သည့်ကိုး။

သည့်တွက် သူမ စိတ်ချမ်းသာရ၏ ဆိုပေမင့် သူ့မျက်စိ အောက်တွင် ကိုယ်တိုင် စောင့်ရှောက်ခွင့် မရတော့လေသဖြင့် ချစ်ဦးအတွက် သူမ တာဝန်မကျေ ဖြစ်ရတော့၏။

သို့ပေမင့်လို့ အင်ပင်ကုန်းရွာတွင် တစ်ကောင်ကြွက် မောင်သားသားကို ပိုင်းနိုပ်စက်၊ နိုင်ထက်ကလူ လုပ်ခံရခြင်းထက် သာလျှင် တော်သေး၏ဟု တွက်မိသည်ကြောင့် သူမ အနည်းငယ် တော့ဖြင့် စိတ်အေးရပေ၏။

သို့ပေမင့်လို့ မကြာလောက်သော အချိန်ကလေးတွင် မောင်သားသား အင်ပင်ကုန်းသို့ ပြန်ရောက်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ယာလေးကို မစွန့်လွှတ်နိုင်ခြင်းသာဖြစ်၏။

"ဒါ ပျဉ်းမကုန်းမှာ နေရတာ သိပ်အဆင်ပြေတာပေါ့ဟာ၊ နီးပေမင့်လို့ ဒါ နှင့်ကို အရမ်းသတိရနေတယ်" လို့ မောင်သားသားက သမီးဖြစ်သူ မသူဇာကို ပြောလာသည်ကို ကြားလိုက်သည်နှင့် မအိုဇာ လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရတော့၏။

မောင်သားသားကို ခေါ်ထားနိုင်မည့် အခွင့်အလမ်း တွေမြင်လိုက်ရသောကြောင့် ဖြစ်ချေတော့၏။

သို့ကြောင့်...

"သမီး မောင်သားသားနဲ့ ဆက်ဆံရေးက ဘယ်လိုတုန်း"

သို့ဆိုသလို အစ်အောက် မေးလိုက်၏။

သူမအမြင် မောင်သားသားတစ်ယောက် သမီးဖြစ်သူနှင့် တပူးတွဲတွဲရှိနေခြင်း၊ အပြုံတမ်း မျက်နှာထားတည်တည်၊ သို့တည်း မဟုတ် ရှုပုတ်နေတတ်သည့် မောင်သားသား တစ်ယောက် သမီးနှင့် ယှဉ်တွဲတွေ့လိုက်ပါလျှင် မောင်သားသားမှ ဟုတ်ပါလေစ ဟု ထင်ရသည့် အမူအရာ မျက်နှာပေါက် ပြောင်းသွားသောကြောင့် မရိုးသားတော့ချေပြီ ထင်၍ မေးလိုက်ခြင်းဖြစ်၏။

သည်တော့ သမီးဖြစ်သူ မျက်နှာပျက်သွား၏။ မည်သို့ ပြောရမှန်း မသိသောပုံ ဖြစ်ချေ၏။ သူမသည် ငယ်ရာမှ ကြီးလာသူ ဖြစ်ခြင်းကြောင့် တွက်လိုက်မိပြီ ဖြစ်တော့၏။

"သမီး မှန်မှန်ပြောချေနော်၊ မယ်မယ့်ကို မလိမ်နဲ့"

သို့ ခပ်တည်တည်နှင့် မေးလိုက်ပြန်၏။ သည်တွင်...

"မယ်မယ့်ကို သမီး မလိမ်ဝံ့ မညာဝံ့ပါဘူး။ နို့ကြောင့် သမီး အမှန်ပြောမယ်နော်၊ မယ်မယ် ယုံမလား"

"သမီးကို မယ်မယ် ယုံပါတယ်"

"သားသား သမီးကို ချစ်ရေးဆိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သည့်တော့ သမီးသဘောက"

သို့ ဆိုလိုက်ပြန်တော့ မသူဇာတစ်ယောက် မအိုဇာကို တွေဝေကြည့်နေရျှာတော့၏။

ပြောလာမည့် စကားအတွက် ခွန်အားစုစည်းနေပုံဖြစ်ရျှာ၏။

"ပြောပါ ပွင့်ပွင့်လင်းလင်းပြော။ ဟုတ်ပလား။ မယ်မယ် ဆုံးဖြတ်ချက် မမှားစေရဘူး"

သို့ မအိုဇာက လမ်းကြောင်း ပေးလိုက်လေတော့မှ...

"သမီး သားသားကို..."

လို့သာ ပြောပြီး ငွန့်အနေရျှာတော့သဖြင့်–

"ပြောလေ ဘာဖြစ်တုန်း။ ငြင်းလိုက်တာလား"

သို့ဆိုတော့ မသူဇာသည် မအိုဇာကို ခေါင်းလေးငုံ့နေရာမှ မျက်ခွံကိုပင့် လှည့်ကြည့်လာရျှာပြီး–

"သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့ မယ်မယ်ရယ်"

လို့ တုန်ယင်စွာဖြင့် ပြောလာလေ၏။

သည့်တွင် မအိုဇာသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေပြီး...

"ဟား ဟင်း ဟင်း ဟား ဟား ဟား ဟား ဟင်း ဟင်း"

"သမီး သားသားကို တကယ် ချစ်မြတ်နိုးသလား"

"အင်း"

ခေါင်းလေး ငုံ့နေသည့်ကြားမှ မပွင့်တပွင့် ဖြေလေ၏။

"မယ်မယ်ကို ကြည့်ပါဦး"

သို့ဆိုတော့ မသူဇာသည် ခေါင်းမော့လာရျှာ၏။

မအိုဇာက ပြုံးပြလိုက်၏။

မသူဇာကို စိုးရိမ်စိတ် ပြေပျောက်ပေးလိုက်ခြင်း ဖြစ်၏။

"သမီးကို မယ်မယ် ပြောမယ်၊ သေချာ နားထောင်၊ ဦးတော့မှ ဆုံးဖြတ်ချက်ချ ပြန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"မောင်သားသားရဲ့ အခြေအနေကို မယ်မယ် အနီးကပ် လေ့လာမယ်"

"ဟုတ်"

သည်တော့...

"သူ့ကို အိမ်မှာခေါ်ထားမယ်"

"ရှင်"

"နှမပေမင့်လို့ သမီးတို့ တစ်ယောက်နှင့်တစ်ယောက် မောင်နှမ လို နေရမယ်၊ လက်ပွန်းတတီး မနေရဘူး။ အေး... မယ်မယ် စိတ်တိုင်းကျဖြစ်လျှင် လက်ထပ်ပေးမယ်"

"ဟင်"

မသူဇာ တစ်ယောက် လွန်မင်းစွာ အံ့သြသွားတော့၏။ မအိုဇာကိုလည်း နားမလည်နိုင်စွာ ကြည့်နေလိုက်တော့၏။

"ဖြေပါဦး မောင်သားသားက မယ်မယ်ရဲ့ အစီအစဉ်ကို လက်ခံနိုင်ပါ့မလား"

"ဘာလို့ ပဖြစ်နိုင်ရမှာလဲ ဒေါ်လေးရယ်"

"ဟင်"

သည်တစ်ခါ အံ့သြမိသည်က မအိုဇာ ဖြစ်လေ၏။ ဘယ် အချိန်က သူတို့နောက် ရောက်နေသည်မသိချေ။ သူမနှင့် မသူဇာ ပြောဆိုနေကြသည်ကို အားလုံးကြားသိပြီး ဖြစ်ပေရော့မည်။

"နို့ဖြင့် မင်း ငါတို့သားအမိပြောတာ အားလုံးကြားပြီးဖြစ်ပေ့"

"ဟုတ်ကဲ့ပါ တစ်မျိုးတော့ မထင်ပါနဲ့ ဒေါ်လေးတို့တွက် ဟင်းစားလာပေးရင်း ကြုံကြိုက်သွားတာပါ၊ ကျွန်တော့်နာမည် ပါနေလေတော့ ဘာများပါလိမ့် သိလိုတာကြောင့် အသံမပေးဘဲ နားထောင်နေမိလို့ အားလုံးသိပြီးဖြစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ... အတွေ့အထူး သမီးနဲ့ စကားပြောနိုင်းစရာ မလိုတော့ပြီပေါ့၊ နို့...ပြောဦးမယ်၊ မင်း ငါတို့နဲ့ အတူတူလာနေနိုင်ပြီလား"

"အင်း"

သို့ဆိုတော့ မဒိုဇာတစ်ယောက် သူမဆန္ဒ ပြည့်သွားရချေတော့၏။

သည့်နောက် မောင်သားသား အိမ်သို့ ရွှေ့လာချေတော့၏။

ဝတ်ဝန်းကျင်ကတော့ ထုံးစံအတိုင်း ကဲ့ရဲ့နေကြ၏။ တီးတိုးပြောကြ၏။

နောက်ဆုံးမတော့ သူ့အိုးနဲ့ သူ့ဆန် တန်ရှုပေါ့တဲ့။

ထားပါတော့...

"သူတို့တွေကို မဒိုဇာက ဂရုမစိုက်အား။ မည်သို့ဖြင့် ပြောကြ မြင်ကြချေ မဒိုဇာက ဆောရီး။

သူမဆန္ဒ အလိုလိုပြည့်ဝလေပြီ ပြောရချိမ့်မည်။

ခူးရှီးကို ပေးထားသည့်ကတိ အကောင်အထည်ဖော်နိုင်ခဲ့ပြီ။ သို့ဆိုတော့...

"မောင်သားသား မင်း သမီးကို လက်ထပ်ဖို့ မေ့တ္တာရှိတာလား"

"ဟုတ်တယ်"

"သည်တော့ မင်း သမီး စိတ်ချမ်းသာအောင်တော့နေပေါ့"

"ဟုတ်ကဲ့ပါ"

"သည်တော့ မင်း သည်ကနေ့ကစပြီး ဟိုလူခေါ်နိုင်း၊ သည်လူခေါ်နိုင်း သွားလုပ်စရာ မလိုတော့ဘူး"

"ဗျာ... နို့ဖြင့် ကျွန်တော်ရဲ့ စားဝတ်နေရေး"

"ငါ ရှာကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဗျာ၊ ကျွန်တော်က ယောကျ်ားသားဖြစ်ပြီး ထိုင်စားလို့ ဖြစ်ပါ့မလား၊ အလုပ် လုပ်မှ ကောင်းတော့မပေါ့၊ နို့မှ စားဝတ်နေရေးအတွက် ပြေလည်စေမယ့် ငွေရမပေါ့"

"အေး... မင်းလုပ်အားခနဲ့ ရတဲ့ငွေ မျှမျှတတရှိလို့လား"

သို့ မဒိုဇာက မေးလိုက်၏။

"ဒါက လူတို့အပိုင်းလေ"

"မဟုတ်သေးဘူး၊ မင်းကို အဲဒါ သက်သက်နှိမ်ကြတာ၊ နိုင်ထက်ကလူ လုပ်ကြတာ၊ မင်း ပင်ပင်ပန်းပန်းလုပ်ပြီး မစို့မပို့ ငွေလေးကို ငါတို့ မလိုချင်ဘူး"

"ကျွန်တော်မှ ထိုင်မစားချင်တာ"

"နို့... အလုပ်လုပ်ပေါ့"

"ကျွန်တော်လုပ်ပါ့မယ်ဆိုတော့ ဒေါ်လေးကပဲ မလုပ်နဲ့ဆို"

"အို... ဒါက မင်းကို မတန်တစ နိုင်။ မစို့မပို့လေးပေးကြမယ့် ငွေကို ရမယ့်အလုပ်မျိုး မလုပ်နိုင်းတာ"

"နို့ဖြင့် ဘာလုပ်ရမလဲ"

"မင်း ယောကျ်ားမဟုတ်လား"

"ဟုတ်တယ်လေ"

"အမဲလိုက်ချေ"

"ဗျာ"

"မင်း ငါနဲ့ အမဲလိုက်ရမယ်"

"မင်း ငါ့ကို ‌ေးကြောင် မကြည့်နဲ့၊ ငါနဲ့ မင်းတို့အဖေရယ် ခူးရှီးရယ် တူတူအမဲလိုက်ခဲ့ကြတာလေ၊ မင်းလည်း သိပါတယ် သည်ရွာမှာ ရဲသုံးဖော်လို့တောင် ဆိုစမှတ်ပြုကြတာ"

"သိတယ်...နို့ပေမင့် အဖေက ကျွန်တော့်ကို အမဲလိုက် စေချင်ဘူး။ အမဲလိုက်ပညာ သင်မပေးခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း...ဟွန်း...ဒါ ဘာခက်တာမှတ်လို့ ငါသင်ပေးမယ်"

သို့ဖြင့် မောင်သားသား တစ်ယောက် မဒိုဇာနှင့်တွဲလို့ အမဲလိုက်ပညာ သင်ယူချေ၏။ အမဲလိုက်အလုပ်ကို စိတ်ဝင်တစား ဖြစ်လာချေ၏။

သည်သို့ဖြင့် မဒိုဇာ မောင်သားသားနှင့် မသူဇာတို့ ဘဝ သည် သာယာစိုပြေလာချေ၏။

မဒိုဇာ ငွေလည်း စိတ်ညစ်စရာမရှိ။

မောင်သားသားတွက်လည်း စိတ်ညစ်စရာမရှိ။

မသူဇာတွက်လည်း စိတ်ညစ်စရာမရှိ။ အားလုံး ပြုံးပျော်လို့ နေကြချေ၏။ သို့ရှိစဉ်

မောင်သားသား မသူဇာအတွက် စိတ်ညစ်စရာ ဖန်တီးလာ ရတော့၏။ ထိုသည်က အဓိကဇာတ်ကောင်မောင်ဟန်ဖြစ်ချေသည်။

မောင်ဟန်လည်း မသူဇာကို ကြိတ်ပိုးပန်းနေသူဖြစ်၏။

သူ့ကိုယ်သူ အထင်ကြီးနေသူ ဖြစ်၏။

မောင်သားသားနှင့် သူ ယှဉ်လျှင် သူသာသည်ဟု တွက် ချေ၏။ မသူဇာ တစ်ယောက် မသိနားမလည်သူမို့ မောင်သား သား၏ အချစ်ကို လက်ခံခဲ့ခြင်းဟု သတ်မှတ်လိုက်၏။

သည်မက မသူဇာကို...

"နှင့်နှယ်ဟယ် သည်ကောင်မျိုးနှင့် အဖက်လုပ်လို့၊ သည် ကောင် တစ်ရွာလုံးရဲ့ နိုင်းဖတ်၊ သူ့ဝင်ငွေက ဘာရှိတာမှတ်လို့၊ တစ်ရွာလုံးလှည့် ပင်ပင်ပန်းပန်းလုပ်၊ လူတကာရဲ့ အဆိုအဟောက် ခံပြီး ကျွေးတာပဲစားပြီး ဘဝကို ရှုန်းကန် လုပ်ရတဲ့ကောင်ကို နင်ယူလျှင် နင် လူဖြစ်ရှုံးပြီး သည်မယ် မသူဇာ နင် ငါ့ကို ဆက်ထပ်ယူပါလား။ ငါ နင့်ကို မယားမှတ်မှတ် သားမှတ်မှတ် ဆင်းသင်းပါ့မယ်၊ ငါ့အတွက် ငွေဆိုတာ ပင်ပင်ပန်းပန်း ရှာစရာမလို ဘူးလေ၊ နင် အသိဆုံးပဲ၊ နင်တို့တစ်ရွာလုံးလည်း သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုတော့ မသူဇာက ပြုံးစေ့စေ့လုပ်ပြီး–

"သားသားက သူလုပ်အားနဲ့ သူ ရိုးသား ကြိုးစားရှာတာ၊ လူတွေကသာ သူ့လုပ်အားကို မတရား ချိုးနှိမ် ငွေပေးကြတာ၊ အေး...နို့ပေမင့်လို့ သူရတဲ့ငွေက သန့်ရှင်း တယ်၊ နင့်ဝင်ငွေက သူရတာထက် အဆမတန်များတယ်ဆိုတာ ငါသိတယ်၊ နို့ပေမင့်လို့ သည်ငွေတွေက သန့်ရှင်းရဲ့လား။ သူများ မသထာရေစာ ပေးထားတဲ့ ငွေတွေ၊ သူများ မျက်ရည်ပေါက်ကြီးငယ် ကျပြီးမှရတဲ့ငွေ၊ ငါ စိတ်မဝင်စားဘူး"

လို့ မသူဇာက ပွင့်ပွင့်လင်းလင်း ပြောလေ၏။ သည်တွင် မောင်ဟာန် တစ်ယောက် မခံချိမခံသာ ဖြစ်ရချေ၏။

"ငါ နင့်ကို ချစ်တယ် ဆိုလျက် မသူဇာလက်ကို လှမ်းဆွဲ လိုက်လေ၏။ မသူဇာက ရုန်းကန်လေ၏။

သည်ကိစ္စကို မောင်သားသား သိသွား၏။

မခံမရပ်နိုင် ဖြစ်တော့၏။

"တောက်... သည်ကောင် ဂျပု ကြီးကျယ်လို့"

သားသား ဒေါသူပုန် ထ,ရချေတော့၏။ လုံ့ဆွဲလေတော့၏။

"သားသား... မင်း အဲလိုမလုပ်ပါနဲ့"

မဒိုဇာ သိသွားသည်ကြောင့် သို့နှယ် တားလေ၏။

"မင်း စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့"

"မသူဇာက သူ့ကို ငြင်းပယ်နေတာပဲ"

"ဟုတ်ပါတယ်... သည်ကောင်က စော်စော်ကားကား မသူဇာ လက်ကို ဆွဲတယ်ဆိုတော့"

"ထားလိုက်ပါ၊ နောက်တစ်ကြိမ် လုပ်လာလျှင် ဒေါ်လေး ကိုယ်တိုင် ဆုံးမမယ်"

"သူနာခံဖို့ ဝေးသေး"



www.burmeseclassic.com

www.burmeseclassic.com



"သူကြီးကို တိုင်မယ်"

"သူကြီးနဲ့ သူက ပုလဲနံ့ပသင့်ပြီးသား"

သို့လည်း ဟုတ်ပေသည်။ သို့ မအိုဇာ သိပေမင့် ကလေးတွေ စိတ်ချမ်းသာအောင်တော့ဖြင့် သူ လုပ်ရပေမည်။

"သူကြီးနဲ့ဘယ်လိုပဲ ပုလဲနံ့ပသင့်သင့် ဒေါ်လေးဂရုမစိုက်ဘူး"

"ဒေါ်လေး အသာနေပါ၊ ကျွန်တော် သူ့ကို ယောက်ျားချင်း ရှင်းလို့ ဖြစ်ပါတယ်"

"ဒါ ဒေါ်လေးသိသားပဲ၊ နို့ပေမင့်လို့ ဒေါ်လေးဖြစ်ချင်တာ မင်းတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြဖို့ပဲ"

"ခုကော ဘာဖြစ်နေလို့တုန်း။ ကျွန်တော်တို့နှစ်ယောက် ချစ်ချစ်ခင်ခင်ပဲ၊ သည့်ကိစ္စနဲ့ ပက်သက်လို့ မသူဇာကို ကျွန်တော် ယုံတယ်၊ မသူဇာကလည်း မဖုံးမကွယ် ပြောပြတယ်၊ ကျွန်တော် ဒေါကန်နေတာ မောင်ဟန်ပဲ"

"ဒေါ်လေးကလည်း အဲဒါပြောတာလေ၊ မင်း ဒေါသ အလျောက် မောင်ဟန်ကို လုပ်လိုက်လို့ လက်လွန်ခြေလွန် ဖြစ်သွားလျှင် မင်း ခူးရှီးလို ဖြစ်သွားတော့မပေါ့"

ခူးရှီး ခုိသည့်အသံကြားသဖြင့် မောင်သားသား မျက်စိမျက်နှာ ပျက်သွားတော့၏။

"ဒေါ်လေးလည်း သည်လူ့အကြောင်း မပြောစမ်းပါနဲ့၊ ကျွန်တော့်အဖေကို သတ်တဲ့သူ၊ လူယုတ်မာ... သူငယ်ချင်း အချင်းချင်း သစ္စာမရှိဘူး"

"မင်းမှားနေပြီ သားသား၊ ဒေါ်လေးလည်း အမြဲ ပြောပြ ရှင်းပြနေတာပဲ၊ ခုထိ မင်း လက်မခံနိုင်ဘူးလား။ အေးလေ ထားတော့... ငါ နောင် သည်နာမည် မင်းရှေ့ ဘယ်တော့မှ မပြောတော့ဘူး၊ နို့ပေမင့်လို့ မင်းကလည်း ငါ့ကို တစ်ခုကတိပေး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောကြည့်လေ"

"မောင်ဟန်နဲ့ ပတ်သက်လို့ မင်းတို့ မေ့မေ့ ပျောက်ပျောက် ထားလိုက်ချေ"

"အင်း"

သို့ဆိုသလို သားသား မေ့မေ့ပျောက်ပျောက် ထားလိုက်၏။ မသူဇာလည်း သို့နှယ်ပင်။ တော်သေးသည်မှာ မောင်ဟန်သည် အင်ပင်ကုန်းရွာသား မဟုတ်လေခြင်းကြောင့်ပင်။

မောင်ဟန် မဟာန်မုန်းသိ၍ထင့် အင်ပင်ကုန်းရွာသို့ အတော်နှင့် ရောက်မလာပါတော့ချေ။ အတော်ကြာပြီပဲ၊ သူ့ဆရာသိန်းလွင်သည်လည်း ရွာသို့ လာရောက်ခြင်းမရှိချေ။ အင်ပင်ကုန်းရွာတွင် သိန်းလွင် အလုပ်တာဝန်မှ မရှိတော့လေတာချည်း။ သို့ကြောင့် မောင်ဟန်သည်လည်း အလာကျဲလေခြင်းဖြစ်၏။ သိန်းလွင် ရွာတွင် တာဝန်ရှိစဉ်ကဆိုလျှင် မောင်ဟန် နို့စို့ဝလိုလို ရောက်လာတတ်၏။

သစ်ခုတ် ဝါးခုတ်သမားတို့ထံမှ မသတာရေစာကို တောင်းယူတတ်၏။ သိန်းလွင် တာဝန်မရှိပေမင့် မောင်ဟန် ကတော့ သိန်းလွင် အရှိန်နှင့် သစ်ခုတ်ဝါးခုတ် သမားတို့ကို ခြိမ်းခြောက်လို့နေဆဲဖြစ်၏။ သို့ပေမင့်လို့ တစ်ရံတစ်ခါသာလျှင် ဖြစ်၏။

သည်တော့ မောင်သားသားနှင့် မသူဇာ စိတ်ချမ်းသာရ၏။

မောင်ဟန်ကို မေ့မေ့ပျောက်ပျောက် ဖြစ်လို့ပင်နေကြချေ၏။ သို့ရှိစဉ် လွန်ခဲ့သော သုံးရက်လောက်က မောင်ဟန် ရွာသို့ ပြန်ရောက်လာတော့၏။

သူ့ချည်းတော့ မဟုတ်။ မုဆိုးကြီးနှစ်ယောက်အား လမ်းပြ အဖြစ် ခေါ်လာခြင်း ဖြစ်ချေ၏။

အရင်းစစ် အရင်းမှန် သိလိုက်ရသည်ကား ရွှာခံမုဆိုး ထောင်ကျကြီး ခွေးရှိုးကြောင့် ဖြစ်ချေ၏။

www.burmeseclassic.com



ခူးရှိးကြောင့် မုဆိုးကြီးနှစ်ယောက်လည်း မောင်သားသား ကို လာရောက် တွေ့ဆုံကြခြင်း ဖြစ်၏။

သို့ကြောင့် မောင်သားသား တစ်ယောက် တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်ရတော့သည်။

ခူးရှိးဆိုသည့် လူကြီးကိုလည်း ပို၍မုန်းတီးသွားတော့၏။

သူ့ကြောင့် မောင်ဟန်တစ်ယောက် ရွာသို့ ပြန်ဝင်လာခြင်း ဖြစ်၏။ သည်ကြား...

မောင်ဟန်သည် တစ်ညနေတွင် ရွာချောင်း၌ မသူဇာနှင့် ဆုံတွေ့သည်တွင် ဆွဲလားရမ်းလား ဖြစ်လာပြန်၏။

"တောက်"

မောင်သားသား သည်းမခံနိုင်ချေပြီ။ သို့ကြောင့် လုံရှည်ကို ဆွဲ၍ မောင်ဟန်ကို လိုက်ရှာလေ၏။

"မယ်မယ် လုပ်ပါဦး" ရယ်လို့ မသူဇာက ဆိုလေတော့ ဒေဝီဇာတစ်ယောက် အူယားဖားလျား ပြေးလိုက်သွားချေတော့၏။

မဒေဝီဇာ မောင်သားသားကို ခြေရာခံရလိုက်သည့် အချိန်တွင် မှောင်စပျိုးချေပြီ။

လူသူ အဆက်ဖြတ်သော တောစပ် တစ်နေရာတွင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟန့်တစ်ယောက် နေ့လယ်ခင်းက တောတွင်းဝင်သွား၏။ စဉ့်အိုးချောင်းတွင် လွှဆွဲနေကြသည်ဟု သတင်း ရ၍ဖြစ်၏။

ကျိုးကန်းတို့ သစ်လွှသမားများ ဖြစ်ကြ၏။

ကျိုးကန်းနှင့် သူ ရင်းနှီးပြီးဖြစ်၏။ သိန်းလွင်နှင့် ပတ်သက်၍ ရင်းနှီးခဲ့သည်ဆိုငြား မောင်ဟန်က သိန်းလွင်ကို ကွက်ကျော်လုပ်၍ ကျိုးကန်းတို့ထံမှ ငွေကို တောင်းနေခြင်း ဖြစ်၏။ ကျိုးကန်းတို့ကလည်း ပေးသင့်ပေးထိုက်သည့်ငွေကို မပေးရလေခြင်းကြောင့် သတင်းပေး မောင်ဟန်ကို မုန့်ဖိုးပဲဖိုးပေး၍ စည်းရုံးထားခြင်းကြောင့် မောင်ဟန် သည် အင်ပင်ကုန်း ရွာသို့ ပြန်ရောက်လာသခိုက် ကျိုးကန်းတို့ထံမှ ငွေတောင်းရန် မုဆိုးကြီးနှစ်ယောက် အလစ်တွင် ထွက်ခဲ့လေခြင်း ဖြစ်၏။

"မောင်ဟန်ရယ် မင်းဆရာ သည်ရွာမှာ တာဝန်မှ မရှိတော့တာ"

"ဟုတ်တယ်၊ နောက်တာဝန်ကျတဲ့သူကလည်း ငါ့ကိုပဲ တာဝန်ဆက်ပေးတာ"

သို့ဆိုကာ ကျိုးကန်းတို့သည် မောင်ဟန်ကို နဂို ဆက်ဆံသေ သည့်အတိုင်း မုန့်ဖိုး ပဲဖိုးလေး ပေးလိုက်ချေ၏။

မည်သို့ပင်ဖြစ်စေ မောင်ဟန်အတွက် ရသမျှအမြတ်ချည်း မဟုတ်ပါကလား။ မောင်ဟန်သည် ရလာသော ငွေတို့ကြောင့်

www.burmeseclassic.com



ပိတ်ပြဖြစ်နေသည်နှင့် ပတ်ဝန်းကျင်ကို သတိမထားမိချေ။ စိတ်လွတ် ကိုယ်လွတ် လျှောက်လာလေခြင်း ဖြစ်၏။

ကျိုးကန်းတို့ တိုက်လိုက်သော အရက်ရှိန်လေးကလည်း ရှိဆိုတော့ ဟန်ကျလို့ဖြစ်ချေ၏။

သို့ဖြင့် ရွာကို လှမ်းမြင်ရသည့် တောစပ်သို့ ရောက်သည် တွင် မမျှော်လင့်ဘဲ မောင်သားသားနှင့် တွေ့လိုက်ချေတော့၏။

မောင်သားသား လက်ထဲတွင် လုံရှည်နှင့်ပါကလား။ မောင်သားသားရဲ့ သူ့အပေါ်အကြည့်က မှုမမှန်ဟု ထင်လိုက်၏။

သို့ကြောင့်...

"သားသား ဘာလဲ မင်း ငါ့ကို ဒါကြီးနဲ့ထိုးမယ်ပေါ့"

လို့ လှောင်ပြုံး ပြုံး၍ မေးလိုက်၏။

"ဟုတ်တယ်"

မောင်သားသားကလည်း ပြတ်သားသည်။ သို့သာပြောပြီး သူ့လက်တွင်းရှိ လုံရှည်ဖြင့် ရုတ်ခြည်း လှမ်းထိုး လိုက်ချေ၏။

"ဟာ"

မောင်သားသား တွက်ထားသလို ဖြစ်မလာ။ မောင်ဟန် သည် လူပုသော်လည်း လျင်မြန် ဖျတ်လတ်လွန်းချေ၏။

ကြိုတင် တွက်ဆထားပြီး ဖြစ်ချိမ့်မည်။

မောင်ဟန်သည် လူသာပုသည်၊ အသတ်အပုတ် ကျွမ်းကျင် ပုံရ၏။

အရက်ကလေးကလည်း သောက်ထားတော့ သွေးဆူနေ သည်ဆိုတော့ မောင်သားသားသည် မှုခိုးဘဝကနေ သားကောင် ဘဝ ဖြစ်ရတော့မည့်ကိန်းပင်။

ဘယ်လိုကဘယ်လို မောင်သားသားလက်တွင်းမှ လုံရှည် သည် မောင်ဟန်လက်တွင်း ရောက်သွားလေသည် မသိချေ။

www.burmeseclassic.com



တကယ်တော့ မောင်သားသားသည် လူပျော့လူညံ့ဟု ဆိုရပေမည်။ တိုက်ခိုက် သတ်ပုတ်ခြင်း အတတ်ပညာ လုံးဝရှိသူ မဟုတ်။ သိသူမဟုတ်။ သို့ကိစ္စတွင်မတော့ ပျော့ညံ့လွန်းလှ၏။

သည်တော့ မောင်သားသား မြေပြင် ပက်လက်လန် လဲသွားရ၏။

မောင်ဟန်က အရက်ရှိန်လေးကြောင့် သွေးဆူနေသည် လည်း ဖြစ်၏။ သူ့လက်တွင်းရှိ လှံရှည်ဖြင့် မောင်သားသားကို ထိုးလိုက်ချေတော့၏။

"အား"

မောင်သားသား အံ့ဩသွားရတော့၏။

သူ့ကို လှံရှည်ဖြင့်ရွယ်ထိုးလာသော မောင်ဟန် တစ်ယောက် ဘယ်လိုကြောင့် ရုတ်ခြည်း လဲကျသွားပါလိမ့်။

သူ့ကိုယ်ပေါ်သို့ပါ ကျလာသည့် မောင်ဟန်၏ ကိုယ်လုံး ကြီးကို အချိန်မီ ရှောင်တိမ်းလိုက်နိုင်၏။

"ဟင်"

မောင်ဟန်၏ ကျောပြင်တွင် လှံရှည်တစ်ချောင်း စိုက်ဝင် လို့ ပါကလား။ သို့ကြောင့် မောင်သားသားသည် လဲပြိုနေရာမှ ကပျာကသီ ထလိုက်၏။

မောင်ဟန်ကို လှံရှည်ဖြင့် ဘယ်သူ ထိုးလိုက်တာပါလိမ့်။

အလိုလေးဗျာ... ဒေါ်လေးပါကလား။

မသူဇာ့မယ်မယ် ဒေါ်အိုဇာပါကလား။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မအိုဇာ ပြောပြလေသည့် ဇာတ်လမ်းကို နားထောင်လိုက်ကြပြီးသည်နှင့် လွန်မင်းစွာ စိတ်မကောင်း ဖြစ်သွားရချေတော့သည်။

သို့ကြောင့် မအိုဇာကို စေ့စေ့ကြည့်လိုက်ကြတော့၏။ မအိုဇာက ကျွန်တော်တို့ကို ပြုံးပြလာချေ၏။

ဟန်ဆောင် အပြုံးတော့ဖြင့် မဟုတ်ပါချေ။

ပြီးတော့...

"တစ်ခုတော့ တောင်းဆိုချင်တယ်" လို့ ပြောလာလေတော့၏။

"ပြောကြည့်လေ"

"ခူးရှိုးက မောင်သားသားအပေ မောင်သီးကို မသတ်ဘူး ဆိုတာ တော်တို့ ယုံကြည်လိုက်စမ်းပါ"

"ယုံပါတယ်ဗျာ"

"နို့ဖြင့် မောင်သားသားကို နားလည်အောင် ပြောပေးပါ"

အလိုလေးဗျာ... ဘယ်လိုကြောင့် မအိုဇာတစ်ယောက် [illegible]နှင့်ပတ်သက်၍ ယင်းကိစ္စကို ရေးကြီးခွင်ကျယ်လုပ် မောင်

www.burmeseclassic.com

www.burmeseclassic.com



သားသားကို ပြောနေရပါလိမ့် မစဉ်းစားတတ်အောင်ပါပဲကလား။ အကြောင်းတော့ ရှိရပေမည်။

သို့ကြောင့်...

"မအိုဇာ မလဲ ကျွန်တော်တို့ကိုကော မောင်သားသား ကိုကော ဖုံးကွယ်ထားတာ ရှိကို ရှိရလိမ့်မယ်"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

သည်တွင် မအိုဇာက ယဲ့ယဲ့ပြုံးလိုက်လေပြီး–

"ကျုပ်ကို ခူးရှီးကော မောင်သီးပါ မေတ္တာရှိနေကြတာ၊ သည်တော့ ကျုပ်ကလည်း ဘယ်သူ့ရွေးရမှန်းမသိ ဖြစ်နေတယ်၊ ဒါကို မောင်သီးက သိတော့ သူက အနစ်နာခံပြီး တစ်ရွာသူကို ရုတ်ခြည်းကောက်ယူလိုက်တယ်၊ ဒါကို ကျုပ်နဲ့ ခူးရှီးက သိပြန်တော့ မောင်သီးအတွက် စိတ်မကောင်းဖြစ်ရတယ်၊ ကျုပ်နဲ့ မောင်သီး ပျော်ရွှင်စေဖို့အတွက် သူ့ဘဝကို သူ့စိတ်ကြိုက်မဟုတ်ဘဲ ဖန်တီး လိုက်တာလေ၊ သူ့အိမ်ထောင်နဲ့ သူ ကလေးတစ်ယောက်ရခဲ့တယ် မောင်သားသားပေါ့။ မောင်သီး ကံဆိုးရှာတယ်၊ သူ့မိန်းမ သေသွားတယ်၊ ကလေးနဲ့ ရွာပြန်လာတယ်၊ ကျုပ်တို့နဲ့ အလျင်ကလို ပျော်ပျော်ရွှင်ရွှင် တပူးတွဲတွဲ ပြန်နေကြတယ်၊

သူ့သားဟာ ကျုပ်တို့သားပဲပေါ့။ အဲဒီအချိန်မှာ ကံကြမ္မာက တစ်မျိုးဖန်တီးလာပြန်တယ်၊ သူကြီးသားရဲ့ ယုတ်မာမှုကြောင့် မောင်သီး သေခဲ့ရတယ်၊ ခူးရှီး ထောင်ကျခဲ့ရတယ်၊ သည်တော့ လူ့လောကကြီးအတွင်းမှာ မောင်သားသား မျက်နှာငယ်ခဲ့ရတယ်၊ နို့ကြောင့် ကျုပ်နဲ့ ခူးရှီးက စိတ်မကောင်း ဖြစ်ခဲ့ကြရပြန်တယ်၊

ခူးရှီးက ကျုပ်ထက် ဆိုးတာပေါ့၊ ဘာလို့လဲဆိုတော့ မောင်သားသားက သူ့ကို အထင်လွဲခဲ့တယ်လေ၊ နို့မောင့်လို့ သူ

www.burmeseclassic.com



မောင်သားသားအပေါ် စိတ်မကွက်ခဲ့ဘူး။ ကျုပ်ကို တာဝန်ဆက်ယူကြတယ်၊ ခု အဆင်ပြေပြီပေါ့၊ အဲဒီအချိန်မယ် မောင်ပာနိက ပေါ်လာပြန်တယ်၊ မောင်သားသားတို့ ဘဝကို ဖျက်ဆီးဖို့ပေါ့။ နို့ကြောင့် ကျုပ် သည်ကလေး နှစ်ယောက်အတွက် မောင်ပာနိကို လူ့လောကကြီးကနေ အပြီးထုတ်ပစ်လိုက်ရတယ်၊ ကဲ... ကျုပ်ကို ပေးချင်တဲ့အပြစ်ပေးချေတော့၊ ကျုပ် ကျေနပ်တယ်၊ မောင်သားသား နဲ့ သမီးလေး မသူဇာကို ဘယ်သူမှ စိတ်ညစ်အောင် လုပ်ကြမယ် မဟုတ်ပါဘူး။ သည်တွက် ကျုပ် ဝမ်းသာတယ်တော်"

စာဖတ်ပရိသတ်အား

လေးစား

ကြိုးစားလျက်

ကိုပိုက်

၂၉-၁၁-၂၀၀၆



www.burmeseclassic.com